

နှင်းဇာခင်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ------------- ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး -- ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ------ ဒို့အရေး

---

သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်
တိုင်းရင်းသားအချင်းချင်း
လေးစားပါ၊ ချစ်ခင်ပါ၊ တန်းတူရည်တူဆက်ဆံပါ
လွတ်လပ်ရေးကိုကာကွယ်ပါ

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

* တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ
* တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ
* ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်

နှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ ၁၀၀၀
၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ

နယ်ဇင်း ကြိုတင်ခွင့်ပြုချက်
အတွင်းစာသား - ၁၅၄ / ၉၄(၉)
မျက်နှာဖုံး - ၆၅၃ / ၉၄ (၉)
အဖုံးဒီဇိုင်း - သိဂံ

သုတ်ဝေသူ
းသက်လှိုင် (၉၀၆)
င်းစန္ဒာစာပေ
/ ၂၆၇၊ ခရေပင်လမ်း၊
ဝဘာဂီမြို့သစ်၊ မ/ဥက္ကလာ၊
ရန်ကုန်တိုင်း။

အဖုံး + အတွင်းစာသား ပုံနှိပ်
းဒါ ကျင်လွှမ် (၀၅၁၆၃)
ိုးသီတာ ပုံနှိပ်တိုက်
၃၇၆၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။

ကွန်ပျူတာစာစီ - စိုးမိုး
အတွင်းပုံ - မိတ်ကောင်း
အဖုံးကာလာ - ပေါက်စီ
တာအုပ်ချုပ် - မောင်လှ

အတွင်းဒီဇိုင်း
- သိဂံ၊ မောင်သီဟ၊ ကောင်ဇေယျ
တန်ဖိုး - ၂၆ ကျပ်



ဖြန့်ချိရေး
ကိုအောင်ဗိုလ်
ကောင်းကင်ပြာစာပေ
၂၂၇/၉၊ ရန်ကင်းစာတိုက် (၁၁၀၈၁)
ရန်ကုန်မြို့။



ရှုခင်းသာခင်

သိဒ္ဓိတာအဖွဲ့

၊ ၉၀၊၉၁ လမ်း၊ ကန်ဇော်လေးစာတိုက်၊ ရန်ကုန်မြို့

## ဖတ်ရှုဖွယ်ရာ

၅၂

တစ်ခုလပ်မလေး မအေးစန်း
တစ်ယောက် အသတ်ခံရလို့
တဲ့၊ သိမ်မွေ့ ရိုးသားတဲ့ မိန်း
ကလေးကို ဘယ်သူ သတ်
သလဲ. . .
ချစ်မှုရေးရာ ပြဿနာလား၊
ရန်ငြိုး ရန်စလား။ ရဲကတော့
အလုပ်ရှုပ်ခဲ့ရပြီ။

## ပြည်တွင်း



၆၇

ပြည်သူပိုင်ပစ္စည်းပျောက်
ဆုံးမှုနှင့် ပတ်သက်၍ ရဲက
အလိုရှိနေသောတရားခံများ
ရဲနှင့် ပက်ပင်းတိုးကြပြီ။
သို့သော်သူတို့ရဲကို အံတုဖို့
ကြိုးစားလေတော့. . .

သမီးလှ ရွှက်ပုန်းသီး ပါတဲ့၊ ပြည်သူ့ရဲနှင့်
ဒုစရိုက်ကောင်တို့၏ ဉာဏ်ရည်ပြိုင်ပွဲကို
သည်းထိတ်ရင်ဖို ဖတ်ရှုနိုင်ပါမည်။

၁၃၀ ဝတ္ထုရှည်

အဲဒီ လူနှစ်ယောက်ကကျွန်မကို
လမ်းထဲက ဆောက်လက်စကန်
ထရိုက်တိုက်တစ်ခုဆီခေါ်သွား
ကြတယ်။

နောက်တော့ . .

နောက်တော့ . . အို ကျွန်မဘ၀
အမှောင် ကျခဲ့ရ ပါပြီရှင် . . .







ရက်စက်လှသော သွေးအေး
လူသတ်ကောင် တစ်ယောက်
ထွက်ပြေးသွားသဖြင့် ပြည်သူတွေ
ထိတ်လန့်တကြား ဖြစ်ကုန်ပြီ။
ဤဖြစ်ရပ်တွင် မိုက်မဲမှုနှင့် သူရ
သတ္တိကို မြင်နိုင်ပါမည်။


- ရဲမှူး ဦးကိုကို ၁၀
- ဘနှင်း ၁[illegible]
- လေးသုစံ ၃၂
- ဝင်းဖော် ၄၂
- ဆွေမြင့် ၅၄
- သိန်းဦး(ရွှေနေ) ၇၆
- မောင်ထွန်းညို [illegible]
- ရဲအရာရှိဟောင်းတစ်ဦး [illegible]
- တင်မင်း [illegible]
- အောင်သိတ [illegible]

၁၀၈

ရာဇဝတ် ဘေးကို နှစ်ပေါင်း ၅၀ နီးပါးမျှ ထွက်ပြေး တိမ်းရှောင်ခဲ့သော မီးရထား ဓားပြမှုကြီး တစ်ခုမှ တရားခံပြေး၏ ရှုပ်ရှင်ဆန်းဆန်း လှုပ်ရှားမှုများနှင့်အတူ. . .





၁၆

မော်လမြိုင်-ဖားအံ့ သင်္ဘောပေါ်မှာ သင်္ဘောသားတစ်ယောက်ရဲ့ မတရားကျင့်ခံရပါတယ်လို့ ရဲစခန်းမှာ တိုင်ချက်ဖွင့်တဲ့ မိန်းမငယ်တစ်ဦးရဲ့ ရွှေရင်ကွဲမျှ ငိုပွဲဆင်ခဲ့ရသည့် ဇာတ်လမ်း. . .

## ဥပဒေရေးရာ

## မိဘမေတ္တာ

စာပေ



မြန်မာ့ဓလေ့ ထိမ်းမြား လက်ထပ်ခြင်း ဆိုင်ရာ အချက်အလက်များနှင့် ဥပဒေရေးရာ သိကောင်းစရာ ဆောင်းပါး

## ပြည်ပ ဇာတ်ခင်း



ခြောက်ကပ် ကြဲလိုက်တဲ့ ခန္ဓာကိုယ်၊ မျက်တွင်း ဟောက်ပက်၊ ကြောက်စရာ မျက်နှာထားနဲ့ လက်ညှိုး ငေါက်ငေါက် ထိုးပြီး ကျွန်မကို အိမ်ထဲက နှင်ထုတ်နေတာ ဟို သူ... သူ... ကျွန်မ ကြောင့် သေခဲ့တဲ့... မာရီဆိုတဲ့ မိန်းမကြီးပါ

# စိစဉ်သူမှ စာဖတ်သူသို့

အောက်တိုဘာလ ၁ ရက်နေ့ကား နှစ်သုံးဆယ်မြောက် ပြည်သူ့ရဲတပ်ဖွဲ့၏ နှစ်ပတ်လည်နေ့ ဖြစ်သည်။

ယခုလထုတ် မှုခင်းစာစဉ်တွင် ပြည်သူ၏ ဘဝ လုံခြုံရေး အတွက် စွမ်းစွမ်းတမန် တာဝန် ထမ်းဆောင်ခဲ့ကြသော ပြည်သူ့ရဲတပ်ဖွဲ့တို့ကို ဂုဏ်ပြုသောအားဖြင့် သူတို့၏ ဒုစရိုက်မှု နှိမ်နင်းမှုများ အကြောင်းကို ရွေးချယ် တင်ပြထားပါသည်။ ထိုမှုခင်း ဖြစ်ရပ်များကို ကြည့်လျှင် ရဲတပ်ဖွဲ့ဝင်တို့၏ အမှု ဖော်ထုတ်ရေး အပိုင်းတွင် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုသည် တစ်ခန်း တစ်ကဏ္ဍအဖြစ် ပါဝင်နေကြောင်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ရဲတပ်ဖွဲ့ဝင်တို့၏ ဒုစရိုက်မှု နှိမ်နင်းရေးလုပ်ငန်းတွင် ပြည်သူ၏ လက်တွဲမှု ရယူရေးမှာ လိုအပ်နေကြောင်း ထင်ရှားနေပါသည်။ ဤသို့ဖြင့် ပြည်သူ၏ ပူးပေါင်းမှု ရယူရေး အတွက် ရဲတပ်ဖွဲ့ဝင်များအနေနှင့် ပြည်သူ၏ ယုံကြည် ကိုးစားမှု ရယူနိုင်အောင် ကြိုးစားရန် လိုသလို ပြည်သူလူထုအနေဖြင့် လည်း 'ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဖေဒါက တစ်ပင်တည်း' ဟူ သော ကဗျာလို နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနေရသော ရဲတပ်ဖွဲ့ဝင် တို့၏ လစ်ဟာမှုရှိသည်ကို ကြုံလာလျှင်လည်း စာနာခွင့်လွှတ် ခြင်းဖြင့် ပြည်သူနှင့်ရဲ လက်ချင်းတွဲ၍ ဒုစရိုက်မှုများကို အမြစ်ပြတ် ချေမှုန်းကြပါစို့ . . . . ဟု . ' . . . . ။

(နီလေးမောင်)



## ဆံပင်မှ သဲလွန်စ

ဆံပင် မွှေးညှင်း စသည့် အစိတ်အပိုင်းများပေါ်တွင် တွယ်ကပ် တွေ့ရှိနိုင်သော ဆီ ပေါင်ဒါမှုန့်နှင့် အခြား ဖုန်စ ဖုန်နများကို စစ်ဆေးကြည့်ရှုခြင်းဖြင့် ၎င်းတို့မှာ မည်သည့် ကိုယ်အစိတ်အပိုင်းမှ ရရှိသည်၊ သို့မဟုတ် မည်သည့် အတန်းအစားရှိ လူမျိုးများမှ ရရှိသည်ကို ခန့်မှန်းနိုင်သည်။

ဥပမာ -

ဆံပင်မွှေးညှင်း တစ်ခုတွင် အိုးတန်သည့် ခေါင်းလိမ်းဆီများကို စစ်ဆေးတွေ့ရှိလျှင် ထိုဆံပင်သည် ဥစ္စာပစ္စည်း ကြွယ်ဝသူ၏ ဆံပင် ဖြစ်နိုင်သလို ဖုန်စ ဖုန်နများ ပေကျံနေသည့် ဆံပင်ဆိုလျှင် အလုပ်ကြမ်းလုပ်သူ၏ ဆံပင်မွှေးညှင်း ဖြစ်နိုင်ကြောင်း ခန့်မှန်းနိုင်ပေသည်။



# ညွှန်ခင်းရှုတ်တော်တော်ကျွ

## (သို့မဟုတ်) ထိုင်ရာမထ လူဆိုး



ကမ္ဘာ့ရဲအဖွဲ့ အသီးသီးတွင် မှုခင်း မှတ်တမ်းရုံး Criminal Record Office များ ထားရှိကြသည်။ ထိုရုံးကို သင်္ကေတ အားဖြင့် (C.R.O) ဟု ခေါ် သည်။

ဤရုံးတွင် (၁) မှတ်တမ်းတင်ခြင်း၊ (၂) လက်ဗွေဌာန ထားရှိခြင်း၊ (၃) ဓာတ်ပုံဌာန ထားရှိခြင်း၊ (၄) ပုံနှိပ်ဖြန့်ချိ ကြော်ငြာခြင်း၊ (၅) လောကဓာတ် ပါရဂူများနှင့် ဆက်သွယ်ခြင်း၊ (၆) စာရင်းအင်းနှင့် မှုခင်းဇယား မှုခင်းမြေပုံများ ပြင်ဆင်ထိန်းသိမ်းထားခြင်း၊ (၇) မှုခင်းရေးရာနှင့် ပတ်သက်၍ အပြည်ပြည် ရဲအဖွဲ့များနှင့် ဆက်သွယ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရသည့် ဌာနစိတ် အသီးသီး ပါဝင်သည်။ "စီအာရ်အို" ၏ အဓိက တာဝန်ကား ဖြစ်မှုများ ဖြစ်ပွားတိုင်း ဖြစ်မှုနှင့် သက်ဆိုင်သည့် မှတ်တမ်းများ ရာဇဝင် ကျူးတို့ အသုံးပြုမြဲ ဖြစ်သည့် နည်းလမ်းများ၊ လူဆိုးတို့၏ အကျင့်



# ဖမ်းပေးရာ ဌာန

ဝါသနာ၊ အပြုအမူ၊ အပြောအဆို၊ ထူးခြားသည့် ကိုယ်အင်္ဂါ ချွတ်ယွင်းချက်များ၊ ၎င်းတို့၏ ဆွေမျိုးသားချင်း အပေါင်းအဖော် အဆက်အသွယ်၊ ဆက်သွယ်ပုံ၊ ဆက်သွယ်နည်း၊ လူဆိုးတို့၏ ဓာတ်ပုံနှင့် လက်ပုံစံများကို မှတ်တမ်းတင်ခြင်းပင် ဖြစ်၏။ နယ်ရဲအဖွဲ့များက အဆိုပါ အချက်အလက်များကို စီအာရ်ဒီ (ဗဟိုမှုခင်းမှတ်တမ်းရုံး) သို့ အသေးစိတ် ပေးပို့သည့်အခါ "စီအာရ်ဒီ" မှ ထိုသတင်း အရပ်ရပ်ကို မာတိကာ စာချပ်များ စနစ်တကျ ရေးမှင့်ပြီး ရာဇဝင် စာချပ်တွင် မှတ်တမ်းတင်ခြင်း၊ စာရင်းအင်းပြုစုခြင်း၊ ထုတ်ပြန်ကြေညာခြင်းစသည်တို့ကိုဆောင်ရွက်ရသည်။

မှုခင်းတစ်ခု ဖြစ်ပွားခဲ့သော် မှတ်တမ်းတင်ထားပြီး လူဆိုးတစ်ဦး၏ ကျူးလွန်မှု ဟုတ် မဟုတ်ကို စီအာရ်ဒီသို့ပင် အကိုးအကား ပြုရသည်။ ၎င်းလူဆိုး၏ ကျူးလွန်ပုံ၊ ကျူးလွန်နည်းနှင့် တကွ အမှုကိုင်သူ ရဲအရာရှိတို့ကို ဤရုံးသို့ တင်ပြစုံစမ်း တွေ့ရှိသမျှ အချက်အလက်များကို စီအာရ်ဒီ ရုံးသို့ အသေးစိတ် ပေးပို့ခြင်းဖြင့် ထိုဖြစ်မှုကို မည်သူမည်ဝါ ကျူးလွန်ကြောင်း၊ ၎င်းလူဆိုးနှင့် မည်သူ မည်ဝါတို့ အဆက်အသွယ် ရှိနိုင်ကြောင်း၊ စသည့် သဲလွန်စများကို ယခင်က နယ်ရဲအရာရှိများ ပေးပို့ထားသည့် မှတ်တမ်းများနှင့် တိုက်ဆိုင်ကြည့်ရှုကာ စီအာရ်ဒီမှ ဆောလျင်မှန်ကန်စွာ ပြန်ကြားနိုင်ပေသည်။

မသိကာမှုယ်သူများ ဖမ်းဆီးရမိသည့် အခါတွင်လည်း ထိုရုံးသို့ အကြောင်းကြားပါက ၎င်းသည် ယခင်က ဖြစ်မှု ကျူးလွန်မှု၍ မှတ်တမ်းတင်ပြီး ဖြစ်ပါမူ ထိုသူသည် မည်သူမည်ဝါ ဖြစ်၍ မည်သည့် ဖြစ်မှုများကို မည်သည့် ဌာနတွင် ကျူးလွန်ခဲ့ကြောင်း သဲလွန်စများ ဖော်ထုတ်ပေးနိုင်သည်။ ဝရမ်းပြေးများ၊ ပျောက်ဆုံးနေသူများ၊ ပျောက်ဆုံးနေသည့် ပစ္စည်းများနှင့် ပတ်သက်၍

လည်း မည်သည့်အမှုက မည်သူ့ပစ္စည်း ဖြစ်၍ မည်ကဲ့သို့ ပျောက်ဆုံးခဲ့ကြောင်းကိုပင် ထင်မြင်ချက် သဲလွန်စများ ပေးစွမ်းနိုင်သည့်အထိ ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။

တိုင်းပြည် အသီးသီးတွင် ထိုစနစ်သည် မူအားဖြင့် တသဘောတည်းပင် ဖြစ်သည်။ သို့သော် သက်ဆိုင်ရာ ဒေသ အခြေအနေကို လိုက်၍ လုပ်ငန်းစဉ်များကို လိုအပ်သလို ချမှတ် အသုံးပြုရပေသည်။ မှုခင်းမှတ်တမ်းရုံး၏ လုပ်ငန်းစဉ် အချို့မှာ အောက်ပါအတိုင်း ဖြစ်၏။

ဥပမာ မိုးရွာသည့် ည တစ်ည ကိုးနာရီနှင့် ဆယ့်နှစ်နာရီ အချိန်အတွင်း အိမ်ရှင်များ ရုပ်ရှင် ညပွဲသွားကြည့်ခိုက် အိမ်တွင်း ဝင်ပြီး အတွင်းမစ္စည်း ရွှေထည်၊ ကျောက်ထည်နှင့် ငွေများ တစ်သောင်းကျော်ဖိုး ဖောက်ထွင်းခိုးသည့် အမှုကို တိုင်တန်းသည်။

အမှုစစ်အရာရှိသည် အခင်းဖြစ်အရပ်သို့ ချက်ချင်း သွားရောက်ပြီး သက်သေခံ အထောက်အထားများကို သွားရောက်စစ်ဆေးရှာဖွေရာ (၁) လူဆိုးသည် မိုးရွာသည့် ညတွင် ပြစ်မှုကျူးလွန်ခြင်း၊ (၂) ပြစ်မှုကျူးလွန်ချိန်သည် ရုပ်ရှင်ညပွဲပြချိန် ည (၉) နာရီမှ (၁၂) နာရီအတွင်း ဖြစ်ခြင်း၊ (၃) အိမ်ဝင်းအတွင်းသို့ အနီးရှိ ခြံတံတိုင်းမှ နံရံဆွဲ၍ ကျော်တက်ခြင်း၊ (၄) ခြံတံနံရံတွင် ခြေရာ သုံးခုတွေ့ရှိရာ ယာခြေရာ နှစ်ခုစလုံးတွင် ခြေသန်း မပါရှိခြင်း၊ (၅) အိမ်အတွင်းသို့ နောက်ဖေးတံခါးမကြီး အထက်ရှိ လေသာပေါက်က တိုးဝင်ခြင်း၊ (၆) တိုးဝင်သည့် လေသာပေါက် သစ်သားဘောင်ကို ကုတ်နှင့်ကော်ဖွင့်သဖြင့် သစ်သားပဲ့တွင် ဆံပင်သုံးပင် တွေ့ရှိ၍ ၎င်းဆံပင်များမှာ နီကျန်ကျန် အရောင် ရှိခြင်း၊ (၇) အိမ်တွင်း ကြမ်းပေါ်၌ ထင်ခဲ့

သည့် ယာခြေရာတွင် ခြေသန်းရာ မတွေ့ရခြင်း၊ (၈) အိမ်ခန်းကို နောက်ဖေးမှ သွားသည့်အခါ ထမင်းစားခန်းကို ဖြတ်ကျော်သွားရသည်တွင် ထမင်းစားခန်း စားပွဲပေါ်ရှိ သစ်သီးပန်းကန်မှ ပန်းသီးများ စားသွား၍ ကျန်ရှိသည့် ပန်းသီးတစ်လုံးတွင် ကိုက်ရာ တွေ့ရှိ၍ ရှေ့သွား တစ်ချောင်းရာ မရှိခြင်း၊ (၉) ရေခဲသေတ္တာဖွင့်ပြီး လိမ္မော်ရည် ယူသောက်သွားသော်လည်း ၎င်းသေတ္တာတွင် ထင်ရှားသည့် လက်ပုံစံ မတွေ့ရ။ လိမ္မော်ရည်ပုလင်းခွံလွတ်တွင် လက်သုံးချောင်းရာ တွေ့သည့်အနက် လက်မရာသည် ထင်ရှား၍ ကျန်နှစ်ချောင်းမှာ မထင်ရှားခြင်း၊ (၁၀) အိပ်ခန်း ဗီရိုသော့ကို ကန့်ဖွင့်ထားခြင်း၊ အတွင်း၌ အဖိုးတန် အဝတ်အထည်များကို မယူဘဲ လက်ဝတ်လက်စားနှင့် ငွေစက္ကူများသာ ယူသွားခြင်း အစရှိသည့် သက်မဲ့ သက်သေခံ အထောက်အထားများကို လည်းကောင်း၊

(၁) အချင်းမဖြစ်ပွားမီ ညနေပိုင်းက ထိုအိမ်အနီးတစ်ဝိုက်တွင် မသင်္ကာဖွယ် မြင်လျှင် မှတ်မိသည့် မြန်မာလူမျိုး မြို့ အလုပ်သမားဟု ထင်ရသည့် လူနှစ်ယောက် ရေမြောင်းများကို လိုက်လံ ကြည့်ရှုနေသည်ကို အိမ်နီးချင်း နှစ်ဦးက မြင်ခြင်း၊ (၂) ထိုနှစ်ယောက်အနက် တစ်ယောက်က နှာခေါင်းကျိုး၍ တစ်ယောက်၏ ဆံပင်သည် နီကျန်ကျန် ရှိခြင်း၊ ထိုနှစ်ယောက်စလုံးတွင် အသက်အရွယ်အားဖြင့် ၂၀-၂၅ နှစ်အတွင်း ဖြစ်ခြင်း၊ စသည့် သက်ရှိသက်သေခံ အထောက်အထားများကို စုံစမ်းတွေ့ရှိရသဖြင့် အမှုစစ် အရာရှိက သတင်းအရပ်ရပ်နှင့်တကွ သက်သေခံ သဲလွန်စများကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ပြီး ဗဟိုမှုခင်းမှတ်တမ်းရုံးသို့ ချက်ချင်း ပေးပို့ရသည်။ မှတ်တမ်းရုံးမှ သက်သေခံ ပစ္စည်းများကို သက်ဆိုင်ရာ ပါရဂူများသို့ ပေးပို့ပြီး

ထင်မြင်ချက် တောင်းယူရသည်။ ဤတွင် အဆင့်ဆင့်ဆက်လက် ဆောင်ရွက်သွားရပုံများမှာ အောက်ပါအတိုင်း ဖြစ်၏။

**လက်ပုံစံ ဌာန**

လိမ္မော်ရည်ပုလင်းပေါ်မှ ရသည့် လက်ပုံစံ ခွာတ်ပုံကို မှတ်တမ်းရုံး၏ ဌာနစိတ် တစ်ခုဖြစ်သည့် လက်ပုံစံ ဌာနသို့ ဖြစ်ချက်ပေဟာင်းများ ရှိပြီး ဤကဲ့သို့သော ဖြစ်မှုများကို ကျူးလွန် တတ်သူ လူဆိုးတို့၏ လက်ပုံစံများနှင့် တိုက်ဆိုင်ရှာဖွေရန် ပေး ပို့ရသည်။

**မှုခင်းမာတိကာ ဌာနစိတ်**

အခြား ဌာနစိတ် တစ်ခုဖြစ်သည့် မှုခင်း မာတိကာဌာနစိတ် တွင် ဖောက်ထွင်းခိုးယူမှု ကျူးလွန်သူများ၏ မှုခင်းမာတိကာ စာချပ်များမှ (၁) မိုးရွာသည့် ညတွင် ကျူးလွန်ခြင်း၊ (၂) ရုပ်ရှင် ည ပြပွဲချိန် ည ၉-နာရီမှ ၁၂-နာရီအတွင်း ကျူးလွန်ခြင်း၊ (၃) ဝင်းအတွင်း ဝင်ရာ၌ ကျော်တက်ခြင်း၊ (၄) အိမ်အတွင်းသို့ လေ သာပေါက်ကို ကလန့်ဖျက်၍ ဝင်ခြင်း၊ (၅) ဗီရိုကို ကုတ်နှင့် ကလန့်ဖွင့်ခြင်း၊ (၆) အထည်အလိပ် မယူခြင်း၊ (၇) လက်ဝတ် လက်စားများနှင့် ငွေစက္ကူများသာ ယူခြင်း၊ (၈) ဖြစ်မှုကျူးလွန် စဉ် အစားအသောက် စားသောက်သွားခြင်းနှင့် အနီးကပ်ဆုံး အချက်အလက်များ ပါရှိသည့် မာတိကာ စာချပ်များကို ရှာဖွေရ သည်။

## အမည်မာတိကာ ဌာနစိတ်

အမည် မာတိကာ ဌာနစိတ်ကလည်း လက်ပုံစံ ဌာနစိတ်က ရှာဖွေတွေ့ရှိချက်အရ အချင်းဖြစ်သော နေရာမှ ရရှိသည့် လိမ္မော်ရည် ပုလင်းပေါ်တွင် တွေ့ရသည့် လက်ပုံစံသည် ဦးမြ ၏ သား သာဒွန်း ခေါ် အောင်ထွန်း၏ လက်ပုံစံနှင့် တူသည်ဟု ဖော်ထုတ်ချက်အရ အမည် မာတိကာတွင် အက္ခရာစဉ်အရ အစီအစဉ် ပြုထားသည့် အမည် မာတိကာ စာချပ်များတွင် ရှာဖွေရာ သာဒွန်း ခေါ် အောင်ထွန်းသည် လွန်ခဲ့သည့် ၃-နှစ် ခန့်က အလားတူ ဖောက်ထွင်းမှုကို ကျူးလွန်ခဲ့ကြောင်း သိရ သည်။ ၎င်း၏ ရာဇဝင် စာချပ်ကို ဆက်လက် ရှာဖွေရာ ၎င်း ၏ ဓာတ်ပုံနှင့်တကွ လူပုံသဏ္ဍာန်တွင် ဆံပင် နီကျန်ကျန်၊ ယာ ခြေသန်း ပြတ်နေသည်ဟု တွေ့ရှိရပြန်သည်။

ရှာဖွေ တွေ့ရှိပြီး ဖြစ်သည့် မှုခင်း မာတိကာ ၂၀-အနက် ထပ်မံ ရှာဖွေပြန်ရာ သာဒွန်းခေါ် အောင်ထွန်း၏ စာချပ်လည်း ပါဝင်သည်ကို တွေ့ရှိရပြန်သည်။

## ကိုယ်အင်္ဂါချွတ်ယွင်းချက် မာတိကာ ဌာနစိတ်

(က) ကိုယ်အင်္ဂါ ချွတ်ယွင်းချက် မာတိကာ ဌာနစိတ်တွင် လူဆိုးတို့၏ ကိုယ်အင်္ဂါ ချွတ်ယွင်းချက်အလိုက် မာတိကာ စာချပ်များ ဖွင့်ထားရာ ထိုမာတိကာများတွင် ယာခြေသန်း ပြတ် သူများကို လိုက်လံရှာဖွေရာ လူ ၃-ဝယောက် တွေ့ရှိသော်လည်း အမည်မာတိကာတွင် သာဒွန်းခေါ် အောင်ထွန်းဆိုသူ တစ်ဦး ပါနေသည်ကို တွေ့ရှိရပြန်သည်။

## သက်သေခံမဝင်သောထွက်ချက်

စွဲချက်တင်ပြီးနောက် တရားခံ၏ဆန္ဒအရ ပြန်ခေါ် စစ်ဆေးလိုသောသက်သေအား တရားရုံးမှ ဆင့်ခေါ်၍ မရနိုင်တော့သည့် အခါတွင် ထိုသက်သေ၏ထွက်ဆိုချက်များသည်သက်သေခံ မတင်ကြောင်းနှင့် ထိုသတ်သေတစ်ဦး၏ထွက်ဆို ချက်ဖြင့် တရားခံအား အပြစ်မပေးနိုင်ကြောင်း မောင်ဟန်နှင့် အခြားနှစ်ဦးနှင့် မြန်မာနိုင်ငံ အမှုတွင် စီရင်ထုံးဖွဲ့ထားသည်။

(၅၃-ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး တရားလွှတ်တော်ချုပ်)



မြသီး

မြတ်ဂုဏ်မှုန်မှုခင်းဝတ္ထု



အန္တရာယ်၊ သေခြင်း တို့နှင့်အခြိမ်းခြောက်
ခံရသည့်အခါ... ကိုယ့်ကိုယ်ကို ခုခံ ကာ
ကွယ်ရန် အကောင်းဆုံး၊ အထိရောက်၊
အားအကိုး ရဆုံးလက်နက်တွေက "စိတ်
ဓါတ်" နဲ့ ... ... "သတ္တိ"

ညိုဝင်းဒိဗလ


၁၉၉၄

# ဘနှင်း

( မြ န် မ ာ ပြ န် )

# လွတ်မြောက်နေသော လူသတ်သမား

၁၉



**မြို့၏တစ်နေရာတွင် သွေးအေးအေးလူသတ် သမား လွတ်မြောက် ပုန်းရှောင်နေသည် ... ... ... ဆိုသော သတင်းကြောင့်**

အမေရိကန် ပြည်ထောင်စု အီလီနွိုက်ပြည်နယ်၊ ဂျာစီဗီးမြို့၏ ၁၉၅၉ ခု၊ အောက်တိုဘာလ ၉ ရက် သောကြာနေ့ နံနက်သည် ရာသီဥတု သာယာလျက် ရှိနေသော်လည်း မြို့၏ တစ်နေရာတွင် သွေးအေးအေး လူသတ်သမား လွတ်မြောက် ပုန်းရှောင်နေသည် ဆိုသော သတင်းကြောင့် လူတိုင်းစိတ် ချောက်ချားနေကြသည်။

လူသတ်သမား၏ အမည်မှာ ကိုမ်းဂေါ်ဒွန်ပါးမား ဖြစ်ပြီး အသက် ၂၁ နှစ်သာ ရှိသေးသည်။ ဂျာစီဗီးမြို့သား တစ်ဦးလည်း ဖြစ်ပြီး အပြောချိုသော လူပျိုချော ဖြစ်သလောက် လူသတ်ရန် ဝန်မလေး သူလည်း ဖြစ်သည်ဟု ဆိုသည်။ သူသည် ပြည်နယ် တောင်ပိုင်းသို့ အရောက်တွင် ငါးစိမ်းရောင်းသည့် ဆိုင်သို့ ဝင်လုပြီး ဆိုင်ရှင် ကိုသာမက စားပွဲထိုးမိန်းကလေးနှင့် မာတ်ဆီရောင်းသူကိုပါ သတ်ပစ်လိုက်သည်။

ထိုနေ့ညပိုင်းတွင် ပါးမား သူ့အိမ်သို့ ပြန်လာကြောင်း ရဲတို့က

သတင်းရခဲ့သည်။ ရဲများရောက် သွားသောအခါ သူသည် ထွက်ပြေးခဲ့ပြီး ဖြစ်သည်။ မြို့ပြင်ရောက်သောအခါ ကားပေါ်မှ ဆင်းပြေးပြီး ခြောင်းခင်းများထဲ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။ တစ်နာရီခန့်အကြာတွင် မီးအိမ်နှင့် ရထားအလုပ်သမား သူ့ အနားအရောက်တွင် ပစ်သတ်လိုက်ပြန်သည်။

ထို့ကြောင့် ဂျာစီဗီးမြို့မှ ရဲသား တစ်ရာကျော်တို့သည် ပါးမား ပြေးဝင်သွားသော ပြောင်းခင်း တဝိုက်ကို အမဲလိုက်ခွေးများနှင့် ရှာဖွေကြသည်။ မတွေ့ကြ။ လမ်းမများပေါ်တွင် ကင်းလှည့်ရဲမှုမက အဆောက်အအုံ ရှာပေါင်းများစွာကိုလည်း တက်ရောက် ရှာဖွေခဲ့ကြသည်။ ကျောင်းကားများအပေါ် လက်နက်ကိုင်များ လိုက်ပါ စောင့်ရှောက်ကြရသည်။ ထို့ပြင်မဟုတ်သေး၊ မြို့ပြင် တစ်ဝိုက်တွင် ရဟတ်ယာဉ် တစ်စီးနှင့် ကင်းလှည့် လေယာဉ်ငယ်တို့က ဝဲပျံ စောင့်ကြည့်ကြရသည်။ အိမ်တံခါးများကို

သော့ခတ်ထားရန်နှင့် ပါးမားသည် ကားတစ်စီးရရန်အတွက် လူဖြတ်သော တောအိမ်မျိုးမှ အိမ်သားများအားလုံးကို သတ်ပစ်သွားမည်ကိုလည်း ရဲများက စိုးရိမ်နေကြသည်။

အချိန်တစ်နာရီပြီး တစ်နာရီ ကုန်သွားသော်လည်း ပါးမားကို ကား မမိသေး။ ဂျာစီဗီးမြို့သားတို့မှာလည်း အကြောက်လွန်နေကြပြီ။ ညနေပိုင်းကတည်းက အားကစားဆိုင်များတွင် သေနတ်နှင့် ကျည်ဆန်များမှာ ရောင်းရန် မကျန်တော့သလောက် ဖြစ်သွားသည်။ ယာတောတွင် နေထိုင်ကြသူများကလည်း မြို့တွင်းသို့ဝင်လာကြသဖြင့် ဟိုတယ်ခန်းများ ပြည့်ကျပ်သွားချေပြီ။

ဖရင်ကလင် လမ်းပေါ်တွင် ဂေါမင်ညီအစ်ကိုများ ပိုင်သော ဆောက်လုပ်ရေး ပစ္စည်းဆိုင် တစ်ဆိုင်ရှိသည်။ ယင်းဆိုင်တွင် ရုံးခန်းနှစ်ခန်းပါသည့် တိုက်ပုလေး တစ်လုံးလည်း ရှိသည်။ ဆိုင်တွင် ပုံမှန်လုပ်ငန်း ဆောင်ရွက်လျက် ရှိသော်လည်း ထိုနေ့ညနေတွင်မူ ...

မင် အိမ်ပြန်ရောက်ချိန်၌ သူ့ဓနီးဖရန့်စီနှင့် သားနှစ်ယောက်တို့မှာ အကြောက်လွန်သော အသွင်ကို တွေ့လိုက်ရသည်။

အကြောင်းသိသော ဂေါမင်က "ခုလောက်ဆို ပါးမား တစ်ယောက် မက္ကဆီကိုနိုင်ငံဘက်ရောက်နေလောက်ရောပေါ့ကွာ" ဟု အားပေး နှစ်သိမ့်လိုက်သည်။ သူသည် အသက် ၅၂ နှစ်အရွယ် ရှိပြီဖြစ်ပြီး ဆံပင်များ ဖြူနေသော လူသိမ်မွေ့တစ်ဦး ဖြစ်သည်။

ပြောပင် ပြောရသော်လည်း သူကိုယ်တိုင်ပင် ထိုညက အိပ်မပျော်ခဲ့ပေ။ နံနက် ၅ နာရီ မထိုးမီ အိပ်ရာမှ ထပစ်လိုက်သည်။အဝတ်အစား လဲပြီး ဆန့်ဒီ လက်ဖက်ရည်ဆိုင်သို့ ကားမောင်းထွက်ခဲ့သည်။ ကော်ဖီ သောက်ရင်း ပါးမားကို ညလုံးပေါက် လိုက်ရှာခဲ့သူ နှစ်ဦးနှင့် စကားလက်ဆုံ ကျခဲ့သည်။ ထို့နောက် ၇ နာရီတွင် သူ့ဆိုင်သို့ ကားမောင်းပြီး ပြန်ခဲ့သည်။ သူဆိုင်သို့ အရောက်တွင် လော်ရီကားမောင်းသမား ကရိုချယ်နှင့် သူ့သားမက် ကော်ဒီတို့လည်း ရောက်လာကြသည်။

ဂေါမင်က ရုံးခန်း သော့ခလောက်ထဲသို့ သော့တံကို သွင်းလိုက်သောအခါ သော့ပွင့်နေသည်ကို တွေ့ရသည်။ ပေါ့လျော့သော သူ့လူများကို သတိပေးဦးမှ စိတ်ထဲ တေးလိုက်ပြီး ဆိုင်ခန်းထဲဝင်ခဲ့သည်။ အကျီနှင့် ဦးထုပ်များ ထားသော အခန်းသို့ အရောက်တွင် ပြတင်းပေါက်မှန်တံခါး ကွဲနေပြီးယင်းနေရာတွင် စက္ကူကတ်ပြား ဖုံးအုပ်ထားသည်ကိုလည်း သတိပြုမိသည်။ မှန်တံခါးကို အလုပ်သမားတစ်ဦးဦးက ခွဲမိခြင်းသာ ဖြစ်မည်ဟု သူထင်ခဲ့သည်။

ထိုအချိန်တွင် ကရိုချယ်သည် အပြင်ခန်းရှိ စားပွဲတစ်ခုကို ဖြတ်သွားပြီး အတွင်းခန်းသို့ ဝင်ခဲ့သည်။ ဤတွင် အတွင်းခန်းမှ သူ့အား သေနတ်နှင့် ချိန်ထားသော လူတစ်ယောက်နှင့် ပက်ပင်းတိုး တော့သည်။ သေနတ်မှာ မှိုင်း ၂၂ ပြောင်း ကျယ် စက်သေနတ်ငယ် တစ်လက် ဖြစ်သည်။



အုံ့အားသင့်နေသော ကရိုချယ်မှာ နောက်ပြန် ဆုတ်ရင်း ပါးစပ်မှလည်း "ဂေါမင်၊ သူ ဒီမှာ ရောက်နေတယ်..၊ သူ.. သူ ဒီမှာ" ဟု တစ်ဖွဖွ ပြောနေသည်။

အဝတ်အစားခန်းထဲ ရောက်နေသော ဂေါမင်မှာ ကရိုချယ်၏ ပြောသံကို ကြားလိုက်ရသည်နှင့် အခန်းတံခါးကို အမြန်ဆုံး ပိတ်ပြီး ပြတင်းပေါက်ကို ဖွင့်သည်။ ပြတင်းပေါက်မှာ ရုတ်တရက် ဖွင့်မရ။ ပါးမား အခန်းတံခါးကို သေနတ်ဒင်ဖြင့် ဆောင့်ရင်း ပြောသံကို ကြားနေရသည်။ "ခင်ဗျား အခန်းထဲက ထွက်လာမလား၊ ဒါမှမဟုတ် တံခါးပေါက်ကနေ သေနတ်နဲ့ ပစ်လိုက်ရမလား"

မတတ်သာသည့်အဆုံး ဂေါမင် အခန်းထဲမှာ ထွက်ခဲ့ရသည်။

"သူတို့နဲ့ အတူ သွားထိုင်နေပါ" ဟု ပါးမားက အမိန့်ပေးသည်။ ထို့နောက် ဤသုံးယောက်တွင် အလုပ်ရှင် ဘယ်သူလဲဟုလည်း မေးသေးသည်။ လုပ်ငန်းရှင်မှာ မိမိဖြစ်ကြောင်း ဂေါမင်က ပြောပြ

လိုက်ရသည်။

"ဒါဆို မီးခံသေတ္တာ ဖွင့်ပေးပါ နောင်ကြီး"

"ငါမဖွင့်တတ်ဘူး၊ လျှို့ဝှက်ဂဏန်းကို ဆိုင်မန်နေဂျာ အန်းပိုမန် တစ်ယောက်ပဲ သိတယ်"

"ခင်ဗျား လိမ်နေတာပါ၊ ခင်ဗျားကို အရပ် သတ်ပစ်ချင်နေပြီနော်" ပါးမားက တည်ငြိမ်စွာ ပြောနေသည်။

"ငါမလိမ်ပါဘူးကွာ၊ အန်းပိုမန် ရောက်လာရင်တော့ သူကိုယ်တိုင် ဖွင့်ပြပါလိမ့်မယ်"

ဂေါမင်ကား ကြောက်နေရှေပြီ။ လူသတ်သမားသည် သူတို့ကို အချိန်မရွေး ပစ်သတ်နိုင်သည်။

ထိုအခိုက်မှာပင် လော်ရီကားမောင်းသမား ဖစ်ဂျီဘွန်းသည် သူ့ ပစ်ကပ်ကားလေးကို မောင်းဝင်လာပြီး ရုံးခန်း အနောက်ဘက်တွင် ရပ်လိုက်သည်။ ယင်းကို တွေ့သောသေနတ်သမား ပါးမားက လေးပေ မြင့်သော စားပွဲနောက်တွင် ဝပ်နေလိုက်သည်။ ဖစ်ဂျီဘွန်းသည် အနောက်ဖက် ပြတင်းတံခါး ကျိုးပွဲနေသည်ကို သတိပြုမိသည်။

"ဟော့.. ဒီအပေါက်ကနေ လူတစ်ယောက် ဖောက်ဝင်တယ် ထင်တယ်" သူ့စကား မဆုံးမီ ပါးမားက သူ့နောက်ဖက်မှ ရပ်လိုက်



သည်။ သေနတ်ကို အသင့်ချိန်ထား သည်။

"ဟုတ်တယ်၊ ကျုပ် အခု ဒီမှာရောက်နေပြီ။ ခင်ဗျား အဖော်တွေနဲ့ ဟိုမှာ သွားထိုင်စမ်း"

ဖစ်ကျီဘွန်းလည်း နာခံရချေပြီ။

ပါးမား လက်ထဲ နောက်ထပ်ရောက်လာသူ တစ်ဦးမှာ ဝီလျံကုနယ်ဆိုသူ မီးရထား အင်ဂျင်နီယာ တစ်ဦးပင်။ ဂေါမင် မှာထားသော ဘိလပ်မြေရထားဖြင့် ရောက်လာကြောင်း လာပြောခြင်းဖြစ်သည်။ သူ့နောက်တွင် အရောင်းစာရေးတစ်ဦးနှင့် စမစ်အမည်ရှိ လေဘ်ရီကားမောင်းသမား တစ်ဦးတို့ ဖြစ်ကြသည်။

ထိုနေ့ နံနက်တွင် မန်နေဂျာ အန်းပိုမန်း အရောက် နောက်ကျခဲ့သည်။ သူ့အိမ်က မြို့အပြင်ဘက်တွင် ရှိသည်။ ကလေး သုံးယောက်တို့ သူက စိတ်မချပေ။ သူ့ဇနီးအား သေနတ် မည်သို့ပစ်ရမည်ကို သင်ကြားပေးနေသဖြင့် ဆိုင်သို့ အရောက် နောက်ကျရခြင်း ဖြစ်သည်။ ယခု သူ့အနေဖြင့် ပါးမားကို ပက်ပင်း ရင်ဆိုင်ရသောအခါ သူ့မိသားစုအတွက် ပူပန်ရန် မလိုတော့ချေ။

အန်းပိုမန်း သိသောအခါ "ခင်ဗျားကို မီးခံသေတ္တာ ဖွင့်နိုင်းဖို့ စောင့်နေတာဗျ" ဟု ပါးမားက ဆိုခဲ့သည်။

ထို့ကြောင့် ပိုမန်းမှာ မီးခံသေတ္တာရှေ့တွင် ဒူးထောက်၍ စဖွင့်သည်။ အချိန် အတော်ကြာသော်လည်း ဖွင့်မရသေး၊ စိတ်က လှုပ်ရှားနေသည်။ မီးခံသေတ္တာ ဒိုင်ခွက်ကလေးကို သူလှည့်သည်၊ မပွင့်။ နောက်တစ်ကြိမ် လှည့်ပြန်သည်၊ မရသေး။ စောင့်ကြည့်နေသော ပါးမား စိတ်မရှည်တော့၊ သတိပေးလေသည်။

"ခင်ဗျား တကယ်လုပ်နေတာ ဟုတ်ပါတယ်နော်"

ပိုမန်းက ကြိုးစား ဖွင့်တုန်းပင် ဖြစ်သည်။

"ဒီမယ် ပိုမန်း၊ ခင်ဗျားကို နောက်ထပ် တစ်မိနစ်ပဲ အချိန်ပေးမယ်။ ဒါမှ မရသေးဘူးဆိုရင်တော့

ခင်ဗျား သေပြီသာမှတ်"

"ဂရုစိုက်ပြီး ဖွင့်ကြည့်ပါ ပိုမန်း၊ တစ်မိနစ်ဟာ အချိန် မနည်းပါဘူး" ဟု ဂေါမင်က လှမ်း ပြောသည်။

ပိုမန်း၏ မျက်နှာ ချွေးပြန်နေချေပြီ။ သူက ဒိုင်ခွက်ကို သေချာစွာ လှည့်ကြည့်သည်။ ဤတစ်ကြိမ်တွင်တော့ မီးခံသေတ္တာ ပွင့်သွားသည်။ ငွေထုပ်များ ကြမ်းပေါ်သို့ ချပေးလိုက်သည်။

ဤတွင် ပါးမားက ဝီလျံကူနယ်ဘက် လှည့်ပြီး–

"ဒီက နောင်ကြီးက ငွေထုပ်တွေကို စက္ကူအိတ်ထဲ ထည့်ပေးပါ"

မတတ်သာတော့သော ဝီလျံကူနယ်က ငွေများကို ထည့်ပေးအပြီးတွင် ဂေါမင်က "ငွေတွေ အသင့်ဖြစ်နေပြီ၊ မင်းမသွားသေးဘူးလား" ဟု မေးခဲ့သည်။ သူ့အနေဖြင့် သေနတ်သမားနှင့် ရှိမနေချင်။

သေနတ်သမား ပါးမားက သူ့အား တစ်မိနစ်မျှ စိုက်ကြည့်နေခဲ့သည်။ ပြီးမှ "နောက်ထပ် တစ်နာရီအထိ ဆိုင်ပိတ်ထားသည်လို့ ရေးပြီး ဆိုင်ရှေ့မှာ သွားချိတ်ထားပါ"ဟု အမိန့်ပေးသည်။

ပါးမား၌ အကြံတစ်ခု ရှိနေပုံရသည်။

ဂေါမင်သည် ပါးမား ပြောသည့်အတိုင်း စက္ကူကတ်ပြားပေါ်တွင် ခဲတံနှင့် ရေးရသည်။ ကတ်ပြားကို ရုံးခန်းရှေ့တွင် သွားချိတ်စဉ် မျက်နှာချင်းဆိုင် အိမ်၏ ဆင်ဝင်အောက်တွင် လူတစ်ယောက်ကို သူ တွေ့လိုက်ရသည်။ ထိုသူ သတိပြုလာအောင် ကတ်ပြားကို သူ့လက်နှင့် ပွတ်ပြနေခဲ့သည်။

ပါးမား၏ အသံကို ကြားလိုက်ရသည်။

"ခင်ဗျား ကတ်ပြားနဲ့ အလုပ်ရှုပ်နေပြန်ပြီလား၊ ဒီကို ပြန်လာပါ"

ပါးမားသည် လူတစ်ဦးကို စကားပြောတိုင်း ထိုသူကို သေနတ်ဖြင့် ချိန်ထားလေ့ ရှိသည်။

"ဘယ်သူ့မှာ မားပါသလဲ"

သူ့အမေးကို ဘယ်သူမျှ မဖြေသောအခါ သူ့အကြည့်သည် ဝီလျံကူနယ်ဆီသို့ ရောက်သွားသည်။



"ဒီမယ် နောင်ကြီး၊ မုန့်စ တစ်ခုကို ယူပြီး အဲဟို ဖုန်းကြိုးကို ဖြတ်လိုက်ပါ"

ထို့နောက်တော့ ကျန်လူ ၇ ယောက်ကို လက်နောက်ပစ်ထားပြီး မှောက်နေရန် အမိန့်ပေးသည်။

"အေးအေးဆေးဆေး နေကြနော်၊ မနေရင်တော့ ခင်ဗျားတို့ ဆရာ မသက်သာဘူးမှတ်"

သူက ပြောရင်း အခန်းဝတွင် နေရာယူပြီး ဂေါမင်ကို ကြိုးသွားယူခိုင်းပြန်သည်။ "ခင်ဗျားလည်း ဟုတ်တာတွေ လုပ်မနေနဲ့၊ လုပ်ရင် ခင်ဗျားလူတွေ အကုန်သေမှာပဲ" ဟု ပြောပြန်သည်။

ဂေါမင် အဆောက်အအုံထဲ ဝင်သွားသည်။ ပါးမားအနီးတွင် သူ မနေချင်။ ပြတင်းမှ ထွက်ပြေး လွတ်မြောက်နိုင်သည်ကို သူသိသည်။ သို့သော် သူ့လူများ ဒုက္ခရောက်မည်ကိုလည်း သူသိသည်။ ထို့ကြောင့် ကြိုးယူပြီး ... လှမ်း ...တိုက်မိဟန်ခဲ့သည်။ ဤတွင် ... နောက်ပစ် နေသူမှ ...စ်သွား၍ ကိုယ် ချည်နှောင်ပေးရန် ...ယပွှကို တက် သူတို့ဓမျာ တန်းစီ...ခိုင် ပါးမားကို သည်။ အစွန်ဆုံးရှိ ဝီ...ထုတ်လိုက် စတင် ချည်သောအခါ ... ပထမလူ ...ပါးမား စမ်းကြည့်သည်။

"ခင်ဗျားချည်တာ မခိုင်ဘူး ဒါမျိုး နောက်တစ်ခါ ချည်ရင်တော့ ခင်ဗျား ခေါင်းကို သေနတ်နဲ့ အပစ်ပဲ"

ဂေါမင် နိုင်အောင် ပြန်ချည်

**ဂေါ်မင် ဖျားချင်သလိုဖြစ်လာသည်။ အဖြစ်က ပါးမားအာ တုပ်နှောင်ပေးသလိုဖြစ်နေ၍ ဖြစ်သည်။နောက်တစ်ဦးဖြစ် ချည်ပြီးမှ သူတို့နောက်ရေးကို ကျူပ်ပစ်မှာ"...ဟု ပါးမား**

ရသည်။ ထို့နောက် ဖစ်ဂျိဘွန်း၏ လက်ကောက်ဝတ်ကို ချည်နှောင် သည်။ ဂေါ်မင် ဖျားချင်သလို ဖြစ် လာသည်။ အဖြစ်က ပါးမားအနေ ဖြင့် အေးအေးဆေးဆေး ပစ်သတ် နိုင်စေရန် သူ့လူများကို တုပ် နှောင်ပေးသလို ဖြစ်နေ၍ ဖြစ်

နယ်ဘာက် ... က်တစ်ဦး ဖြစ်သည်

"ဒီက နေ့ ... ကို ချည်နှောင်ပြီး တွေကို စကျူးအိ ... ားလုံးချည်ပြီးမှ သူ မတတ်သ ... ကို ကျူပ်ပစ်မှာ" ဟု ကျွန်ုယ်က ... ပြောတော့သည်။

အပြီးတွင်

အသင့်ဖြစ်ပြီးပြင်ပေါ် မှောက်အိပ်နေ ကြရှုံးသည် သစ်တုံးနယ် တုတ် တုတ်ပင် မလှုပ်ရဲကြတော့။

"ကျွန်တော့်ဘဝမှာ အဲဒီ အချိန်လောက် တစ်ခါမှ မကြောက် ခဲ့ဘူး။ ဒါပေမယ့် ကျွန်တော် တစ်ခုခု လုပ်ရတော့မယ် ဆိုတာ ကျွန်တော် သိလာတယ်။ ကျွန် တော် ပါးမားကို တိုက်ခိုက်ရင် သူ ကျွန်တော့်ကို ပစ်မှာ အမှန်ပဲ။ သူ ပြောတဲ့အတိုင်း လုပ်တာတောင် နောက်ဆုံးတော့ ကျွန်တော့်ကို လည်း သူသတ်မှာပဲ၊ ကျွန်လူ အား လုံးလည်း သတ်ခံရမှာပဲ" နောင် အခါတွင် ဂေါ်မင်က ထုတ်ဖော် ပြောခဲ့သည်။

ခွားထောက်ကြည့်နေသော ပါးမားက ဂေါ်မင်၏ လှုပ်ရှားမှု မှန်သမျှကို အလွတ်မပေးဘဲ သေ နတ်ချိန်လျက် ကြည့်နေသည်။ ဂေါ်မင်မှာ ပါးမားနှင့် ခုနစ်ပေခန့် ဝေးနေသည်။ နောက်ထပ် လူ တစ်ဦးကို ချည်နှောင်ပြီးလျှင် သူနှင့် ပါးမား ပို၍ ဝေးသွားနိုင် သည်။ ထို့ကြောင့် ပါးမားနှင့် သူ နီးအောင် ကြံရတော့သည်။

ဂေါ်မင်အနေဖြင့် ပါးမား လက်ထဲ ရောက်နေသည်မှာ ၇၅

**နေဖြင့် အောအောအေးအေးပစ်သတ်နိုင်စေရန် သူလူများကို သည့်စမစ်၏လက်ကို ချည်နှောင်ပြီးသောအခါ" အားလုံးက ပြောတော့သည်။**

မိနစ် ရှိချေပြီ။ ဤအချိန်အတွင်း သူ သတိထားမိသော အချက်တစ်ချက် ရှိခဲ့သည်။ ပါးမားသည် ဆောင့်ကြောင့်ထိုင်ရာမှ ထသည့်အခါတိုင်း သူ့ သေနတ်ပြောင်းဝသည် မျက်နှာကြက်ဆီသို့ ရောက်သွားတတ်ပြီး ထို့နောက်မှ ဖမ်းထားသူများကို ချိန်ရွယ်တတ်သည်။ သေနတ် ပြောင်းဝ မျက်နှာကြက်ဆီသို့ ရောက်သွားသော စက္ကန့်ပိုင်းလေးသည် သူ့အတွက် အခွင့်အရေးလေး ဖြစ်လိမ့်မည်ဟု သူ တွေးမိသည်။

"သူတို့ ခြေထောက်တွေ သိပ်ကပ်နေလို့ ငါ လျှောက်ရတာ မကောင်းဘူး" ဟု ဂေါ်မင်က ပြောသောအခါ "နင်းသာသွား" ဟု ပါးမားက ပြန်ပြောသည်။

"သူတို့ ခေါင်းဘက်က ချည်ရင် ပိုပြီး အဆင်ပြေလိမ့်မယ်" ဟု ဂေါ်မင်က ပြောပြသည်။ ခေါင်းဘက်က နေပြီး ချည်လျှင် ပါးမားနှင့် ပို၍ နီးနိုင်၍ ဖြစ်သည်။

"ဒါဆိုလည်း လုပ်" ပါးမားက ခွင့်ပြုသည်။

ဂေါ်မင် ရက်တရက် အကြံတစ်ခု ရလိုက်သည်။ သူက ဒုတိယလူနှင့် တတိယလူကြားသို့ လှမ်းဝင်လိုက်သည်။ ခလုတ်တိုက်မိဟန်ဖြင့် လဲတော့မလို ဖြစ်သွား၍ ကိုယ်ကို ပြန်ထိန်းရာ ဒုတိယလူကို တက်နင်းမိသည်။ ဤသို့ဖြင့် ပါးမားကို ကျောပေးရင်း နောက်ဆုတ်လိုက်ရာ သူနှင့် ပါးမားကြားရှိ ပထမလူကို တက်နင်းမိပြန်သည်။ ပါးမားလည်း ဆောင့်ကြောင့် ထိုင်နေရာမှ မတ်တတ် ထရပ်လိုက်သည်။ သူ့အကျင့်အတိုင်း သေနတ် ပြောင်းဝက မျက်နှာကြက်ဆီ ရောက်သွားပြီး အောက်သို့ ပြန်အချ စက္ကန့်ပိုင်း



လေးအတွင်း ဂေါမင် ပါးမားအနီး
ရောက်သွားပြီး သေနတ်ပြောင်းတ
လည်း သူ့ကျောပေါ် ရောက်လာ
သည်။ ယင်းစက္ကန့်ပိုင်းလေး
အတွင်း သူ့ ဘယ်လက်ဖြင့် သေ
နတ်မောင်း ရှိသည့်နေရာကို လွှ
ရိုက်ရင်း တစ်ဆက်တည်းပင် သူ
ညာလက်သီးဖြင့် ပါးမား၏ မေးရိုး
ကို အားကုန် ထိုးပစ်လိုက်သည်
ပါးမားလက်မှ သေနတ် လွတ်က
သွားရုံမက ပါးမား ကိုယ်တို
လည်း ကြမ်းပေါ် ကျသွားသည်
ဂေါမင် သူ့အပေါ် ခုန်အုပ်စ
ပါးမားက ခြောက်လက်မ အကွ
တွင် ရှိသော သေနတ်ကို လှမ်းယ
ရန် ကြိုးစားနေသည်။ ဂေါမင်
သူ့ ဒူးနှင့် ပါးမား၏ လက်ကော
ဝတ်ကို ဖိထားလိုက်သည်။
လက်သီးနှင့် ဆက်ထိုးသည်။

"လာကြဟေ့၊ လာကြ"
ဂေါမင် အော်သောအခါ ကြ
မချည်ရသေးသည့် ကျန်လူ လေ
ယောက်လည်း ပါးမားကို ဝိုင်း
ထိုးကြိတ်ကြတော့သည်။ ယင်း
လုံးထွေးနေကြစဉ် ရော်ရာဝ့်အမ

ရှိ ကန်ထရိုက် တစ်ဦး အခန်းထဲ ဝင်လာသည်။ မြင်ကွင်းတို့ နားမလည်နိုင်သော သူက "ဘာတွေဖြစ်နေကြတာလဲဗျ၊ စောစောစီးစီး" ဟု မေးနေသည်။

တစ်ယောက်က မော့်ကြည့်ပြီး အသံအစ်အစ်ဖြင့် ပြန်ဖြေသည်။

"ပါးမားလေ...၊ ပါးမား"

ကရှချယ်က အနီးဆုံး တယ်လီဖုန်း ရှိရာဆီသို့ ပြေးပြီး သတင်းပို့သည်။ သုံးမိနစ်အကြာတွင် ရဲကား တစ်စီးရောက်လာသည်။ ရဲအရာရှိ တစ်ဦးက ပါးမားကို လက်ထိပ်ခတ်သည်။ ပါးမားမှာ အတော် နာနေချေပြီ။ သူ့ကို ခဲခဲယဉ်းယဉ်း ကားပေါ် တင်ခေါ်သွားရသည်။

ဂေါ်မင်နှင့် သူ့လူ ခုနစ်ယောက်မှာ မတ်တတ် ရပ်လျက် အချင်းချင်း ငေးငိုင်ကြည့်ကြည့်မိကြသည်။ ကြောက်စိတ်ကား မပြေကြသေး။ ဂေါ်မင်က သွေးများ ပေကျံနေသော သူ့လက်ကို ပြန်ကြည့်ရင်း အလုပ်သဘော ဆန်သော လေသံဖြင့် "ကောင်းပြီ ကိုယ့်လူတို့၊ ဘီလပ်မြေတွေ လိုက်ပို့စရာ ရှိတယ်" ဟု ပြောလေသည်။

ကားသမား လေးယောက်က တစ်ပြိုင်တည်း မေးလိုက်သော စကားမှာ "ဘယ်သူ မောင်းပို့မှာလဲ" ဟူသတည်း။

"ဟုတ်တယ်ဟေ့၊ ဒီမနက်တော့ ဘယ်သူမှ လိုက်ပို့ဖို့ မလိုတော့ဘူး"

သတိဝင်လာသော ဂေါ်မင်က စပ်ဖြဲဖြဲဖြင့် ပြောလိုက်သော နောက်ဆုံး စကားပေ။

ယင်းကိစ္စနှင့် ပတ်သက်၍ ဂေါ်မင်မှာ ကာနက်ဂျီ သူရဲကောင်း ရန်ပုံငွေ ကော်မရှင်က ငွေ တံဆိပ်ဆုကို ထိုနှစ်အတွက် ချီးမြှင့်ခံရသည်။ လူသတ်သမား ပါးမားမှာ ကား ပြစ်ဒဏ်အဖြစ် နှစ်ပေါင်း (၁၈၀) ကျခံရန် တရားရေးအဖွဲ့မှ အမိန့်ချမှတ်ပါလေ၏။

၂၄၆၂ ရီးဒါးဒိုင်ဂျက်မှ **Joseph Blank** ၏ **A murderer is Loose** ကို ပြန်ဆိုပါသည်။

---

အနှင်း

---

အခြေအနေအရ
ဘဝမှာဒီတစ်ကြိမ်တည်းသာ
မမှားချင်ဘဲ မှားလိုက်ရတယ်
ဆိုပေမယ်လည်း
တရားဥပဒေကတော့
တိတိကျကျ၊ ပြတ်ပြတ်သားသား



# လေးသုံ ။

## ကျွန်မပြောတာကိုယုံကြပါရှင်

မြည်တွင်းဖြစ်ရပ်မှန်
မှုခင်းဝတ္ထု
လင်္ကာဒီဂမခ
၁ ၉ ၉ ၄




# မိဘမေတ္တာ

ဓာ မေ



F. ၅



လေးသူစံ

# ကျွန်မပြောတာကို ယုံကြပါရှင်

အဟင့်... ခုကွပါပဲ.. အဟင့်..
အီးဟီး... ဘယ်လိုလုပ်ပြီးများ
ဘယ်အချိန်တုန်းက နိုက်သွားကြပါ
လိမ့်။ သေချင်းဆိုး ခါးပိုက်နှိုက်
တွေ။ ဒီလောက် ခြင်းတောင်း
အောက်ဆုံးထဲမှာ အိတ်နဲ့ ဖိထားတဲ့
ဟာကို ရအောင်နိုက်သွားကြသေး
တယ်။

ဘယ်လိုလုပ်မလဲ၊ ဘယ်လိ
လုပ်ကြမလဲ အရပ်ကတို့။ သ
တော်သီးတွေ၊ ပန်းသီးနာတာလေ
တွေ၊ အို.. နာတယ်ဆိုပေမယ့် နည်
နည်းပါ။ဒါပေမယ့် ပန်းသီးက
အတွင်းလိုက် စားပြီး ပုပ်တာ၊ နာ
တာ မြန်တော့ အနာလေး နည်းနည်
ပါတာနဲ့ အပြစ်ကင်းတဲ့ ပန်းသီးဈေ
နဲ့ အပုံကြီးကွာပြီး ပေါချောင်ဈေ
ရရော။ ကျွန်မက အဲလို ပေါချောင်
ဈေးနဲ့ ရတဲ့ သစ်သီးဝလံတွေကို
ဝယ်သွားပြီး ကျွန်မတို့ ရပ်ကွက်က
မူလတန်းကျောင်းလေး ရှေ့မှာ
ရောင်းတဲ့ ဈေး သည်ပါ။

ဒီနေ့လည်း ပေါချောင်ရမယ်
သစ်တော်သီး၊ ပန်းသီးနဲ့ ပြောင်းဖူ
တွေ လာဝယ်တာ။ ခြင်းကို လူရေ

မှာ ထားပြီးတော့ကို ဈေးထဲပတ်နေတာပါ။ သစ်သီးတွေ ထည့်မယ့်မြွေရေခွံအိတ်ကို ခေါက်ပြီး ခြင်းထဲထည့်ထားတာ။ အဲဒီအိတ်အောက်မှာမှ ပိုက်ဆံအိတ်။ အစောကပဲ ပန်းသီးဒိုင်မှာ ပန်းသီးတွေ ရွေးနေရင်းနဲ့ ပိုက်ဆံအိတ်ကို စမ်းကြည့်တာ ရှိသေးတယ်။ ခဏခဏလည်း စမ်းကြည့်နေတာပါပဲ။ သတိမလစ်ခဲ့ပါဘူး။

အဲ အဲ စောစောက ပြောင်းဖူး၊ ပြောင်းဖူးဆိုင်ရှေ့မှာ အန်တီ နင်းညိုနဲ့ တွေ့လို့ စကားရပ်ပြောလိုက်ရသေးတယ်။ အဲဒီတုန်းက တစ်ချိန်လုံး ခြင်းကြီး ပိုက်ထားရတာသောင်းလို့ဆိုပြီး ဘေးမှာ ဆွဲထားမိသေးတယ်။ ပြီးတော့ ဆက်လျှောက်၊ အို... ပြောင်းဖူးဒိုင်တွေ င်ဘန်းနေတာပဲ။ လူတွေလည်း ကြိတ်ကြိတ်တိုးလို့။ တစ်ယောက်ကို တစ်ယောက် အားမနာစတမ်း ကိုးဝှေ့ရတော့တာပဲ။

အရေးထဲ မိုးက ဖြုန်း ဝုန်းဆိုရွာချလိုက်လို့ ခြင်းအောက်ဆုံးမှာ ပိုက်ဆံအိတ်နဲ့ အတူရှိနေတဲ့ ထီးကို ကမန်းကတမ်း ဆွဲယူပြီး ဆောင်းခဲ့ရတာရော။ ပြီးတော့ ခြင်းကို ရင်ဘတ်မှာ ပိုက်မိသလား၊ ဘေးမှာ ဆွဲထားရက်လား၊ မမှတ်မိ၊ သတိမထားနိုင်ပါတော့အောင်ကို ရုံကြီးထဲ အပြေးတစ်ပိုင်းဝင်ခဲ့ မိုးခိုခဲ့ရတာ။ လေရော မိုးရော တရမန်းကြမ်းမို့ ထီးပါတဲ့လူရော မပါတဲ့ လူရော အားလုံးရွှဲ။ လူတွေလည်း ဝရုန်းသုန်းကားတိုးမိ တိုက်မိ၊ တစ်ချို့အလဲလဲ အပြိုပြို။

ကျွန်မတောင် ချော်လဲတော့မလို ဖြစ်လိုက်ပါသေးရဲ့။ လူတွေကလည်း အရမ်းတိုးတာပဲ။ အဲဒီမှာ ပိုက်ဆံအိတ်ကို သတိရပြီး စမ်းကြည့်လိုက်တော့ မရှိတော့တာ အဟင့်... အီး...ဟီး...ဟီး...

• • • • • • • • •

ကျွန်မ ပိုက်ဆံက ထောင့်ရှစ်ရာကြီးတောင်၊ သိလား။ ရှစ်ရာက ကျွန်မပိုက်ဆံ။တစ်ထောင်ကကျွန်မမိထွေးက အတိုးနဲ့ ချေးပေး လိုက်တာ။ ကုန်များများ ဝယ်နိုင်အောင်လို့လေ။ ကျွန်မတို့နေတဲ့ ဒလဈေးဘွယ်ကြီးကနေ ရန်ကုန်ဘက်ကမ်း

ကို ဈေးဝယ်လိုက်ရင် တစ်နေကုန်ရော မဟုတ်လား။ ဈေးရောင်းချိန် သိပ်ပုပ်တာ၊ ဒါကြောင့် များများ ဝယ်ထားနိုင်အောင်လို့ မိထွေးတော်က ဈေးပေးလိုက်တာ။ ထောင့်ရှစ်ရာဖိုးဆို သုံးလေးရက်တော့ အသာလေး ရောင်းရမှာ။

ခုတော့.... ခုတော့... အမယ်လေး ဆဲသံ ဆိုသံ မိုးမွှန်နေရင်းကနေ ဘယ်လင်ကို မိုးကြေးပန်းကြေး ပေးခဲ့တာလဲတို့၊ အဝတ်အစားတွေ ကြိတ်ဝယ်ထားပြီး ပျောက်တယ်လို့ ညာဦးမလားတို့၊ ဆံပင်ဆွဲလိုက်၊ ပါးရိုက်လိုက်၊ ပေါင်တွင်းကြော ဆွဲလိမ်လိုက်၊ ထင်းချောင်းနဲ့ရိုက်လိုက်၊ ရိုက်လို့မဆုံး၊ ဆဲလို့မဆုံးအောင် ဖြစ်နေမယ့် မိထွေးတော်ကို စိတ်ကူးနဲ့ တွေးမိတာနဲ့ ကိုပဲ အသည်းတုန် အူတုန် ဖြစ်လိုက်တာ၊ အမလေးလေး၊ အမလေးလေး။

အဖေက မူးမူးနဲ့ ဝိုင်းဝန်းကူညီ မှုည်မှုည် လုပ်ဦးမယ်။ အဖေက မရိုက်တတ်လို့သာ တော်တော့တယ်။ အဖေပါ မိထွေးနဲ့ အတူ

ဝိုင်းရိုက်ရင်တော့...

အို မပြန်ဘူး၊ အိမ်မပြန်ရဲ
ကြောက်တယ်။ မိထွေးတော်
လှသန်းကြီး ရိုက်မှာ ကြ
တယ်၊ အို... ကျွန်မ ဘာလုပ်
ဟင် ကယ်ကြပါဦး။

"ဟဲ့ မိအေး"

"အမလေး"

"ဟဲ့ ဘာလို့ ဒီလောက်ကြီ
အော်ရတာလဲ"

"ဟင် အန်တီ နှင်းညို"

"အေး ငါပါဟဲ့၊ နင်ချေ
လာငိုနေတာ တွေ့လို့၊ ပြေ
နင်ဘာဖြစ်လို့လဲ ဘယ်သူက
ကား..."

ဂရုတာစိုက် မေးမယ့်သူ
တော့မှ ပိုပိုဝမ်းနည်းပြီး တ
ငိုမိတော့တယ်။ ငိုရင်းနဲ့ပဲ ပြ
တော့တယ်။ အကြောင်းစုံ
တဲ့ အန်တီနှင်းညိုက...

"ကဲ.. ကဲ တိတ်တော့ န
ဆံတွေ ပြန်ရအောင် အန်တီ
မယ်"

"ဟင် တစ်ကယ်လား

"အေး တစ်ကယ်ပေါ့၊

ကားကို သေချာနှုးထောင်မှ
ခ်မှာ အနက်တီနိုင်းတာ လုပ်ရမယ်"
မျက်ရည် ဆက်ကျဖို့ မေ့သွားရ
အောင်ကိုပဲ တွေကန် စဉ်းစားရပြီ။
ကျွန်မတို့ရွာက အမျိုးသမီးတိုင်း လို
ကြိုက အနက်တီနှင်းညိုကို ရှောင်ကြ
တာ။ သူက ဟိုဟာဆိုလား။ အတိ
ကျ မပြောသာပေမယ့် ရန်ကုန်
က်ကမ်းကို ကျွန်မ ကုန်ဝယ်လာ
ိုင်း... သူ့ကို ယောကျ်ား တစ်
ယောက်ပြီး တစ်ယောက် တွဲသွား
ွဲလာနဲ့ မြင်မြင်နေရတာပဲ။ ကျွန်မ
မြင်ချင်ယောင်ဆောင်ခဲ့ရတာ တော
ကာပဲဟာ။

သူ့ တစ်ယောက်တည်းကို ရင်
ိုင်တွေ့ရပြီဆိုရင်တော့ သူက
ုတ်အတင်း နှုတ်ဆက်နေတဲ့အခါ
ကားပြန်ပြောရတာတော့ ရှိတာ
ပေါ့။ ကျွန်မလည်း သူ့ပုံစံကို မ
ကြိုက်ပါဘူး။ အခုလည်း သူ့အရွယ်
ကြီးနဲ့ ဝတ်စားထားတာ ကလက်နေ
တာအမှန်ပဲ။ ဆံပင်ကလည်း ပခုံး
ပေါ်မှာတင် တွန့်လိမ်ကောက်ကွေး
ရှုပ်ပွနေတော့တာ။

ဒါပေမယ့် အခုအချိန်မှာတော့





ရေနစ်နေတဲ့ ကျွန်မအတွက် အန်တီနှင်းညိုဟာ မြက်ပင်မှ ဧရာမမြက်ပင်ကြီးပါ။

× × × × × × ×

အန်တီနှင်းညိုကို တစ်ရွာလုံးကြည့်ကြရှောင်ကြတာ ဘာဖြစ်လို့လဲဆိုတာ ကျွန်မလက်တွေ့ သိခဲ့ရပြီလေ။ ကျွန်မအကြောင်းကိုပါ သိသွားခဲ့ကြရင်…

မနက်စာကို အန်တီကကျွေးပြီး ဘာမှစိတ်မပူဖို့ တစ်ဖွဖွ ပြောရင်း ဂုံးတံတားကြီးဆီကို ခေါ်လာခဲ့တယ်။ အဲဒီအနားက ကွမ်းယာ

သည် ကုလားတစ်ယောက်နဲ့ သူ
ဒကားပြောနေတုန်း.. ကျွန်မကို ခပ်
ခေးဝေးမှာ နေခိုင်းခဲ့တယ်။

ကျွန်မလေ ကြောက်လည်း
ကြောက် ရင်လည်းဖိုနဲ့ ဖြစ်ချင်ရာ
ဖြစ်စမ်းဟယ် ဆိုပြီးအန်တီနဲ့ လိုက်
သာလာခဲ့ရတယ်၊ ဘုရားတပည့်
တော်မကို အခုနေ ငွေ ထောင့်ရှစ်ရာ
သုပ်ကြီး လမ်းပေါ်ကနေ ကောက်ရ
အောင် ပေးသနားတော်မူပါဘုရား၊
အခုကုန်ဝယ်ပြီး အခုပဲဒလကို ပြန်
ပါမယ် ဘုရား..လို့ ဆူးလေဘုရား
ကြီးကို ဦးနိုက်ပြီး ဆုတောင်းနေမိခဲ့
တာ။

"လာ မိအေး၊ နင့်ကိစ္စပြေလည်
သွားပြီ၊ တို့ ရုပ်ရှင်ရုံတွေဘက် ခဏ
လျှောက်ကြည့်ရအောင်"

ကဲ လျှောက်ဆိုလည်း လျှောက်
လိုက်တာပေါ့လေ။ ကျွန်မရဲ့ စိတ်နဲ့
ကိုယ်နဲ့ မတွဲမိတော့တာ ယုံပါ။

ကျွန်မတို့ ရုပ်ရှင်ရုံဘက်က ပြန်
လာတဲ့အခါ ကွမ်းယာသည်အနား
မှာ အကောင်နှစ်ကောင်ကို တွေ့
လိုက်ရတယ်။ အတွေးတစ်ချက်က
ကျွန်မရင်ကို လှုပ်ခါသွားစေတော့
တာ။

ဘုရား..ဘုရား...ဘုရား...။ ကြွ
ဘုရားတပိခဲ့ပေမယ့် အဲဒီလူနှစ်
ယောက်က ကျွန်မကို... လမ်းထဲက
ဆောက်လက်စ ကန်ထရိုက်တိုက်
ခန်းတစ်ခုဆီ ခေါ်သွားခဲ့ကြတယ်။


ခြေလှမ်းလေးနေတဲ့ ကျွန်မကို
ဘာမှ မကြောက်ဖို့ အန်တီက အား
ပေးပြီး ဂိတ်စောင့်လုပ်ခဲ့တယ်။

ကျွန်မလေ...ကျွန်မ...

× × × × × × ×

"ဟဲ့...မိအေး.. ရတယ်သိလား၊
ကွမ်းယာသည်ကုလားကို သုံးဆယ်
ပေးလိုက်တယ်.. ညည်းကို သနား
လို့၊ အန်တီအတွက် မယူတော့ပါ
ဘူး၊ ညည်း ဒီည ဆက် အလုပ်
လုပ်လိုက်ရင် လိုနေတဲ့ ငွေ ရသွား
လိမ့်မယ်၊ ညည်းအမေနဲ့ မိတွေးက
ဆူရင် ခါးပိုက်နှိုက်ခံရလို့ ရဲတိုင်
တာ တရားခံ ချက်ချင်းမိတယ်၊
စစ်ဆေးနေရင်း မိုးချုပ်သွားလို့
စခန်းမှာ အိပ်ခဲ့ရတာ လို့ပြောနော်
သိလား၊ မိုဘာပဲ ဆူလည်း ခဏ
ပေါ့အေ၊ ငါနဲ့အလုပ် လုပ်တာကို
လုံးဝသွားမပြောနဲ့နော်"

အန်တီ နှင်းညိုရဲ့ တစ်တွတ်



**သန်းခေါင်ထက် ညဥ့်မနက်ဘူး ဆိုပေမယ့် ကျွန်မဘဝကို ကျွန်မ ရင်နာ အောင်ဂလီဆန်လို့ တိတ်တိတ်ကလေး မျက်ရည်ကျနေရပြီလေ...**

**အဲဒီအချိန်မှာ ... ...**

တွတ် စကားတွေနဲ့အတူ ကျွန်မလည်း ရန်ကုန်မြို့လယ်ခေါင်မှာ သန်းခေါင်တိုင်ခဲ့ပြီရော။ သန်းခေါင်ထက် ညဥ့်မနက်ဘူးဆိုပေမယ့်၊ ကျွန်မဘဝကို ကျွန်မရင်နာအောင်ဂလီဆန်လို့ တိတ်တိတ်လေး မျက်ရည်ကျနေရပြီလေ...။

အဲဒီအချိန်မှာ...

"လှူပါးဝလို့၊ ခုနှစ်ရာတို့ တစ်ထောင်တို့နဲ့ နင်ပဲ ခေါ်ပေးခဲ့ရတာပဲ.. နင့်ကို နောက်ထပ် ငါးဆယ်လည်း ပေးပြီးပြီ၊ အေး ငါ့တူမကို လိုချင်ရင် နင်တစ်ထောင်ပေးရင် ရမယ်။ ဘာ...အလကား၊ ပိုက်ဆံမရှိဘူး၊ ဟုတ်လား၊ ငါ့တူမကိုများ ဘာထင်လို့လဲ၊ နုနုထွတ်ထွတ်လေးဟဲ့၊ ဟင်.. အလကားတော့ မရဘူး..၊ ဒါပဲရမယ်.."

အန်တီနှင်းညိုရဲ့ လက်ဝါးက ပါးမရွေးဘူးဆိုတာ ဟုတ်မယ်။ ကွမ်းယာသည် ကုလားလည်း ပါးရိုက်ခံလိုက်ရလို့ ဒေါကန်ပြီး လက်သီးနဲ့ ပြန်ထိုးတယ်။

ဟင်... အဲဒါမှ ခုက္ခ၊ တိုးတိုးတိတ်တိတ် ကိစ္စပြီးရမှာကို အခု

...ား ဆူညံပူညံနဲ့ ဒုက္ခပါပဲ။

ကျွန်မကလည်း ဘယ်နေသာ ...မှာလဲ။ ကုလားခေါင်းကို ထီးနဲ့ ...်းရိုက်ရတော့တာပေါ့။

အဲဒီမှာပဲ ရုတ်ရုတ်သဲသဲ ဖြစ်နေ ...မောင်ရိပ်ထဲက ကျွန်မတို့ဆီကို ...်နိပ်မောတ်စီးရောင်တွေ စုပြုံကျ ...တယ်။ ဟင်.. ရဲ...ရဲတွေ...။

"မဖမ်းပါနဲ့ ကျွန်မကို မ ...မ်းပါနဲ့ ရဲကြီးရယ်၊ ဟင့် ...င်း... ရှင်တို့ ထင်သလို မ ...ဟုတ်ပါဘူး။ ဦးလေးကြီးတို့ ...င်သလို မဟုတ်ပါဘူး။ ...ျွန်မကို သနားပါ။ ကျွန်မကို ...နိုင်လွှတ်ပါ။ ကျွန်မလေ... ...ျွန်မ... တစ်... တစ်..ခါ... ...ည်း... အဟင့်..ဟင့်.. အီး... ...း......ဟီး....

* * * * * * * * *

"မငိုနဲ့ကလေးမ...၊ မငိုနဲ့၊ ...အေးအေးဆေးဆေးသာ စခန်း ...ို့ လိုက်ခဲ့ပါ။ ငါတို့ဟာ မင်း ...ို့ တွေမသားချင်းလို သဘော ...ားပြီး နှလို အမှောင်လမ်း ...ကျက်နေရတာကိုတော့ သနား မိပါတယ်။ ခွင့်လွှတ်ဖို့ ဆိုတာ ကတော့ ငါတို့လည်း မတတ် နိုင်ပေဘူးကွယ်၊ တရားဥပဒေ ကသာ အဆုံးအဖြတ် ပေးလိမ့် မယ်။ တရားဥပဒေဆိုတာ မသိ လို့ပဲ မှားမှား၊ တစ်ခါတည်းပဲ မှားမှား၊ ဘယ်လိုနည်းနဲ့ မှား မှား ဥပဒေ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်လာရင် တော့ တရားခွင်မှာ ထုချေရှင်း လင်း ရတော့မှာပါ။ အပြစ်ရှိ ရင် ရှိသလို... မရှိရင် မရှိသလို ဖြစ်ပါလိမ့်မယ်။ ကဲ.. စခန်းကို သွားကြရအောင်။

* * * * * * * * *

အို... ဘာတွေပြောနေကြ တာလဲ။ ရဲကြီးတစ်ယောက်ရဲ့ စကားသံက ကျွန်မနားထဲကို ဝေဝေ ဝါးဝါးနဲ့ ဝင်လာတယ်။ သူ ဘာတွေ ပြောနေတာလဲ။ ကျွန်မ နားမလည် ဘူး။ ကျွန်မသိတာကတော့... ကျွန် မ ဘဝပျက်ခဲ့ရပြီ၊ ဘဝ ပျက်ခဲ့ရပြီ... နောက်ပြီး... နောက်ပြီး....

---

လေးချစ်

---


တစ်ခုလပ်မင

ပြည်တွင်း ဖြစ်ရပ်မှန် မှုခင်း

ဒေါသကြောင့် မှားတဲ့
အမှားတွေထဲက အာ
သိုးဆုံးအမှား ... ...

# လူသတ်မှု


ဝင်းဇော် (သုံးဆယ်)

ဇူလိုင်လ
၁၉၉၄

နေ့ရက်ကား ၁၉၅၀ ခုနှစ်၊ ဖြန်မာနှစ်ဆန်း တစ်ရက်နေ့ ဖြစ်၏။ လက်ပံတန်းမြို့၊ စီးဖြူကုန်း ရဲစခန်း အတွင်း စခန်းမှူး ဦးညွန့်တင်နှင့် ဒုရဲအုပ် ခင်မောင်မြင့်တို့သည် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

စခန်းမှူး ဦးညွန့်တင်သည် သူ့မျက်နှာချင်းဆိုင် နံရံတွင် ချိတ်ဆွဲထားသော ပြက္ခဒိန်မှ မြန်မာနှစ်ဆန်း (၁) ရက်နေ့ကို ကြည့်ပြီး ရင်ထဲတွင် လှုပ်ရှားသွားသည်။ လုပ်သက်နှင့် အတွေ့အကြုံများအရ မြန်မာနှစ်ဆန်း (၁) ရက်နေ့ မြန်မြန် ကျော်လွန်ပါစေဟု သူ၏ ရင်တွင်းမှ ကြိတ်၍ ဆုတောင်းလိုက်မိသည်။ မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် မလွဲမရှောင်သာသော လူသတ်မှု ဖြစ်ပွားပါက ထိုနှစ်တစ်နှစ်လုံးတွင် လူသတ်မှုပေါင်းများစွာကို ဖမ်းဆီးရသည့် အဖြစ်များနှင့် ကြုံတွေ့ရတတ်သောကြောင့် ဖြစ်သည်။

ထိုမြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် အမှု အသေးအဖွဲများကို စတင်ကိုင်တွယ်ရပါက ထိုနှစ် တစ်နှစ်လုံး



ရဲစခန်းပိုင် နယ်မြေအတွင်းဝယ် အမှုအသေးအဖွဲ့များသာ ဖြစ်ပွားတတ်လေသည်။ ဤသည်မှာလည်း လုပ်သက်နှင့် အတွေ့အကြုံများအရ ကြုံတွေ့ဖူး၍ ဖြစ်သည်။

စခန်းမှူး ဦးညွန့်တင်သည် ပြက္ခဒိန်ကိုကြည့်၍ အတွေးလွန်နေစဉ် ရဲစခန်းအတွင်းသို့ သာယာကုန်းကျေးရွာ၊ ပေါက်တောစုမှ ကျေးရွာလူကြီး ဦးဖိုးချို့သည် အလောသုံးဆယ့်အသွင်ဖြင့် ဝင်လာသည်။


"ဟာ... ဦးဖိုးချို့၊ ဘာဖြစ်လာလို့လဲ၊ အမောတကြီးနဲ့"

ဦးဖိုးချို့က စခန်းမှူး ဦးညွန့်တင် စားပွဲရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်သည်။ စခန်းမှူး ဦးညွန့်တင်၏ အမေးကို ဦးဖိုးချို့က ချက်ချင်း မဖြေနိုင်သေး။ အတန်ကြာအောင် အမောဖြေပြီးမှ...

"စခန်းမှူးရေ၊ ကျွန်တော့်အိမ်နားမှာ လူသတ်မှု ဖြစ်လို့ဗျ..."

ဦးဖိုးချို့က စကားကို တစ်လုံးချင်း ပြောချလိုက်သည်။ စခန်းမှူး ဦးညွန့်တင်၏ ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွားသည်။ လူသတ်မှု မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေသည့် ကြားက

**တစ်ခါတရံ လူ့တို့သည် ဒေါသကို ရှေ့ထား သဖြင့် မမှားသင့်သောအမှားများကိုမှား တတ်ကြလေသည် ...**



လူသတ်မှုက ပေါ်လာချေပြီ။

"ဦးလေး အိမ်နားမှာ ဖြစ်တာ ဟုတ်လား"

ခုရဲအုပ် ခင်မောင်မြင့်က စခန်းမှူး ဦးညွန့်တင်အနားမှ ထိုင်ခုံတွင် ဝင်ထိုင်ရင်း ဦးဖိုးချို့ကို မေးသည်။

"ဟုတ်တယ်၊ ကျွန်တော့်အိမ်နားမှာတင် အသတ်ခံရတာ"

"ဟင်၊ အသတ်ခံရတာက ဘယ်သူလဲဗျ၊ ဘယ်သူက သတ်တာလဲ"

"သတ်တဲ့သူတော့ မသိဘူး၊ အသတ်ခံရတာက မအေးစန်း၊ ကျွန်တော်နဲ့ဆိုရင် တူမတော်စပ်ပါတယ်"

"မအေးစန်းက အပျိုလား၊ အအိုလား"

စခန်းမှူး ဦးညွန့်တင်က မေးသည်။

"ကောင်မလေးက အိမ်ထောင်နဲ့ ကွဲနေတာ ငါးနှစ်လောက် ရှိပြီ"

"ဪ...ဪ၊ ဒါဆို ညက အသတ်ခံရတာပေါ့"

"ဟုတ်လိမ့်မယ်၊ ကောင်မလေး သေနေတာကို မနက်ကျမှ ဘေးအိမ်က လူတွေ အရင်မြင်တာ၊ အလောင်းကို ခြေရာလက်ရာ မပျက်ထားဖို့ ရွာက လူကြီးတွေကို မှာခဲ့တာပဲဗျာ"

စခန်းမှူး ဦးညွန့်တင်သည် သက်ပြင်းကို လေးပင်စွာ ချလိုက်မိသည်။ ခုရဲအုပ် ခင်မောင်မြင့်၏ မျက်နှာကိုလည်း ကြည့်လိုက်မိ၏။

"ခင်ဗျားပဲ တာဝန် ယူလိုက်ဗျာ၊ မြို့နယ်မှူးဆီကို ကျွန်တော်ပဲ အကြောင်းကြားလိုက်ပါမယ်"

ခုရဲအုပ် ခင်မောင်မြင့်သည် နယ်ထိန်း မြလွင်နှင့် ရဲတပ်သား နှစ်ဦးတို့ကိုခေါ်ကာ သာယာကုန်းကျေးရွာ ပေါက်တောစုသို့ သွားရန် ပြင်ဆင်လိုက်သည်။

"ကဲ... ဦးဖိုးချို့၊ သွားကြစို့"

ခုရဲအုပ် ခင်မောင်မြင့်နှင့်အဖွဲ့သည် ကျေးရွာလူကြီး ဦးဖိုးချို့နှင့် အတူ သာယာကုန်းကျေးရွာ ပေါက်တောစုသို့ ခရီးနှင်ခဲ့ကြသည်။

"ကောင်မလေးက မသေမီ ရက်ပိုင်းအတွင်းမှာ တစ်ဦးတစ်ယောက် နဲ့ ခိုက်ရန်ဒေါသ ဖြစ်ခဲ့တာများ ရှိခဲ့သလား ဦးဖိုးချို့။ နာလောက် ကြီးလောက်အောင် သူက သူများကို ဆဲဆို ကြိမ်းမောင်းခဲ့တာ ကြားမိသလား"

လမ်းစရိုးတွင် ဒုရဲအုပ် ခင်မောင်မြင့်က ဦးဖိုးချိုကို မေးသည်။

"ခိုက်ရန်ဒေါသ ဖြစ်ခဲ့တာတွေ မရှိခဲ့ပါဘူး ဆရာ"

ဒုရဲအုပ် ခင်မောင်မြင့်သည် လမ်းစရိုးတွင် လူသတ်မှု ဖြစ်ပေါ်စေနိုင်သော အကြောင်းအချက်များကို တွေးစရာချင်း တွေးလာမိ၏။ ကျေးရွာ လူကြီး ဦးဖိုးချိုကိုလည်း သူ သိလိုသမျှကို မေးမြန်း၏။

သို့နှင့် သာယာကုန်းကျေးရွာ၊ ပေါက်တောစုသို့ ရောက်လာကြသည်။ ရွာထဲသို့ ပြည်သူ့ရဲများ ဝင်လာကြသဖြင့် ရွာသူ ရွာသားများက ဟိုသည်မှ ထွက်ကြည့်ကြသည်။ ဦးဖိုးချိုက ဒုရဲအုပ် ခင်မောင်မြင့်တို့ အဖွဲ့ကို လူသတ်မှု ဖြစ်ပွားသည့် နေရာသို့ ခေါ်လာသည်။ အသတ်ခံရသည့် မအေးစန်း၏ မလှမ်း မကမ်းတွင် ကျေးရွာလူကြီးများ ထိုင်နေကြသည်ကို ဒုရဲအုပ် ခင်မောင်မြင့်တို့အဖွဲ့ မြင်တွေ့လိုက်ရသည်။ အသတ်ခံရသူ မအေးစန်းသည် ကျေးရွာလူကြီး ဦးဖိုးချို၏ အိမ်နောက်ဖေး သက်ကယ်ပစ်သည့်နေရာတွင် သေဆုံးနေခြင်း ဖြစ်သည်။

ဒုရဲအုပ် ခင်မောင်မြင့်က အသတ်ခံရသူမအေးစန်း၏ အလောင်းကို သေချာစွာ ကြည့်ရှုစစ်ဆေးသည်။ မအေးစန်း၏ ဘယ်ဘက် နို့အုံအောက်တွင် ရွှန်ထက်သည့်အရာဖြင့် အဲထိုးခံထားရသော ဒဏ်ရာတစ်ချက်ကို တွေ့လိုက်ရသည်။ အခင်းဖြစ်ပွားသည့်နေရာတွင် ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့သည့် သဲလွန်စကို တွေ့လိုက်ရ၏။ အသတ်ခံရသူ မအေးစန်း၏ ပတ်ဝန်းကျင်တွင် မြေသားများ ပုံစံပျက်ကာ ကျေမွနေသည်ကို ကြည့်ခြင်းအားဖြင့် တွက်ဆနိုင်သည်။ အသက် ငါးဆယ်ကျော် အရွယ် အဒေါ်ကြီးတစ်ဦးက အလောင်းနှင့် မလှမ်းမကမ်းတွင် ထိုင်ရင်း ငိုနေသည်။

"အသတ်ခံရတဲ့ ကောင်မလေး နာမည်က မအေးစန်းနော်၊ အသက်က ရော ဘယ်လောက်ရှိပြီလဲ"

"အသက်က နှစ်ဆယ့်ခြောက်နှစ်ပါ၊ အဒေါ်က မအေးစန်းရဲ့ အမေပါ"

"ဟုတ်ကဲ့ အဒေါ်၊ ကျေးဇူးပါပဲ။ မအေးစန်းနဲ့ ကွဲနေတဲ့ အိမ်ထောင်က အခု ဘယ်မှာနေပါသလဲ"

"သမီးနဲ့ အိမ်ထောင်ကျတုန်းက

ဒီရွာမှာပါပဲ။ သမီးနဲ့ ကွဲပြီးတော့ သူက တောင်ငူမှာ သွားနေတယ်။ အခု သူ အလည်လာလို့ ရွာထိပ်က သူ့အမေ အိမ်မှာပါ။ သူ့နာမည်က သောင်းတင် ပါ"


"အဲဒီ ကိုသောင်းတင်ကို ခဏ တွေ့ချင်တယ်၊ ဦးဖိုးချို လူလွှတ်ပြီး ခေါ်ပေးစမ်းပါ"

ကျေးရွာလူကြီး ဦးဖိုးချိုက အသတ်ခံရသူ မအေးစန်း၏ ခင်ပွန်း ဟောင်း ကိုသောင်းတင်ကို လူလွှတ်၍ အခေါ်ခိုင်းလိုက်သည်။ ခဏကြာတော့ ကိုသောင်းတင်ဆိုသူ ရောက်လာ သည်။ မအေးစန်း၏ အလောင်းကို ကြည့်ပြီး မျက်နှာမကောင်း ဖြစ်သွား သည်။

"လာပါ ကိုသောင်းတင်၊ ခင်ဗျား ကို နည်းနည်းပါးပါး မေးစရာ ရှိလို့ပါ။ မအေးစန်းနဲ့ ခင်ဗျားက အစက လင်မယားတွေဆို...."

"ဟုတ်ပါတယ် ဆရာ၊ လင် မယားချင်း ကွဲကွာကြတာတော့ ငါးနှစ် ကျော်ပါပြီ"

"မအေးစန်းက ကိုယ်ကျင့်တရား မကောင်းလို့ လင်မယား ကွဲခဲ့ရတာ





လား"

"မအေးစန်းက အလွန်ရိုးသား ပါတယ် ဆရာ၊ ကျွန်တော်နဲ့ ပေါင်းသင်းခဲ့တဲ့ ကာလ တစ်လျှောက်မှာတော့ ကိုယ်ကျင့်တရား ပျက်ပြားတာမျိုး မရှိခဲ့ပါဘူး။ ကျွန်တော် အရက်သောက်ပြီး မူးလာတဲ့အခါ ရိုက်နက် နှိပ်စက်တာကို မခံနိုင်လို့ လင်မယား ကွဲခဲ့တာပါ ဆရာ"

"ခင်ဗျား အခု တောင်ငူမှာ နေတယ်ဆို"

"ဟုတ်ပါတယ် ဆရာ"

"ဒီ ရွာကို ပြန်ရောက်တာ ဘယ်လောက် ကြာပြီလဲ"

"သုံးရက်ပဲ ရှိသေးပါတယ် ဆရာ"

"ဒီသုံးရက်အတွင်းမှာ မအေးစန်းနဲ့ ခင်ဗျား တွေ့ဆုံမိကြသေးလ

"တစ်နေ့ကတော့ ကျွန်တ အမေ့အိမ်ကို သူလာသေးတ စကားတော့ မပြောဖြစ်ကြဘူး"

"မအေးစန်း အသတ်ခံရတာ ခင်ဗျား ဘယ်တုန်းက ကြားလဲ"

"ဒီမနက် မိုးလင်းတော့ ရွာ လူတွေ ပြောလို့ သိရပါတယ်။ ဗေ ပိုင်း ဆရာတို့ မလာခင်လေးတ အလောင်းကို ကျွန်တော် လာ သွားသေးတယ်"

"မအေးစန်းကို ဘယ်သူ တယ်လို့ ခင်ဗျား ထင်သလဲ"

"ဒါတော့ ကျွန်တော် ဘယ် မလဲ ဆရာရယ်"

ကိုသောင်းတင်က အတိုင်း ပြောသည်။ သူ့ကြည့်

နီလေးမောင် မှုခင်းစာစဉ်



ဟာလည်း လူသတ်မှုနှင့် လုံးဝ မပတ်သက်နိုင်ဟု ယူဆသဖြင့် ဒုရဲအုပ်ခင်မောင်မြင့် အပြန်ခိုင်းလိုက်သည်။

\+ + + + + + + + + +

ထို့နောက် အခင်းဖြစ်ပွားသည့်ကို ကြားနိုင်လောက်သော အိမ်အနီးအပါးမှ လူများကို ခေါ်ယူစစ်ဆေးသည်။ အခင်းဖြစ်ပွားသည့် နေရာနှင့်အနီးဆုံး အိမ်များမှ တင်သိန်း၊တင်သန်း၊ ပေါက်စ၊ ဝင်းမြင့် (ကျေးရွာလူကြီး ဦးဖိုးချို၏ သမက်) တို့ကိုကျင့် ၁၅၁ အရ ဓေတ္တ ထိန်းသိမ်း၍စစ်ဆေးရန် စခန်းသို့ ပို့လိုက်သည်။သေသူ မအေးစန်း၏ အလောင်းကိုတော့ လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ မှုခင်းဆရာဝန်ထံ ပေးပို့လိုက်သည်။

ဒုရဲအုပ် ခင်မောင်မြင့်က ရဲစခန်းသို့ ရောက်လျှင် တင်သိန်း၊ တင်သန်း၊ ပေါက်စနှင့် ဝင်းမြင့်တို့ကို တစ်ဦးချင်းခေါ်ယူ၍ စစ်ဆေးသည်။ ထိုအခင်းဖြစ်ပွားသည့် ညက ရွာထဲတွင် နတ်ပွဲရှိ၍ ဆိုင်းသံဖြင့် တစ်ရွာလုံး ဆူညံနေကြောင်း လေးဦးစလုံးက တစ်ညီတစ်ညွတ်တည်း ဖြေကြသည်။ တင်သိန်း၊ တင်သန်း၊ ပေါက်စတို့က သူတို့မသတ်ပါဟု ဘူးခံကြပါသည်။ သူတို့ သုံးဦးစလုံးသည် စစ်ဆေး မေးမြန်းစဉ် ဣန္ဒြေမပျက်ကြ။ ပကတိရိုးသားသည့်ဟန် ရှိကြသည်။ ရွာလူကြီး ဦးဖိုးချို၏ သမက် ဝင်းမြင့်ကမူ စစ်ဆေး မေးမြန်းစဉ် မျက်နှာ အမူအရာပျက်နေသည်။ သူ့အသံက တုန်ရီနေ၏။ ဝင်းမြင့်ကို စစ်ဆေးမေးမြန်းစဉ်

င်သန်းနှင့် သူသည် နတ်ပွဲတွင် ရှိနေ ဘွဲ့ခင်း မကြာစေဘဲ ပြောကြားသည်။ ကြောင့် လူသတ်မှုတွင် တင်သန်းနဲ့ းမြင့်ပါဝင်ပတ်သက်စရာ ရှိသည်ဟု ရဲအုပ် ခင်မောင်မြင့်က ယူဆလိုက် ည်။ ဝင်းမြင့်၏ မျက်လုံးတွင် စိုးရိမ်မှု ါင်းများစွာကို တွေ့နေရသည်။ ခု အုပ် ခင်မောင်မြင့်က ဝင်းမြင့်၏ မှုန်သော မျက်နှာကို ကြည့်ပြီး ခေါင်း ဆတ်ဆတ် ညိတ်သည်။

ထို့နောက် ဝင်းမြင့်ကို သာရဝေါ နှို့ ပို့ကာ ကျွန် ၁၅၁ အရ စွဲဘွာထိန်း သိမ်းထားစေသည်။ တင်သန်းကိုတော့ းဖြူကုန်းရဲစခန်းမှာပင် ထိန်းသိမ်း ထားလိုက်၏။ တင်သိန်းနှင့် ပေါက်စ ကိုတော့ ပြန်လွှတ်ပေးလိုက်သည်။ ခြေအနေကိုတော့ တစေ့တစောင်း ဆက်စတ် နိုင်းထားသည်။ ရွာထဲမှ သူများကိုလည်း တိတ်တဆိတ် ခေါ်ယူ ကာ စစ်ဆေး မေးမြန်းရသည်။ ရွာသား များ၏ ထွက်ဆိုချက် အရ လွန်ခဲ့သော ငါးနှစ်ခန့်ကလည်း လူသတ်မှုတစ်ခု ဖြစ်ပွားဖူးကြောင်း၊ တရားခံကို လုံးဝ မမိကြောင်း၊ ယခု မအေးစန်း အသတ် ခံရမှုသည်လည်း တရားခံ ပေါ်မည် မထင်ကြောင်း ရိုးသားစွာ ပြောပြကြ သည်။

"ဘယ်လိုလဲ ဝင်းမြင့်၊ မအေးစန်း ကို မင်းသတ်တာပါလို့ တင်သန်းက ပြောနေပါလား။ မင်း လိမ်ညာမနေပါ နဲ့တော့ကွာ။ မင်းဘာကြောင့် မအေး စန်းကို သတ်တယ်ဆိုတာပဲ ငါသိချင် တယ်"

ခုရဲအုပ် ခင်မောင်မြင့်က မှုခင်း ပညာဖြင့် ဝင်းမြင့်ကို လူသတ်မှုကို အမှန်ကျူးလွန်ထားသူဟု သိနေသူ ပမာ မေးလိုက်၏။ ဝင်းမြင့်၏ မျက်နှာ သည် ရုတ်ချည်း စက်ထန်သွားသည်။ ဤသည်ကို ခုရဲအုပ် ခင်မောင်မြင့်က သိလိုက်သည်။


"တောက်၊ တော်တော် သစ္စာမရှိ တဲ့ အကောင်၊ အရက်တိုက်ထားတဲ့ ကျေးဇူးတွေကိုမှ မထောက်ဘူး"

ဝင်းမြင့်က ဒေါသသံဖြင့် ပြောချ လိုက်သည်။ ခုရဲအုပ် ခင်မောင်မြင့်က ပြုံးသည်။ သူ့လုပ်ရပ် မှန်ကန်သွား သဖြင့်လည်း ဝမ်းသာသွားသည်။

"ဒေါသဖြစ်မနေပါနဲ့ ဝင်းမြင့် ရယ်၊ ကျေးဇူးဆိုတာ ကျေးဇူးရှိမှ ကျေးဇူးကန်းတတ်တာမျိုးကွ။ တင်သန်းက သူ့ကို ဖမ်းထားလို့ ဖွင့် ပြောတာ နေမယ်။ လူသတ်မှုမှာ

ည်း ပါတယ် မဟုတ်လား"

"ကျွန်တော် အမှန်အတိုင်း ဝန်ခံ
ာမယ် ဆရာ။ တစ်ကယ်တော့
ောာ် သတ်မိလိုက်တဲ့ မအေးစန်း
ျွန်တော့်နမဝမ်းကွဲပါ။ အဲဒီညက
ာ်နတ်ပွဲလုပ်တဲ့ အိမ်မှာ အရက်
သောက်ပြီး အိမ်ပြန်လာပါတယ်။
ရောက်တော့ ဆီးသွားချင်လို့
်မေးဘက်ကို အလာမှာ အေးစန်း
ည်ကြီး စန်းလွင်တို့ သက်ကယ်
နေရာမှာ ချိန်းတွေ့နေတာကို
မထင် တွေ့လိုက်ရပါတယ်။
ကြီးစန်းလွင်က အရက်၊ ဖဲ၊
ယစ်ဆေးဝါး မရှောင်၊ လိုင်းစုံ
ူတစ်ယောက်ပါ။ ရွာထဲက
လေးတွေကိုလည်း ဒီကောင်က
ာက် ဆောင်ပေးပြီး ဖျက်ဆီး
ကျွန်တော်က သိထားတယ်
အေးစန်းက အိမ်ထောင် ပျက်ခဲ့
သိပ်ရိုးတဲ့ မိန်းကလေးပါ။
ာ်နဲ့ ပက်ပင်းတိုးတော့
ာ်က မအေးစန်းကို မိုက်ရပါ
ြီး ပါးရိုက်လိုက်တယ်။ ဒါကို
မင်းနဲ့ မဆိုင်တာ ဝင်မပါနဲ့
တယ်။ ကျွန်တော်လည်း
သာတဲ့အရှိန်နဲ့ ဒေါသက



**တစ်သက်လုံး အရက်တိုက် ပါ့မယ် လို့ကတိပေးပြီး နှုတ်ပိတ်ခဲ့ပေမယ့် ... ... ...**

လည်း ဖြစ်တော့ စန်းလွင်မျက်နှာကို
ကြ-က်သီးနဲ့ ထိုးလိုက်တယ်။ စန်းလွင်
ို့ကြောနှပ်း ကျွန်တော့်ကို ပြန်ထိုးတယ်။
င်းမြင့်ပါလ-း လုံးထွေးသတ်ပုတ်ကြရင်း
ရဲ့အုပ် ခင်သောင်ထားတဲ့ တစ်လုံးထိုး
သည်။ဝင်း ကျွန်တော်က စန်းလွင်ကို
ပေါင်မှုထိုးတယ်။ မအေးစန်းက အလယ်
က ဝင်ကာတော့ သူ့ဘယ်ဘက် နို့အုံ
အောက်ကို ထိုးမိပြီး လဲကျ သွားတယ်
ဆရာ၊ ဒါကို ကျွန်တော့်ကို စိတ်မချလို့
လိုက်လာတဲ့ တင်သန်းက မြင်သွားလို့
တစ်သက်လုံးအရက်တိုက်ပါ့မယ် ကတိ
ပေးပြီး နှုတ်ပိတ်ခဲ့ပေမယ့်..."

ဝင်းမြင့်က ဖြောင့်ချက်ပေးပြီး
သည်နှင့် အားရပါးရ ငိုချလိုက်သည်။
ဒုရဲအုပ် ခင်မောင်မြင့်က ခေါင်းကို
တဆတ်ဆတ် ညိတ်ရင်း သက်ပြင်းချ
လိုက်မိ၏။

ဝင်းမြင့်က သက်သေခံ မိန်း၊
အခင်းဖြစ်ပွားစဉ်က သွေးစွန်းခဲ့သော
အကျႌတို့ကို ထုတ်ပေးသည်။ တစ်ခါ
တစ်ရံတွင် လူတို့သည် ဒေါသကို ရှေ့
ထားသဖြင့် မမှားသင့်သော အမှားများ
ကို မှားတတ်ကြလေသည်။ ဝင်းမြင့်
သည် ဒေါသကို ရှေ့ထားမိသဖြင့်
နှမဝမ်းကွဲတော်စပ်သူ မအေးစန်းကို
သတ်မိခဲ့သည်။

ဤဖြစ်မှုအတွက် ဝင်းမြင့်သည်
အလုပ်နှင့် ထောင်ဒဏ် (ငါးနှစ်)
အပြစ်ပေးခြင်း ခံရလေသည်။

ဝင်းဇော်(သုံးဆယ်)



# အကြံပိုင်သော်လည်း

မီးခံသေတ္တာ တီထွင်သူများက သူခိုး သူဝှက်ရန်မှ ကာကွယ်နိုင်ရန်အတွက် သေတ္တာကိုဖွင့်လျှင် အချက်ပေးခေါင်းလောင်းများ မြည်စေရန် ဖန်တီးထားကြသည်။ အချက်မသိသော သူခိုးသည် အိမ်ရှင်လက်ဝယ် ကားကနဲမိသွားမည်သာ ဖြစ်သည်။

သို့သော်....

ထိုအချက်ကိုသိသော သူခိုးတစ်စုက ၎င်းတို့ခိုးမည့် မီးခံသေတ္တာနှင့် ပုံစံတူပြုလုပ်က၍ သေတ္တာအစစ်ဖြင့် လဲလှယ်ယူသွားသည်။

ဤသို့ဖြင့် ပိုင်ရှင်ကလည်း ချက်ချင်းသေတ္တာပျောက်ကြောင်းမသိနိုင်၊ အချက်ပေး ခေါင်းလောင်းအတွက်လည်း စိုးရိမ်စရာမရှိတော့။ အကြံပိုင်သော သူခိုးတစ်စုကို သူတို့ထက်ပိုလျှင်သော ပတ်တရောင်ရဲများက လမ်းပေါ်မှ ကင်းပုန်းချကာ စောင့်ဖမ်းဆီးလိုက်နိုင်သည်။

ယခုအခါ သူခိုးတစ်စု၏ မီးခံသေတ္တာတုကို စကော့တလန်ယာဒ်၏ ဒုစရိုက်ပြတိုက်တွင် ပြသထားခဲ့ပေသည်။

နီလေးမောင် မှုခင်းစာစဉ်



# ဆွေမြင် မြန်မာ ပြန်နှ
# အတိတ်၏အရိပ်

၁၉၇၀ JULY နှစ်ထုတ်
TRUE ROMANCES MAGAZINE မှ
*SHADOW FROM THE PAST*


လင်ဒါလေ
၁ ၉ ၉ ၄

နိုင်လေးဟောင် မှ



မိဘမေတ္တာ

99 ၈၁ ၆၂



# အတိတ်၏ အရိပ်

"ဟယ်. . . ချစ်စရာ ကောင် လိုက်တဲ့ အိမ်ကလေးနော်"

လူတိုင်း၏ နှုတ်ဖျားမှ အာ ဋိတ်သံ။

အစက ဆိုလျှင် ကျွန်မလည် သူတို့နှင့် ထပ်တူထပ်မျှပင် ဖြ သည်။

နောက်တော့ ကျွန်မ၏ အ အဆကို ပြောင်းလဲလိုက်ရသည် ထိုအကြောင်းကို ဟယ်ရီအား ဖွ ပြောပြမိသည်။

"ကောင်းပြီလေ. . အချစ်ဆ မရှိမှတော့ ပြောင်းဖို့ စီစဉ်ကြတ ပေါ့ အချစ်ရယ်"

ဟယ်ရီက ပြောလိုက်သည် ထို့နောက် ဆက်လက်၍. . .

"အချစ်အခုလို ခံစားနေရတ ကို တို့ မကြည့်ရက်ပါဘူးကွယ်" ပြောလေသည်။

ကျွန်မအနေနှင့် နောက်ထပ် အိပ်မက်ဆိုး ည၊ နောက်ထပ် အိပ်မက်ဆိုးတစ်ခု။ အိပ်ရာထဲတွင် အလန့်တကြား စူးစူးဝါးဝါး အော်ဟစ်မိသည်။ အိပ်ရာမှ လန့်နိုးလာသောအခါတိုင်း ချောက်ချောက်ချားချား မောဟိုက်နွမ်းလျသော ဝေဒနာ ကျန်ရစ်ခဲ့ရသည်။

"ဒီအပတ်ထဲမှာ 'အိမ်ရှောင်းမည်' လို့ ကြော်ငြာလိုက်မယ်နော်။ ပြီးတော့ ဆန်နီဗျူးနယ်မြေမှာ ဘန်ဂလို အသစ်ကလေးတွေ ရှိတယ်။ သွားကြည့်ကြမလားဟင်"

ဟယ်ရီက နှစ်သိမ့်သည့် လေသံဖြင့် မေးသည်။

"ဘယ်ကိုပဲ သွားရ၊ သွားရ၊ ဒီနေရာက ထွက်သွားရရင် ကောင်းမှာပါပဲရှင်။ အို. . . ကျွန်မ အခုလို ပြောရတာ စိတ်မကောင်းပါဘူး ဟယ်ရီ"

သူက ကျွန်မ၏ ဆံပင်ကို ကြင်နာစွာ ပွတ်ပေးနေသည်။

"ဒီအိမ်ကလေးဟာ ဘာဖြစ်လို့များ အချစ်ကို စိတ်ချောက်ချားစေရသလဲ ဆိုတာ ကို့ နားမလည်နိုင်တော့ဘူး အချစ်ရယ်"

"ကိုယ်စာသင့်နေလို့ ဖြစ်မှာပေါ့ရှင်"

ကျွန်မက တီးတိုး ရေရွတ်လိုက်မိသည်။

ထို့နောက် ဆက်လက်၍. . .

"ကျွန်မတို့ ဟန်းနီးမွန်းက ပြန်လာကတည်းက ကံဆိုးမိုးမှောင် ကျတော့တာပဲလေ။ ရှင် ကျွန်မကို အမှတ်တရ ဝယ်ပေးထားတဲ့ ရွှေနာရီလေး ပျောက်သွားတယ်။ နောက်တော့ ခြံစည်းရိုးကာထားတဲ့ အုတ်တံတိုင်းက အလိုလို နေရင်း ပြိုကျတယ်။ ကျွန်မ. .ဘယ်တုန်းကမှ မဖြစ်ဖူးတဲ့ ခေါင်းကိုက်ဝေဒနာကို စပြီး ခံစားရတယ်။ ကျွန်မတို့ ငွေတွေလည်း ပျောက်သေးတယ်။ နောက်ပြီးတော့ . ."

ကျွန်မသည် ပြောလက်စ စကားကို တိကနဲ ရပ်တန့်လိုက်သည်။

အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် တင်းတင်း ဖိကိုက်ထားလိုက်မိသည်။ ဘာကြောင့် ရှေ့ဆက်၍ မပြောမိခြင်း ဖြစ်ပါ

သနည်း။ ထိုအကြောင်းအရာသည် မကြာမြင့်မီက ဖြစ်ခဲ့သော အကြောင်းအရာ အဖြစ်အပျက်တစ်ခု။

မည်သို့ပင်ဖြစ်စေ. . .

ဟယ်ရီက ဆက်မေးသည်။

"နောက်ပြီးတော့. . . ဘာဖြစ်သလဲ အချစ်၊ ဆက်ပြောလေ. . ၊ ဘာဖြစ်လို့ ရပ်ပစ်လိုက်တာလဲ။ ဘာဘရာအတွက် အချစ်စိုးရိမ်နေတယ် မဟုတ်လားဟင်၊ ဒါ စိုးရိမ်စရာမှ မဟုတ်ဘဲ အချစ်ရယ်။ သူ အခုလို ခွဲထွက်သွားတာက သူ့ ဆုံးဖြတ်ချက်နဲ့သူ သွားတာပဲ မဟုတ်လား။ တို့ နှင်ထုတ်တာမှ မဟုတ်ဘဲ၊ သူ့ဟာသူ လွှဲတ်လွတ်လပ်လပ် ဆုံးဖြတ်ခဲ့တဲ့ ကိစ္စပါကွာ"

"ဒါပေမယ့် ဟယ်ရီရယ်၊ ဘာဘရာဟာ ရှင့်သမီးပဲ မဟုတ်လား။ ပြီးတော့ ဘာဘရာ့ အသက်က ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်လေ၊ ဘာပဲ ဖြစ်ဖြစ် အခုလိုမျိုး ထွက်သွားတာဟာ ကျွန်မ ပယောဂက မကင်းဘူးလို့ ခံစားရတယ်။ ကျွန်မကြောင့် ဒီအိမ်က ထွက်သွားရတဲ့ သဘောမျိုးပေါ့။ တစ်ကယ်လို့သာ တခြား

တစ်ယောက်ကို ရှင် လက်
ပေါင်းသင်းခဲ့ရင်တော့ ကျွန်မ
မျိုး ခံစားရလိမ့်မယ် မထင်ဘူး

"ဒါက သူ့အကြောင်းနဲ့
ကွာ၊ အချစ်နဲ့ မပတ်သက်ပ
အယ်လစ်ဇဘက်ရယ်။ ဒါ
အချစ်ခေါင်းထဲက ထုတ်ပစ်
စမ်းပါကွယ်"

"ကျွန်မတော့ အဲသလို
မထင်ဘူး။ ရှင်တို့ နှစ်ယောက်
လို တသီးတခြားစီ ဖြစ်ရတာ
ကြောင့်လို့ပဲ ထင်နေတယ်။ ကျွ
ရှင် သူ့အမေ မာရီမ
ကတည်းက တွဲခဲ့ကြတယ်လို
ထင်မြင် ယူဆနေပုံပဲ"

ကျွန်မက အပြစ်မကင်း
အမူအရာ. . . အသံ
ကယင်ဖြင့် ပြောလိုက်မိသည်

ဟယ်ရီက ကျွန်မ၏ ကိုယ
ကို သူ့ရင်ခွင်သို့ ဆွဲကပ်လိုက်သ

"အဲဒီ့ အတိတ်ဇာတ်ကြော
ထပ်ပြီး တူးဆွ မနေပါနဲ့တော့
ရယ်၊ ဖြစ်ပြီးတာတွေဟာ ပြီးခဲ့
အကြောင်း မထူးတော့ပါဘူး
အတိတ်ကာလဟာ နောက်မှာ

ခဲ့ပါပြီ။ တို့ရဲ့ အနာဂတ်မှာ သာသာ ယာယာ နေကြဖို့သာ ပိုအရေးကြီးပါ တယ် အယ်လစ်ဇဘက်ရယ်"

ဟယ်ရီ့အနေနှင့် အတိတ် ကာလသည် နောက်မှာ ကျန်ခဲ့ပြီဟု ပြောသည်။

သို့ရာတွင်. . . .

ကျွန်မအဖို့ အတိတ်သည် အရိပ်တစ်ခုပမာ ကျွန်မနှင့်အတူ အစဉ် အမြဲကပ်လျက် လိုက်ပါနေ ဆဲပင်။ အတိတ်ကာလတွင် အလှ အပနှင့် ဆွတ်ပျံ့ကြည်နူးဖွယ် ရှိ ခဲ့သည်။

ထို့နည်းတူ. . .


ရက်စက် ကြမ်းကြုတ်မှုတို့ လည်း ဖြစ်ပေါ်ခဲ့သေးသည်။

✻

ဟယ်ရီ၏ လုပ်ငန်းနှင့် ပတ် သက်သော ရုံးခန်းသို့ ကျွန်မ စတင် ရောက်ရှိခဲ့သော နေ့. . .။

အရပ်မြင့်မြင့် မျက်လုံးနက် နက်နှင့် ဟယ်ရီအား စတင် တွေ့ရှိ ရသည်။ သူသည် ကျွန်မအား လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်မ၏







တာဝန်ဝတ္တရားများကို တည်ငြိမ်စွာ ရှင်းပြသည်။ သူ၏ လေယူလေသိမ်းမှာ ကြင်နာမှု ပါသည်။ ဒါကို ကျွန်မ စတင် ခံစားရသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်မ၏ လုပ်ဖော်ကိုင်ဘက် မိန်းကလေးတစ်ဦးက-

"မင်း ဟယ်ရီကို သဘောကျ တယ် မဟုတ်လား အယ်လစ်ဇဘက် ရယ်" ဟု မေးလိုက်သည်။

ထိုအခိုက်အတန့်တွင် ရုံးခန်း တွင်းမှ ထွက်လာသော ဟယ်ရီအာ ကျွန်မ ငေးမော ကြည့်ရှုနေခိုက် ဖြစ်သည်။

"တို့ရုံးမှာ ရှိတဲ့ မိန်းကလေး တွေ အားလုံး မစ္စတာဟယ်ရီကို မျက်စိ ကျကြတာချည်း ပါပဲကွယ်"

ထိုမိန်းကလေးက ဆက်လက် ပြောဆိုခဲ့သည်။

"သူက သပ်သပ်ရပ်ရပ် အတော် ကြည့်ကောင်းတယ်နော်"

ကျွန်မက လေသံဖြင့် တိုး ထောက်ခံ ပြောဆိုလိုက်မိသည်။

နောက်တော့ သူ့အကြောင်း အတော်များများ သိလာရသည်

ဟယ်ရီသည် အိမ်ထောင်ရှင် တစ်ယောက် ဖြစ်ကြောင်း၊ သူ့ဇနီးသည် မာရီသည် နှလုံးရောဂါ ဝေဒနာသည် တစ်ဦး ဖြစ်ကြောင်း၊ သူ၏ တစ်ဦးတည်းသော သမီးကလေး ဘာဘရာသည် အသက် ဆယ့်ခြောက်နှစ် ကျော်ကျော်မျှသာ ရှိသေးကြောင်း သူ့အသက်မှာ လေးဆယ်ကျော်ပြီ ဖြစ်သော်လည်း ကျန်းမာ ကြံ့ခိုင်ဆဲ ဖြစ်ကြောင်း. . .

"မစ္စတာ ဟယ်ရီဟာ သူ့အိမ်မှာ နေရတာ ပျော်စရာ မရှိဘူးလို့ ဘို့ ထင်တယ်"

လုပ်ဖော်ကိုင်ဘက် မိန်းကလေး တစ်ဦးက ထိုသို့ ကောက်ချက် ချသည်။

"မင်း စဉ်းစားကြည့်လေ၊ သူ့ ိန်းမက တစ်ချိန်လုံး ဝေဒနာသည် အဖြစ် နဲ့ ညည်းတွားနေတယ်။ သမီးက တစ်ကယ်ဆတ်ဆလူး။ အပေါင်းအသင်း ယောကျ်ားလေး ဘွေနဲ့ တစ်တွဲတွဲ လျှောက်သွားနေ တယ်။ တို့ ကိုယ်တိုင်တွေ့ခဲ့တာ"

သို့ဖြင့်. . . ဟယ်ရီ၏ ရုံးတွင် အနေကြာလေပြီ ဖြစ်သော မိန်းကလေးက ဟယ်ရီနှင့် ပတ်သက်သမျှ အကြောင်းအရာတို့ကို မဖောတမ်း ဖောက်သည်ချပေတော့သည်။

ထိုညနေ ရုံးဆင်းချိန်တွင် ကျွန်မ၏ မိဘများက ဟယ်ရီ အကြောင်း မေးကြသည်။

"ဩော်. . . မစ္စတာ ဟယ်ရီလား၊ သူဟာ အင်မတန် သဘောကောင်းတဲ့ လူတစ်ယောက်ပါပဲ မေမေရယ်" ဟူ၍ သာမန်အားဖြင့် ပြောပြလိုက်မိသည်။

❋

ကျွန်မနှင့် ဟယ်ရီ တရင်းတနှီး ဆက်ဆံမှုမှာ ကျွန်မ ကိုင်တွယ်ရသော လုပ်ငန်းများ အရေးတကြီး လိုအပ်သဖြင့် အချိန်ပို ဆင်းရသော နေ့ ဖြစ်သည်။

အလုပ်ဆင်းချိန်တွင် လုပ်ဖော်ကိုင်ဘက်များ အားလုံး ရုံးဆင်း သွားကြသည်။ ကျွန်မနှင့် သူ နှစ် ယောက်တည်း ကျန်ခဲ့ကြသည်။

မပြီးပြတ်သေးသော လုပ်ငန်းများကို အသည်းအသန် လုပ်ခဲ့ရ သည်။ ပြီးပြတ်သွားသော အချိန်တွင် ဟယ်ရီက ကျွန်မအား စား

သာက်ဆိုင် တစ်ခုသို့ ခေါ်သွား
ည်။

စားရင်း သောက်ရင်း အချိန်
တော်ကြာကြာ စကား ပြောဖြစ်ခဲ့
ကြသည်။

ဟယ်ရီနှင့် ကျွန်မ ပြောကြသော
ကြောင်းအရာများမှာ ကိုယ်ရေး
ကိုယ်တာ မပါရှိချေ။ ဖတ်ဖူးသော
ထ္ထုများအကြောင်း၊ ကြည့်ခဲ့ဖူး
သော ရုပ်ရှင် ဇာတ်ကားများ
အကြောင်းနှင့် နားထောင်ခဲ့သော
တ၊ တေးသီချင်းများ အကြောင်း
ာ ဖြစ်ခဲ့သည်။

သည့်နောက်ပိုင်းတွင် သူနှင့်
ကျွန်မ ပိုမို ရင်းနှီးလာသည်။

အချိန်ပို နိုင်းစရာရှိလျှင် ကျွန်မ
ဦးသာ ရွေးချယ် သတ်မှတ်သည်။
ဦကိစ္စနှင့် ပတ်သက်၍ ဟယ်ရီက
ားတုံ့အားနာဖြင့် ကျွန်မအား
င်းပြသည်။

"မင်း စဉ်းစားကြည့်ကွာ၊ တို့
းခန်းမှာ ရှိကြတဲ့ လူတွေထဲက
ယ်မလာ ဆိုရင် စေ့စပ်ပွဲအတွက်
အားဘူး၊ ပက်ထရစ်ရှာက ညနေ
ာင်တန်းတက်နေတယ်။ ဂလက်ဒီ
ကတော့ မကျန်းမာတဲ့ မိခင်အိုကြီး
ကို ပြုစုနေရတယ်။ လူစီကိုတော့
မင်းမြင်တဲ့အတိုင်းပဲ ကိုယ်ဝန်ကြီး
တကားကားနဲ့ လှုပ်ရှားမှု အရမ်း
နှေးကန်နေတော့ နိုင်းရမှာ ဝန်
လေးတယ်။ ဒါကြောင့် လွတ်လွတ်
လပ်လပ် သွက်လက်ချက်ချာတဲ့
မင်းကို ရွေးလိုက်ရတာပဲ။ ဒါကို
ဘယ်လိုမှ မအောက်မေ့နဲ့နော်"

"ရပါတယ်ရှင်၊ နာရီပိုင်း
လောက် အချိန်ပိုဆင်းရတာကို ကျွန်
မ ဘယ်လိုမှ သဘောမထား ပါဘူး
မစ္စတာ ဟယ်ရီ။ ဒါ လုပ်ငန်း တိုး
တက်ဖို့အတွက် လုပ်ရတာကို ကျေ
နပ်ပါတယ်"

"မင်းမှာ အဲလိုမျိုး စိတ်ထားရှိတဲ့
အတွက် အရမ်း သဘောကောင်း
တယ်"

သူက ပြောပြောဆိုဆိုနှင့်
ကျွန်မမျက်နှာကို စူးစူးရဲရဲ ကြည့်
သည်။ သူ့အကြည့်ကြောင့် ကျွန်မ
ရင်ဖိုမိသည်။ ထိုအကြည့်သည်
သာမန်ထက် ပိုနေသည်။ ထူးထူး
ခြားခြား စိတ်ဝင်စားမှု ပါနေသည်။

ထိုနေ့ ညနေစောင်းတွင်အလုပ်



သိမ်းသောအခါ သူ့ကားနှင့် ကျွန်မအား လိုက်ပို့ပေးသည်။ ကျွန်မတို့ အိပ်နှင့် မနီးမဝေး လူပြတ်သော တစ်နေရာတွင် ကားကို ရပ်လိုက်သည်။

"တို့ရင်ထဲမှာ တစ်ခုခုခံစားရတယ်၊ အဲဒါကို ဖွင့်ပြောမိမှာ တို့အရမ်းစိုးရိမ်တယ်"

ကျွန်မသည် သူ၏ မျက်နှာဝန်းကို ပြန်လည်စူးစိုက်ကြည့်မိသည်။ ထိုမျက်ဝန်းထဲမှ အဓိပ္ပာယ်ကို ရှာဖွေလိုက်မိသည်။

"ဒါဆို. . . ကျွန်မကို အလုပ်ချိန် နောက်ကျပြီး မနိုင်းနဲ့တော့ပေါ့ရှင်"

"အဲလိုမျိုးလည်း မဖြစ်နိုင်ဘူး အယ်လစ်ဇဘက်ရယ်၊ မင်းအပေါ်မှာ တို့အရမ်းသံယောဇဉ်တွယ် နေမိပြီ အချစ်ရယ်"

ရုတ်တရက်ကြီး ကျွန်မ မျက်နှာပေါ်သို့ အနမ်းပွင့်များ ကြွေကျလာသည်။

"တို့ ဘာလုပ်ရမလဲ. . ဟာဖ်၊ တို့စိတ်ကို မထိန်းနိုင်အောင် ဖြစ်သွားရတာ ခွင့်လွှတ်ပါကွယ်။ တို့ဟာ



အိမ်ထောင်ရှင်တစ်ယောက်၊အရွယ် မရောက်သေးတဲ့ သမီးလေးလည်း ရှိနေသေးတယ်၊ ပြီးတော့ မင်းထက် လည်း အသက်နှစ်ဆကြီးတယ်။ မင်းဆီက အချစ်ကို တို့မတောင်းခံ ချင်ပါဘူးကွယ်။ မတောင်းခံထိုက် ပါဘူး"

သူက စိတ်ထိခိုက်စွာဖြင့် တီး တိုးပြောဆိုနေသည်။

ကျွန်မအနေနှင့် ဘာတစ်ခွန်းမှ ပြန်မပြော ဖြစ်ပါချေ။ ကျွန်မ တစ် သက်တာတွင် ဟယ်ရီလောက် အ ခြား ယောကျ်ားကလေးများကို တွယ်တာမိခြင်း မရှိခဲ့ဖူးပါချေ။



"ကျွန်မတို့ ရပ်တန်းက ရပ်ကြ
ငင် ကောင်းလိမ့်မယ်ထင်ပါတယ်
ရှင်၊ နောက်ဆိုရင် ကျွန်မကို အ
သုံးချိန်အတိုင်း၊ အလုပ်ဆင်း ခွင့်ပြု

ကျွန်မသည် ကျွန်မ၏ ဆန္ဒ
အစစ်အမှန်ကို ဆန့်ကျင်၍ ခက်ခဲ
ပင်ပန်းစွာ ပြောလိုက်ရခြင်း ဖြစ်ကြောင်း၊ ကျွန်မကိုယ် ကျွန်မ နားလည်သဘောပေါက်မိပါသည်။

ထို့နောက် သူသည် ကျွန်မ အိမ်ရှေ့အထိ ကားမောင်း၍ လိုက်ပို့ပေးသည်။ ကားပေါ်မှ ဆင်း၍ နှုတ်ဆက်သည်။ သူက ကားကို မောင်းထွက်သွားသည်။

ကျွန်မ၏ မိခင်က-

"သမီးကို လိုက်ပို့တာ မစ္စတာ ဟယ်ရီမဟုတ်လား"

"ဟုတ်တယ် မေမေ"

"ဒီးကို မလော်ခင်က တားဆိုတဲ့ သဘောသဘောတရားအရ ကြိုတင် သတိပေးချင်တယ်သမီး၊ သူသာ အိမ်ထောင်သည် တစ်ယောက် မဟုတ်ရင် သမီးရဲ့ အခုလို တွဲသွားတွဲလာ လုပ်နေတာကို မေမေတို့ ကန့်ကွက်စရာ မရှိပါဘူးကွယ်"

ကျွန်မသည် မိခင်ဖြစ်သူအား မည်သို့မျှ ခွန်းတုန့်ပြန် မပြောဆိုမိစေရန် လျှာကို နိုင်နိုင်နင်းနင်း ထိန်းချုပ်လိုက်ရသည်။ ဟယ်ရီ့အပေါ်တွင် ထားရှိမိသော တွယ်တာစိတ်ကို လောလောဆယ် ဖြတ်တောက်


E.5

နိုင်ရန် ကြိုးစားရပေလိမ့်မည်။

*

တစ်နေ့တွင် ဟယ်ရီ၏ဇနီး မာရီနှင့် တွေ့ဆုံရန် အကြောင်း ဖြစ်ပေါ် လာရသည်။ ထိုနေ့က ဟယ်ရီ ဖျားနေသဖြင့် အလုပ်မဆင်း ဖြစ်ချေ။ အရေးတကြီး လက်မှတ်ထိုး စရာ စာတွဲများ ကိစ္စနှင့် ပတ်သက်၍ ကျွန်မကိုယ်တိုင် သူ့အိမ်သို့ သွားဖို့ရန် အကြောင်း ဖြစ်ပေါ် လာသည်။

တံခါးဖွင့်ပေးသူမှာ မာရီ ကိုယ်တိုင်ဖြစ်သည်။

သူမသည် ပါးလှပ်ပါသော ကိုယ်လုံးနှင့် မျက်နှာက သွေးရောင် မရှိဘဲ ဖြူဖျော့နေသည်။ တစ်ချိန်က လှပရွှန်းစိုခဲ့မည့် မျက်ဝန်းသည် မှေးမှိန် ဖျော့တော့နေသည်။ မာရီ၏ စကားသံကို ကြားရသည်မှာပင် မောပန်းနေသည်။

"မင်းတို့ဆရာ ဆေးသောက်၊ ဆေးထိုးပြီး အိပ်ရာထဲမှာ ခွေနေတယ်ကွယ်၊ ကဲ. . လာ မိန်းကလေး၊ အိမ်ထဲဝင်ထိုင်"

ကျွန်မအာနေနှင့် မာရီ၏ မျက် လုံးများကို ရဲရဲတင်းတင်း ရင်မဆိုင် ရဲပါချေ။ ကျွန်မ၏ မျက်လွှာကို ထားမိသည်။ အပြစ်ရှိသူ တ ယောက်ပမာ ခံစားနေမိသည်။

ကျွန်မလှမ်းပေးသော စာရွက် စာတန်းများနှင့် ဖိုင်တွဲကိုယူ၍ ဝ သွားသည်။

ထိုအခါကျမှပင် ကျွန်မအာနေ နှင့် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွ သည်။

*

ကျွန်မ ဟယ်ရီ့အိမ်သို့ ရော ခဲ့ပြီး နောက်ထပ် ရက်သတ္တ တ ပတ်မျှအကြာတွင် မာရီကွယ်လွ သွားကြောင်း သိရသည်။ ရုတ် ရက် နှလုံးထိခိုက်မှုဖြင့် ကွယ်လွ ခြင်း ဖြစ်သည်။ ထိုသတင်းကိုကြား ခါစက ကျွန်မအဖို့ မယုံကြည်နိုင် အောင် ဖြစ်ရသည်။

မာရီ ကွယ်လွန်ပြီးသောအ တွင် ဟယ်ရီက ကျွန်မအား လက် ထပ်ရန် ဖွင့်ပြောသည်။ ကျွန်မ အချိန်ယူ၍ စဉ်းစားသင့်ကြော

ပြောပြခဲ့သည်။ သို့ရာတွင် သူ့အနေနှင့် ဆက်လက်၍ ဖောင့်ဆိုင်းလိုသော ဆန္ဒမ ရှိတော့ချေ။ ကျွန်မ၏ မိဘများထံသို့ လာရောက်စကားကမ်းလှမ်းသည်။

မိဘများက မုဆိုးဖို တစ်ဦးဖြစ်သော ဟယ်ရီအား လက်ထပ်ရမည့်ကိစ္စကို ကျွန်မသဘောထား ဆန္ဒအရ ဆုံးဖြတ်ပိုင်ခွင့်ပေးသည်။


ကျွန်မ ခေါင်းညိတ်လိုက်မိသည်။

ထို့နောက် ကျွန်မအလုပ်မှ ထွက်ခြင်း၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့က ဆက်လက်ဖြစ်ပေါ်လာလေသည်။


မာရီကွယ်လွန်ပြီး ခြောက်လအကြာတွင် ကျွန်မနှင့် ဟယ်ရီ လက်ထပ်ပေါင်းသင်းခဲ့ကြသည်။ နေရောင်ခြည် ပူနွေးတောက်ပသော စပိန်နိုင်ငံသို့ ဟန်းနီးမွန်း ထွက်ခဲ့ကြသည်။ ဟယ်ရီ၏ ယုယကြင်နာမှုတို့ဖြင့် ပျော်လိုက်သည့်ဖြစ်ခြင်း။

*

ဟန်းနီးမွန်း ကုန်ဆုံးသော ကာ




**နောက်ထပ် ရက်သတ္တတစ်ပတ်မျှအကြာတွင် မာရီကွယ်လွန်သွားကြောင်း ကြားသိရသည် ■**





ကျွန်မ ... ... ...



လတွင် ကျွန်မအာနေနှင့် ဟယ်ရီ၏ အိမ်သို့ ပြောင်းရွှေ့ရောက်ရှိနေထိုင် ရသည်။ ဟယ်ရီ၏သမီး ဘာဘရာ က အိမ်တွင် မနေလိုကြောင်းပြော၍ ဘော်ဒါဆောင် တစ်ခုတွင် သူငယ် ချင်းမတစ်ဦးနှင့် အတူနေထိုင်ရန် ဤအိမ်ဂေဟာမှ ခွဲခွာသွားလေ တော့သည်။

ထိုအချိန်မှစ၍ ကျွန်မအဖို့ အိပ် မက်ဆိုးညများကို စတင်ကြုံတွေ့ခဲ့ ရလေတော့သည်။ ညရောက်ပြီဆိုမှ ဖြင့် ညီးညီးညံညံ အသံများကို ကြားလာရသည်။ ငိုသံလိုလို ရယ် သံလိုလို မသဲမကွဲ ကြားရခြင်းမျိုး ဖြစ်သည်။

အိမ်ခန်း မှန်ပြတင်းကို တစ် ခေါက်ခေါက်နှင့် လာခေါက်သည် ဟု ထင်ရသည်။

သို့ရာတွင် တစ်ကယ်တမ်း ထ ကြည့်သောအခါ ဘာမှမရှိ။

တစ်နေ့ကုန် စိတ်ပင်ပန်းစွာဖြင့် အလုပ်တာဝန်များထဲတွင် နစ်မြော ခဲ့ရသော ဟယ်ရီ သူသည် ကျွန်မ၏ ဘေးတွင် နှစ်ခြိုက်စွာ အိပ်မော ကျနေရှာသည်။ ထို့ကြောင့် မရေ

မရှာ မသဲမကွဲ အကြောင်းအရာများအတွက် မန္တီးရက်။

ထို့ကြောင့် ကျွန်မဘာသာ ကျိတ်မှိတ်၍ စိတ်ကိုတင်းထားရသည်။

လင်နှင့်မယား အိပ်ရာပေါ်တွင် အတူတစ်ကွ ရှိနေပါလျက်နှင့် ကျွန်မအဖို့ အထီးကျန်ခံစားနေရသော အဖြစ်မှာ ရင်နာစရာကောင်းလှသည်။

အိပ်ရေးပျက်ရမန် များ၍ တစ်ခါတစ်ရံ အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် မာရီ၏ ခြောက်ကပ်ကြုံလှီသော ခန္ဓာကိုယ်ကို မြင်ရသည်။ မျက်တွင်းဟောက်ပက်နှင့် လက်ညှိုးအရိုးငေါငေါ ထိုး၍ ကျွန်မအား ညွှန်ပြသည်။

"သူ့ကြောင့် ငါ့သမီးလေး ဒီအိမ်မှာ မနေနိုင်တော့ဘူး၊ သူ့ကိုလည်း မနေနိုင်အောင်လုပ်ကြတဲ့၊ ဆွဲထုတ်ကြစမ်း"

အမျိုးအမည် ပုံပန်းသဏ္ဍာန် တိတိကျကျ မခန့်မှန်းနိုင်သော သတ္တဝါများက ကျွန်မအား အိပ်ခန်းထဲမှ တရွတ်တိုက် ဆွဲခေါ်ကြသည်။ ကျွန်မက ခွန်အားရှိသမျှ ရုန်းရင်းကန်ရင်း အလန့်တစ်ကြားဖြင့် ငယ်သံပါအောင် အော်ဟစ်မိသည်။

ကျွန်မအသံကို ကျွန်မ ကြားလိုက်ရသည်။

"ဘယ်လစ်ဇဘက်. . . အချစ်၊ ဘာ ဖြစ်တာလဲဟင်"

ဟယ်ရီ၏ အသံ။

ကျွန်မအား ကိုင်လှုပ်၍ နိုးနေခြင်း၊ ဒါကို သတိထားမိလိုက်သော ကျွန်မသည် အိပ်မက်ဆိုးမှ ယာယီအားဖြင့် လွတ်မြောက်ရ တော့သည်။ သို့ရာတွင် ထိတ်လန့် ချောက်ချားစွာဖြင့် မောပန်းနွမ်းနယ်မှုကို ဆက်လက် ခံစားနေရဆဲပင် ဖြစ်သည်။

❋

(အိမ်ရောင်းမည်) ဟူသော ဆိုင်းဘုတ်ကို ခြံဝတွင် ချိတ်ဆွဲထားသော်လည်း ဝယ်မည့်သူ မရှိချေ။ အိမ်ကို သဘောကျသူ ရှသော်လည်း ငွေကြေး မတတ်နိုင်သူများ

သော တွေ့ရသည်။ ဟယ်ရီတောင်းသော ဈေးကို မိအောင် မပေးနိုင်ကြသောကြောင့် လန်သွားကြသည်။

ကျွန်မတို့ နေထိုင်ရန် 'ဆန်နီဗျူး'တွင် သွားကြည့်ကြသေးသည်။ စိတ်တိုင်းကျ မတွေ့ရ။ အိမ်ကောင်းလျှင် ခြံမြေ ကျဉ်းသည်။ ခြံမြေကျယ်လျှင် အိမ်ညံ့သည်။ ကျွန်မ နေလိုသည်မှာ ခြံကျယ် ဝင်းကျယ်နှင့် လှလှပပ အိမ်အလတ်စားတစ်အိမ်။

ထို့ကြောင့်. . .

ဟယ်ရီ၏ အိမ်တွင် ဆက်လက်နေမြဲ ဖြစ်နေသည်။ ထိုအခိုက်အတန့်တွင် ဟယ်ရီ အသည်းအသန်ဖြစ်၍ အရေးပေါ် ဆေးရုံတင်လိုက်ရသည်။ လူမှန်းသူမှန်း မသိအောင်ဖြစ်သွားရသည်။ အစာအိမ်ရောဂါဟု အမည်တပ်ကြသည်။ ခွဲစိတ်ကုသရန် လိုအပ်ပါက ခွဲစိတ်ရမည့်အခြေအနေမျိုး။

"မင်း အိမ်မှာပြန်ပြီး အနားယူဖို့ သင့်တယ်။ မင်းယောက်ျား သတိမလည်တာကို ဒီမှာ ဆက်စောင့်နေဖို့ မလိုဘူး။ အကြောင်း ထူးရင် မင်းအိမ်ကို ဖုန်းဆက်လိုက်မယ်။ ဒါမှမဟုတ် မနက်ကျရင် အခြေအနေကို ဖုန်းနဲ့ပြောမယ်"

ဆရာဝန်ကြီးက ကျွန်မကို ပြန်လွှတ်သည်။

ထိုနေ့ည အိမ်သို့ရောက်သောအခါ အိမ်တွင်းရှိ အခန်းများမှ တီးတိုး စကားသံများကို ကြားလာရသည့်နှယ် ထင်မှတ်မိသည်။ တစ်နေရာမှ တစ်နေရာ လမ်းလျှောက်သော ခြေသံများကိုလည်း သတိပြုမိသည်။ ထိတ်လန့်ချောက်ချားမှုသည် ကျွန်မတစ်ကိုယ်လုံး တင်းကျပ်စွာ ဖြစ်ညှစ်ဆုပ်ကိုင်ထားသည့်နှယ် ခံစားမိသည်။

တစ်ချိန်က ဟယ်ရီနှင့် မာရီတို့ နေသောအိပ်ခန်းသည် လက်ရှိ ကျွန်မနှင့် ဟယ်ရီအတွက် အိပ်ခန်းဖြစ်သည်။ ကျွန်မက ပြတင်းပေါက်အနီးတွင် ထိုင်၍ ဘုရားသခင်ထံ ဆုတောင်းပဌနာ ပြုလိုက်သည်။

"ဟယ်ရီမသေရဘူး၊ ရှင်ဟာ ကျွန်မပျော်ရွှင်မှုတွေ အားလုံး ယူသွားပြီးပြီပဲ။ ရှင် တော်လောက်ရောပေါ့။ ဟယ်ရီကို ထပ်ပြီး မပေးနိုင်တော့ဘူး။ သူမရှိရင် ကျွန်မလည်



နေသမှာပါပဲရှင်"

ကျွန်မက အရှုးတစ်ယောက် ပမာ အော်ဟစ်ငိုကြွေး၍ တောင်းပန်နေမိသည်။ ရုတ်တရက်အားဖြင့် ဘာဘာရာကို ကျွန်မ မြင်ယောင်လိုက်မိသည်။ ဘာဘာရာသည် ဟယ်ရီ၏ တစ်ဦးတည်းသောသမီး အရင်းခေါက်ခေါက် မဟုတ်ပါလား။ အကယ်၍များ ဟယ်ရီ ကွယ်လွန်ခဲ့သော် ဆေးရုံတက်စဉ်က သူမအား အကြောင်းမကြားခဲ့မိသည့်အတွက် ကျွန်မ အပြစ်တင်မခံနိုင်။ ထို့ကြောင့် ဘာဘာရာအား အကြောင်းကြားမှ ဖြစ်မည်။

အချိန်အားဖြင့် သန်းခေါင်ယံသို့ ရောက်လုပြီ။ ကျွန်မ တစ်ယောက်တည်း ကားမောင်းလာခဲ့သည်။ တစ်နာရီ နီးပါးမျှ မောင်းခဲ့ရသည်။

ဘာဘာရာနေထိုင်ရာ အဆောင်ရှေ့သို့ ရောက်သောအခါ ကျွန်မ မောင်းလာသော ကားကို ရပ်တန့်လိုက်သည်။ အဆောင်တွင်းမှ ပေါ့ပ်တေးသွားများကို ဆူညံစွာကြားလိုက်ရသည်။

တံခါး ခေါက်လိုက်သောအခါ မိန်းကလေး ချောချောတစ်ယောက်က တံခါးဖွင့်ပေးသည်။ ကျွန်မက ဘာဘရာနှင့် တွေ့ရန် လာသည်ဟု ပြောလိုက်သောအခါ မိန်းကလေး ပြန်ဝင်သွားသည်။

စက္ကန့် အနည်းငယ်မျှ အကြာတွင် ဘာဘရာ ထွက်လာသည်။

ကျွန်မကို သဲသဲကွဲကွဲ မြင်လိုက်ရသောအခါ ရုတ်တရက် 'အို..' ဟူသော အာမေဋိတ်သံဖြင့် မျက်နှာထား တင်းသွားသည်။ တံခါးကို ပြန်ပိတ်ရန် ကြိုးစားလိုက်သည်။

"ခဏနေပါဦး ဘာဘရာရယ်၊ ကျေးဇူးပြုပြီး တို့ပြောတာကို နားထောင်ပါကွယ်။ မင်းအဖေကိစ္စနဲ့ တို့ လာခဲ့ရတာပါ"

သူမသည် အခန်းအပြင်သို့ ထွက်၍ တံခါး ပြန်စေ့ထားသည်။

ကျွန်မနှင့်အတူ အဆောင်ပြင်ပ လျှောကားထစ်များသို့ ရောက်ခဲ့ကြသည်။

"အဖေ.. ဘာဖြစ်နေလို့လဲ"

သူမ၏ အသံက ပြတ်တောင်းတောင်း ဖြစ်နေသည်။


"မင်းအဖေ အသည်းအသန် မကျန်းမာလို့ ဆေးရုံကို အရေးပေါ် တင်လိုက်ရတယ်။ လိုအပ်ရင် ခွဲစိတ် ကုသရလိမ့်မယ် ထင်တယ်။ သူ့ကို မင်း သွားတွေ့ဖို့ ကောင်းတယ်။ သူ့ရင်ထဲမှာ မင်းကို အရမ်းတွေ့ချင် နေတယ်။ ဒါကို တို့သိနေတယ်"

ဘာဘရာက ငြိမ်သက်စွာ နား ထောင်နေသည်။

ပြီး... ကျွန်မကို အေးတိ အေးစက်ဖြင့် အတော်ကြာ စိုက် ကြည့်နေသည်။

"အဖေက ရှင်နဲ့အတူ နေဖို့ ရွေး ချယ်ဆုံးဖြတ်ခဲ့တာပဲ။ ရှင်နဲ့ တွေ့ ရင်လည်း ပြီးတာပဲ။ အဖေ့ကို ကျွန်မ တွေ့စရာ မလိုပါဘူးရှင်"

"မင်းဟာ သူ့ရဲ့ တစ်ဦးတည်း သော သမီးလေးပါ ဘာဘရာ၊ မင်းကို အိမ်ပြန်လာစေချင်တဲ့ဆန္ဒ သူ့မှာ အမြဲ ရှိနေပါတယ်။ ဒီ အကြောင်းနဲ့ ပတ်သက်ပြီး တို့ကို လည်း တဖွဖွ ပြောနေခဲ့ပါတယ် ကွယ်။ မင်းကို မနက်ဖြန်ကျရင် သူကိုယ်တိုင် လာခေါ်ဖို့ ဆုံးဖြတ် ထားတုန်း အခုလို ဝေဒနာနဲ့ ဆေး



အဖေက ရှင်နဲ့အတူနေဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့တာပဲ

ရှင်နဲ့တွေ့ရင်လည်း ဖြိုတာပါပဲ

တက်လိုက်ရတာပါ"

ကျွန်မက အတတ်နိုင်ဆုံး ဖျောင်းဖျနှစ်သိမ့်သော လေသံဖြင့် ပြောလိုက်မိသည်။

ကျွန်မ၏ အိမ်ထောင်ရေး သာ ယာမှုသည် ဘာဘရာနှင့် လုံးလုံး လျားလျား ပတ်သက်နေသည်ဟူ သော အယူအဆဖြင့် အပြင်းအထန် တောင်းပန်တိုးလျှိုးနေမိခြင်း။

"အမှန်အတိုင်း ဝန်ခံရရင် တို့ တစ်ယောက်နဲ့တစ်ယောက် သံ ယောဇဉ် တွယ်ခဲ့မိကြတာ အမှန် ပါ။ ဒါပေမယ့် မင်းအမေ မကွယ်လွန်ခင် မှာ နှစ်ယောက်စလုံး အတတ်နိုင်ဆုံး ထိန်းသိမ်းခဲ့ကြပါတယ် ကလေး ရယ်။ မင်းအမေ ဆုံးတော့မှ တို့ ဆန္ဒကို ဖော်ထုတ်ပြီး လက်ထပ်ကြ တာပါ"

ဘာဘရာက နှုတ်ခမ်းကိုကိုက် ၍ ကျွန်မကို စိုက်ကြည့်နေသည်။

"မင်းကို ကြိုတင်မပြောခဲ့မိတဲ့ အတွက် အပြစ်ရှိတယ်ဆိုရင် အဲဒီ အပြစ်ကို တို့ ခံပါ့မယ်။ တကယ် တမ်း အပြစ်ရှိသူက တို့ပါ။ တို့ ဝန်ခံ ပါတယ်။ မင်း ကျေနပ်သလို အပြစ်



ပေးနိုင်ပါတယ် ကလေးရယ်။ တို့နဲ့ မင်း အဖေ ခွဲခွဲမြမြ ချစ်ကြတာဟာ အိမ်ထောင် သည် တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတဲ့ အချစ်ပါ။ ဒါပေမယ့် သမီးရင်းတစ်ယောက် ဖြစ်တဲ့ မင်းအပေါ်မှာ မင်းအဖေရဲ့ အချစ် ဟာ ပြည့်ပြည့်ဝဝ နိုင်နိုင်မြဲမြဲ ရှိနေပါသေးတယ်ကွယ်။ အဲဒီ အချစ်ကို တို့ယူလို့လည်း မရဘူး၊ တခြား ဘယ်သူမှ ယူလို့ မရပါဘူး ကလေးရယ်။ အဲဒါ သမီးလေး အပေါ်မှာ ထားရှိတဲ့ မင်းအဖေရဲ့ အချစ်စစ် အချစ်မှန်ပါ ဘာဘာရာ။ မင်း အိမ်ကထွက်သွားကတည်းက သူ့မှာ မတွေးနိုင် မပြီးနိုင်နဲ့ စိတ် ဝေဒနာကြီး တစ်ခုကို ရင်ဝယ်ပိုက် သားရှာက အခုလို ရုတ်တရက် ရှောင်တခင် ဆေးရုံတက်လိုက်ရ တာပါ. . . ."

ကျွန်မ ပြောရင်းဆိုရင်း ရင်ထဲ တွင် တင်းကျပ်ဆို့နစ်လာသည်။ ထိန်းမနိုင်သိမ်းမရ မျက်ရည်များ တွေတွေ စီးကျလာသည်။

"မင်းတို့ သမီးနဲ့ အဖေ ပြ လည်း ချစ်ခင်တွယ်တာနိုင်ဖို့ တ

ဘာလုပ်ပေးရမလဲဟင်။ မင်းတို့ ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် ပြေလည်သွားနိုင်မယ်ဆိုရင် တို့ ဘာပဲလုပ်ရလုပ်ရ လုပ်ပေးပါ့မယ် ကလေးရယ်"

ကျွန်မက အသံကတုန်ကယင် ဖြင့် လှိုက်လှဲစွာ ပြောလိုက်မိသည်။

"ကျွန်မ အဖေကို သွားကြည့်ပါ့ မယ်၊ မနက် ဖိုးလင်းလင်းချင်း ဆေးရုံမှာ သွားတွေ့ပါမယ်။ ကျွန်မ အနေနဲ့ အသက်ငယ်သေးတော့ အဖေ့ စိတ်သဘောထားကို ကောင်း ကောင်း နားမလည်သေးတာ ဖြစ် ချင် ဖြစ်မှာပါ။ ဒါပေမယ့် ကျွန်မ သွားတွေ့ဖြစ်အောင် တွေ့ပါ့မယ်"

"ဝမ်းသာလိုက်တာ ကလေး ရယ်၊ ဒါဆို မင်းအဖေ ဝေဒနာဟာ အတော့်ကို သက်သာသွားမှာပါ။ ဒါဆို မင်းအဖေဆီက ပြန်ရင် အိမ် ကို တစ်ခါတည်း ပြန်ပြောင်းခဲ့ပါ လား ကလေးရယ်၊ တို့ အနှီးအညွတ် တောင်းပန်ပါတယ်၊ တို့ နှစ်ယောက် စလုံး မင်းကို ပြန်လာ စေချင်တာ အမှန်ပါ"

"ဒီမှာ လက်ကျန်တဲ့ အထိတော့ နေလိုက်ဦးမယ်လေ၊ နောက်တော့ မှ. . . ."

✻

ထိုအချိန်မှ အစပြု၍ သည့် နောက်ပိုင်းတွင် ကျွန်မတို့ အိမ်တွင် ချောက်ချားစရာများ မဖြစ်တော့ပါ ချေ။ ကျွန်မ၏ ချောက်ချားမှုသည် (သူတို့အိမ်ထောင်စုအား လွှမ်းမိုးခဲ့ လေသလား) ဟူသော အတွေးဖြင့် မိမိစိတ်ထဲမှ ပြန်လည် ခြောက်လှန့် နေခြင်းမျှသာ ဖြစ်ကြောင်း သဘော ပေါက်မိသည်။

"အိမ်ရောင်းမည်" ဟူသော ဆိုင်းဘုတ်သည် တစ်ကယ်တမ်း မလိုအပ်ပါတော့ချေ။

အမှန်စင်စစ် လိုအပ် သည်က. . .

ဟယ်ရီချစ်မြတ်နိုးသော ကျွန်မ သည် ဟယ်ရီ သံယောဇဉ်ရှိသော သမီးလေးနှင့်အတူ သာယာပျော်ရွှင် ကြည်နူးစွာ နေသွားရန်သာ ဖြစ် သည်။

**ဆွေမြင့် (မြန်မာပြန်)**

# မြန်မာ့ဓလေ့ ထိမ်းမြား

ဗုဒ္ဓဘာသာတရားတော်မှာ လောကီလူ့ဘုံ၏ ကာမဂုဏ် ခံစားခြင်းတို့မှ လွတ်မြောက်စေရန် ကြိုးပမ်းရှာဖွေသည့် တရားတော်ပင် ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ ထိမ်းမြားလက်ထပ်ရေး ကိစ္စရပ်သည် ဘာသာရေးနှင့် သက်ဆိုင်ခြင်း မရှိချေ။ လောကီရေး ကိစ္စတစ်ရပ်သာလျှင် ဖြစ်ပေသည်။

ဥပဒေရေးရာ ဆောင်းပါး



## သိန်းဦး (ရှေ့နေ)

# လက်ထပ်ရေး ဆိုင်ရာ သိကောင်းစရာများ

လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ ဘာသာတစ်ခုနှင့်တစ်ခု ထိမ်းမြား လက်ထပ်ရေးဆိုင်ရာ မှုများမှာ ကွဲပြားခြားနားမှု ရှိနေပါသည်။ အကြမ်းအားဖြင့် ဟိန္ဒူနှင့် ခရစ်ယာန်ဘာသာဝင်တို့၏ ထိမ်းမြား လက်ထပ်ရေးသည် ဘာသာရေးဆိုင်ရာ အခမ်းအနား တစ်ရပ်အဖြစ် တည်ရှိသော်လည်း မြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ ထိမ်းမြားလက်ထပ်

ရေးနှင့် မဟာဗေဒင်ဘာသာဝင်တို့၏ လက်ထပ် ထိမ်းမြားရေးသည် ပဋိညာဉ်ပြုလုပ်မှုအပေါ်တွင် အခြေခံလျက် ရှိပါသည်။ လေးလေးနက်နက် ခွဲဖန် ပိုင်းခြားမည်ဆိုလျှင်တော့ ကွဲပြားမှုများ ရှိနေပါသည်။

ဆက်လက်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဗုဒ္ဓဘာသာဝင်တို့၏ ထိမ်းမြားလက်ထပ်ရေးကို ခွဲဖန်ပိုင်းခြားရာတွင် "ဘာသာရေးနှင့် သက်ဆိုင်ပါသလော၊ သို့တည်းမဟုတ် လူမှုရေး သက်သက်ဝင် ဖြစ်ပါသလော" စသည့် မေးခွန်းများ ပေါ်ထွက်လာပေသည်။ ယင်းမေးခွန်းများနှင့် ပတ်သက်ပြီး ယခင် တရားစီရင်မှုများ၌ တိတိကျကျ ဆုံးဖြတ် ဖြေရှင်းနိုင်ခြင်း မရှိသော်လည်း ၁၉၆၅ ခု၊ ၆၆ ခု နှစ်များတွင် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ထိမ်းမြားလက်ထပ်ရေးသည် "သိမ်မွေ့၍ အရေးကြီးသော လူမှုရေးကိစ္စတစ်ရပ်သာ ဖြစ်ကြောင်း" ခိုင်ခိုင်လုံလုံ ဆုံးဖြတ်နိုင်ခဲ့ပေသည်။ **(မောင်ကိုကြီးနှင့် ဒေါ်အုန်းခင်၊ ၁၉၆၅ ခု၊ မ.တ.စ ၉၁၃) နှင့် (ကိုသိန်းငွေနှင့် မခင်ရီ ၁၉၆၆ ခု၊ မ.တ.စ ၆၀၇)** တို့တွင်လည်း တိတိကျကျ ညွှန်းဆိုထားပါသည်။

အထက်တွင် ဖော်ပြခဲ့သလို ထိမ်းမြားလက်ထပ်ရေးသည် ကတိပဋိညာဉ်ပြုမှုအပေါ် အခြေခံသည်ဆိုရာတွင်လည်း ကုန်ရောင်းကုန်ဝယ်ပြုလုပ်သည့် ကတိပဋိညာဉ်မျိုး မဟုတ်ချေ။ သိမ်မွေ့သည့် လူမှုရေးကိစ္စဖြစ်သည့်အားလျော်စွာ ကတိပဋိညာဉ်ပြုကြရာဝယ် လူ့ပတ်ဝန်းကျင်အဆောက်အအုံနှင့် ဇာတိလိုင်ရေးဆိုင်ရာ ကိစ္စရပ်တို့ကို အခြေပြုလျက် လူမှုရေးဆိုင်ရာ စည်းကမ်းချက်များ ထားရှိကာ ပြုလုပ်ကြခြင်းဖြစ်ပေသည်။

ထိုသို့ ကတိပဋိညာဉ်ပြုလျက် ထိမ်းမြားလက်ထပ်ရေးတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အခမ်းအနားမလိုကြောင်း

ထင်ထင်ရှားရှား ပြဆိုထားပါသည်။ (**မအေးမယ်နှင့် မကြည်ကြည်၊ ၁၉၄၈ ခု၊ မ.တ.စ ၆၂၅**)။ သို့ရာတွင် ကာယကံရှင် သတို့သား၊ သတို့သမီးတို့၏ ဆန္ဒသဘောအရ မိတ်ဆွေ၊ ဆွေမျိုး၊ မိတ်သင်္ဂဟတို့အား ဖိတ်ကြားဧည့်ခံခြင်း၊ ဘုန်းတော်ကြီးတို့အား ပင့်ဖိတ်ဆွမ်းကပ်ခြင်းတို့သည် လက်ထပ်ထိမ်းမြားရေးဆိုင်ရာ အခမ်းအနားဖြစ်သော်လည်း ဥပဒေပြဋ္ဌာန်းချက်အရ ပြုလုပ်ကြခြင်းမဟုတ်ကြပါ။ အကြင်သူတို့သည် လင်မယားဖြစ်ကြပါကြောင်း လူ့အဖွဲ့အစည်းများမှ အသိအမှတ်ပြုနိုင်ရန်နှင့် အလှူ့ဒါန ပြုကြခြင်းသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် အကြင်လင်မယားဖြစ်မြောက်စေရန် မည်သည့်အချက်များ လိုအပ်ပါကြောင်းကို ရှေးယခင် **မနုကျယ် ဓမ္မသတ်ကျမ်း ဒွါဒသမအတွဲ၊ အခန်း (၁)** တွင် ထင်ထင်ရှားရှား အောက်ပါအတိုင်း ပြဆိုထားပါသည်။

- မိဘနှစ်ပါး ပေးထိမ်းမြား၍ နေစားကြသော လင်မယား ၂ ပါး။
- သူတစ်ပါး အောင်သွယ်၍ နေစားခြင်းလည်း တစ်ပါး။
- နှစ်ဦးသဘောတူ၍ နေစားခြင်းလည်း တစ်ပါး တို့ဟု

ရေးသားဖော်ပြထားပါသည်။

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ တရားဝင် လက်ထပ်ထိမ်းမြားရာတွင် ယောကျ်ား၏ အသက်နှင့် မိန်းမတို့၏ အသက်နှင့်ပတ်သက်၍ လေ့လာရာတွင် ယောကျ်ား၏ အသက်သည် မည်ရွေ့မည်မျှ ရှိရမည်ဟု တိတိကျကျ သတ်မှတ်ထားခြင်း မရှိကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် ထိမ်းမြားလက်ထပ်မှု တရားဝင်ရှိစေရန်မှာ ယောကျ်ားသည် ကျန်းမာ သန်စွမ်းပါက မည်သည့်အရွယ်မဆို ထိမ်းမြားလက်ထပ်ရာတွင် မိဘတို့၏ သဘောတူညီ

ချက် ရယူရန် မလိုချေ။ (မောင်သိန်းအောင်နှင့် မစော၊ ၆- ရန်ကုန်၊ ၃၄၀)

သို့အတွက်ကြောင့် လက်ထပ်ထိမ်းမြားမှု တရားဝင်ရန် "ယောကျ်ားကလေးသည် ကျန်းမာသန်စွမ်းမှု ရှိနေရမည်" ဖြစ်ပါသည်။

ထိုသို့ လက်ထပ်ထိမ်းမြားမည့် ယောကျ်ား၏ အသက်ကို သတ်မှတ်ထားခြင်း မရှိသော်လည်း မိန်းကလေး၏ အသက်ကိုတော့ သတ်မှတ်ထားပါသည်။ ပထမအချက်အနေဖြင့် မိန်းကလေး၏ အသက်သည် အသက် ၂၀ နှစ် ပြည့်ပြီးပါက မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ သဘောတူညီချက် ရယူရန် မလိုပါ။ ဒုတိယအနေဖြင့် အသက် ၂၀ မပြည့်သေးသည့် တစ်ခုလပ်၊ တစ်လင်ကွာနှင့် မုဆိုးမတို့သည်လည်း ထိမ်းမြားလက်ထပ်မှုပြုရာတွင်မိဘ၏ သဘောတူညီချက်အရ ပြုလုပ်နိုင်ပါသည်။ တတိယအချက် အနေဖြင့် ဒုတိယအချက်နှင့် မဆိုင်သည့် အသက် ၂၀ နှစ်အောက် မိန်းကလေးများ ထိမ်းမြားလက်ထပ်မှု ပြုရာတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ သဘောတူညီမှုကို တိုက်ရိုက် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရယူရန် လိုအပ်ပါသည်။ အသက် ၁၅ နှစ်၊ ၁၆ နှစ်အရွယ် ရောက်လာသော မိန်းကလေးများကို မိဘများအနေဖြင့် အိမ်ထောင်ချပေးထားရမည်။ အကယ်၍ ထိုအရွယ်တွင် အိမ်ထောင်ချမပေးသောကြောင့် သားသမီးများက မလျော်သည့် အမှုကို ပြုမိပါက သားသမီးတို့၏ အပြစ်ဟု မဆိုသာချေ။

ထို့ကြောင့် မြန်မာ့မလေ့ ထုံးတမ်းဥပဒေအရ လက်ထပ်ထိမ်းမြားမှု တရားဝင်စေရန် မိန်းကလေး၏ အသက်သည် ၂၀ နှစ်ပြည့်ရမည်။ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ မဟုတ်သော အသက် ၂၀ နှစ်အောက် မိန်းကလေးများသည် မိဘ (သို့မဟုတ်)

အုပ်ထိန်းသူတို့၏ သဘောတူညီချက် ရှိရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ ယောကျ်ားသည် ကျန်းမာသန်စွမ်းခြင်း၊ မိန်းကလေးသည် အသက် ၂၀ နှစ်ပြည့်သော်လည်း ထိမ်းမြား လက်ထပ်ရာတွင် ယင်းတို့ ၂ ဦးမှ လွတ်လပ်စွာ ပေးသည့် သဘော တူညီမှုရှိရန် လိုအပ်ပါသည်။ သဘောတူညီမှုနှင့် ပတ်သက်၍ အကြမ်းအားဖြင့် ခေတ်အလိုက် ၃ ပိုင်း ပိုင်းခြားနိုင်သည်ကို တွေ့ရှိ နိုင်ပါသည်။ ပထမခေတ်မှာ မိဘဖြစ်သူတို့က သားသမီးတို့အား လက်ထပ်ထိမ်းမြားပေးရာတွင် သမီးဖြစ်သူအား မိဘ၏ စီမံမှုကို ပြန်လှန် ပြောဆိုခွင့်မရှိဘဲ နာခံရသော ခေတ်ဖြစ်ပါသည်။ ဒုတိယ ခေတ်မှာ သမီးဖြစ်သူမှ ငြင်းပယ်နိုင်ခွင့်ပြုသော ခေတ်ဖြစ်ပါသည်။ တတိယခေတ်မှာ သမီးဖြစ်သူအား ပိုးပန်းကြသူထဲမှ သမီးဖြစ်သူက သဘောကျ နှစ်သက်သူကိုသာ မိဘများက သဘောတူ ထိမ်းမြား ပေးသောခေတ် ဖြစ်ပါသည်။

မိန်းကလေးတစ်ဦးအနေဖြင့် အရွယ်ရောက်သည်ဖြစ်စေ အရွယ်မရောက်သည်ဖြစ်စေ မိဘများအနေဖြင့် ထိမ်းမြားလက်ထပ် ပေးမှု ပြုရာတွင် ကာယကံရှင် မိန်းကလေး၏ သဘောဆန္ဒ မပါဘဲ နှင့် ထိမ်းမြားမှု မပြုလုပ်နိုင်ချေ။ ထို့ကြောင့် လက်ထပ်ထိမ်းမြားမှု ပြုရာတွင် ကာယကံရှင် ယောကျ်ားနှင့် မိန်းမသဘောတူညီမှု ရှိရမည်ဆိုရာတွင် ပစ္စုပ္ပန်ကာလတွင် လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ရန် ရည်ရွယ်လျက် မိမိတို့၏ လွတ်လပ်စွာ ပေးသော သဘောဆန္ဒသာ ဖြစ်ရမည် ဖြစ်ပါသည်။

သို့ရာတွင် မိဘများအနေဖြင့် သတိပြုရမည်မှာ ယောကျ်ား ကလေး အသက်မှာ ၁၈ နှစ်၊ မိန်းကလေးအသက်မှာ ၁၄ နှစ် အသီး သီး မပြည့်သေးမီ ထိမ်းမြားလက်ထပ်ရန် မိဘများက သဘောတူညီ ချက် ပေးပါက "ကလေးသူငယ်များ ထိမ်းမြားမှု တားမြစ်ရေး



F.6

ဥပဒေ"အရ အပြစ်ပေးခံရမည် ဖြစ်ပါသည်။

ို့အပြင် ယခင်က အကြင်လင်မယား တရားဝင်ရန် ပေါင်းသင်းစပ်ယှက်မှု ရှိရန် လိုအပ်သည်ဟု လက်ခံခဲ့ကြသည်ကို **ကင်းဝန်မင်းကြီး ဦးကောင်း၏ ဓမ္မသတ် ၃၄ စောင်တွဲ ပုဒ်မ ၃၉ တွင် "ချင်းတို့နှစ်ယောက်လည်း အလိုတူကြသည်၊ မိဘချင်းလည်း အလိုတူကြ၍ အုံးအိပ်ရာစပ်ကြလျှင် လင်မယားအရာ မြောက်ရာ၏"ဟု ရေးသားထားကြောင်း တွေ့ရှိရပါသည်။**

သို့သော် ၁၉၆၃ ခုနှစ်မှစတင်၍ "မြန်မာဗုဒ္ဓဘာသာ တရား ဥပဒေထိမ်းမြားလက်ထပ်ရေးအရ အရွယ်ရောက်သော ယောကျ်ား နှင့် မိန်းမတို့သည် တရားဝင် အကြင်လင်မယား ဖြစ်ကြရန် ၎င်း တို့အား လင်မယားအဖြစ် လူသိနတ်ကြား အမြဲတမ်း ပေါင်းသင်း နေထိုင်ရန် သဘောတူညီမှု ဆန္ဒ (Consent) ရှိရန်သာ လိုအပ်ပြီး ပေါင်းသင်းစပ်ယှက်မှု (Consummation) မလိုအပ်ဟု လက်ခံ ကျင့်သုံးခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ **(မောင်စန်းအောင်နှင့် မကြည်ကြည်စေ ၁၉၆၃ ခု၊ မ.တ.စ ၉၉၅)**

ထို့အပြင် မြန်မာဗုဒ္ဓဘာသာ အရွယ်ရောက်သည့် ယောကျ်ား ကလေးနှင့် မိန်းကလေးတို့သည် တရားရုံးသို့ ၂ ဦးသဘောတူ သွားရောက်ကာ ကျမ်းကျိန်ဆိုပြီး ထိမ်းမြားလက်ထပ်ခြင်း ပြုပါက လူသိရှင်ကြား ပေါင်းသင်းမှု မရှိစေကာမူ တရားဝင်ပါသည်။ ထို တရားရုံးတော်သို့ သွားရောက်၍ ကျမ်းသစ္စာ ကျိန်ဆိုခြင်း၊ ဆွေမျိုး မိတ်ဆွေတို့အား ဧည့်ခံ ကျွေးမွေးခြင်း၊ ဘုန်းတော်ကြီး တို့အား ပင့်ဖိတ်လျက် ဆွမ်းကပ်လှူပြီး ထိမ်းမြားလက်ထပ်မှုသည် လူ့ပတ်ဝန်းကျင်မှ အကြင်လင်မယားအဖြစ် အသိအမှတ်ပြုရန် ပြုသည့် အခမ်းအနားများသာ ဖြစ်ကြပါသည်။ အထက်ပါကဲ့သို့ ထိမ်းမြားမှု မပြုလုပ်ခဲ့သူများအဖို့မှာ လင်မယားအဖြစ် လူသိ

ရှင်ကြား ပေါင်းသင်းနေထိုင်မှု ရှိရန် လိုအပ်ပါသည်။

ထိုသို့ လူသိရှင်ကြား ပေါင်းသင်းနေထိုင်သည်ဆိုရာတွင် ပန္နပွန်နှင့် အနာဂတ်ကာလများတွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် ရည်ရွယ်ချက်နှင့် တရားဝင် လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံမှုမျိုး ဖြစ်ပါသည်။ မယားရှိသည့် ယောကျ်ား တစ်ဦးက မိန်းမတစ်ဦးအား စပ်ယှက်မှုရှိသော်လည်း အဆိုပါ မိန်းမနှင့် ၎င်း၏ မိတ်ဆွေများ၊ ဆွေမျိုးများထံသို့ အတူတကွ သွားလာခြင်းလည်း မရှိ၊ ပြင်ပတွင်လည်း အထင်အရှား သွားလာမှု မျိုးလည်း မရှိလျှင် အကြင်သူ ၂ ဦးအား လင်မယားဖြစ်ကြောင်း မသတ်မှတ်နိုင်ချေ။

ထို့ကြောင့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု ဆိုရာ၌ အပျော်မယား၊ တိတ်တိတ်ပုံးမယားနှင့် ဆက်ဆံကြသည်နှင့် မတူညီဘဲ ခြားနားစေရန်အတွက် အကြင်လင်မယားအဖြစ် အိမ်

**ပထမအချက်အနေဖြင့် မိန်းကလေး၏အသက်သည် (၂၀) နှစ်ပြည့်ပြီးပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူ၏ သဘောတူညီချက်ရယူရန် မလိုပါ။**

**ဒုတိယအချက်အနေဖြင့် အသက် (၂၀) မပြည့်သေးသည့်တခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ တို့သည်လည်း ထိမ်းမြား လက်ထပ်မှုပြုရာတွင် မိမိသဘောဆန္ဒအရ ပြုနိုင်ပါသည်။**

တစ်ဆောင်၊ မီးတပြောင်၊ အထင်အရှား လူသိနှတ်ကြား အတူတကွ ပေါင်းသင်းနေထိုင်သည့် လင်မယားတို့ကိုသာလျှင် လင်မယား အဖြစ် ပေါင်းသင်းနေထိုင်မှုဟု သတ်မှတ်ရပေမည်။

မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ အစဉ်အဆက်အားဖြင့် ယောကျ်ားတစ်ဦးသည် မိန်းမတစ်ဦးထက် ပို၍ ယူလေ့ရှိကြသည့် ထုံးတမ်းကို လက်ခံမှု ရှိခဲ့ကြသော်လည်း မိန်းမတစ်ဦးသည် ယောကျ်ားအများယူသည့် ဓလေ့ကိုကား မြန်မာတို့ အနေဖြင့် လက်မခံခဲ့ချေ။ ထို့ကြောင့် တရားဝင် လင်ယောကျ်ားရှိသည့် မိန်းမ တစ်ဦးသည် အခြားယောကျ်ားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ခြင်း မပြုရပါ။ ထိုသို့ ထိမ်းမြားလက်ထပ်မှု ပြုပါက အဆိုပါမိန်းမအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၄ အရ အပြစ်ပေးနိုင်ပါသည်။ သို့အတွက်ကြောင့် တရားဝင် လင်မယားအရာမြောက်စေရန် မိန်းမ တွင် တရားဝင် ကာမပိုင် လင်ယောကျ်ား မရှိစေရ သတ်မှတ်ထား ခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထိမ်းမြား လက်ထပ်ရေးသည် သိမ်မွေ့နက်နဲသည့် လူမှုရေးရာ လောကီကိစ္စ သာလျှင်ဖြစ်ပြီး လူမှုရေး ဝိဇ္ဇာဥ်စည်းကမ်းချက်များအပေါ် အခြေခံ၍ ပေါင်းသင်းနေထိုင်မှုမျိုး ဖြစ်ကြောင်း တွေ့ရှိရပေ သည်။ သို့အတွက်ကြောင့် တရားဝင် လင်မယားဖြစ်ရန် အောက်ပါ အချက်များနှင့် ကိုက်ညီရမည်ဖြစ်ကြောင်းကို မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေတွင် အထင်အရှား သတ်မှတ် ပြဋ္ဌာန်းထားပါသည်။

၁။ ယောကျ်ားသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာ သန်စွမ်းရမည်။

၂။ မိန်းမသည် မုဆိုးမ (သို့မဟုတ်) တစ်ခုလပ်၊ တစ်လင် ကွာ မဟုတ်လျှင် အသက် ၂၀ ပြည့်ရမည်။ အသက် ၂၀ မပြည့်သေး

လျှင် မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ သဘောတူညီချက် ရရှိရမည်။

၃။ ယမု ပစ္စုပ္ပန်ကာလ၌ လင်မယားအဖြစ် အိမ်ထောင်ပြုရန် ရည်ရွယ်၍ နှစ်ဦးသဘောတူညီချက်ဆန္ဒကို လွတ်လပ်စွာ ပေးရမည်။

၄။ နှစ်ဦးစလုံး စိတ်ပေါ့သွပ်သူများ မဖြစ်စေရ။

၅။ မိန်းမတွင် မပြတ်စဲသေးသည့် တရားဝင် လင်ယောကျ်ား မရှိစေရ။

၆။ အထင်အရှား ထိမ်းမြားလက်ထပ်မှု တစ်စုံတစ်ခု မပြုလုပ်ခဲ့ပါက လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်မှု ရှိစေရမည်... ဟူသော အချက်များသည် အဓိကကျကြောင်း သတ်မှတ်ထားပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ လက်ထပ်ထိမ်းမြားရေးသည် မြန်မာမှု၊ မြန်မာ့ဓလေ့အရ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံတွင် ခန့်ညားထည်ဝါမှု ရှိလျက် သိမ်မွေ့နက်နဲမှု ရှိသည်မှာ ဂုဏ်ယူစရာပင် ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**

၁။ ဦးမြစိန်၊ တရားရုံးချုပ် ရှေ့နေ၏ **မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ**။

၂။ တက္ကသိုလ်စာပေးစာယူ သင်တန်း၏ **မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေပို့ချချက်**။


**သိန်းဦး(ရှမ်း)**

ဘားအံမြို့မ ရဲစခန်းမှာ မြို့လယ်တွင် ရှိသည်။ ပတ်ဝန်းကျင် ရှိသည်။ ပတ်ဝန်းကျင်တွင်မှု ကုန်သွယ်ရေးဆိုင်၊ သမဝါယမဆိုင်များ၊ လှုပ်ရှားသော လမ်းမများ၊ မြူနီစပယ်ဈေးကြီး စသည်ဖြင့် ဝန်းရံလျက်ရှိသည်။ ရဲစခန်းအဆောက်အအုံကြီးမှာ ပတ်ဝန်းကျင်မှ လှုပ်ရှား သွားလာနေသည့် အရာများကို ဂရုမစိုက်သလို တည်တည်ငြိမ်ငြိမ်နှင့် ထီးထီးမားမားကြီး ရပ်တည်လျက် ရှိနေလေသည်။

ရဲစခန်းအတွင်းရှိ တိုင်ကပ်နာရီကြီးမှာ နံနက် ၈-နာရီ ထိုးချက်ကြောင်းကို တစ်ခင်ခင်မြည်လျက် ညွှန်ပြနေသည်။

ယနေ့ ကျွန်တော်၏ တာဝန်မှူးအလှည့်ကို မနက် ၈-နာရီမှ နောက်တစ်နေ့မနက် ၈-နာရီအထိ တာဝန်ယူရသည်။ ၂၄-နာရီလုံးလုံး ရဲစခန်းပိုင်အတွင်း ဖြစ်ပွားသော ရာဇဝတ်မှုများကို တာဝန်မှူးမှ ဖြေရှင်းဆောင်ရွက်ပေးရ၏။ မနိုင်သည့်အမှု၊ ကြီးကျယ်သည့်အမှုများကိုသာ စခန်းမှူးထံ တင်ပြရပေသည်။

ရာဇဝတ် မှုခင်းအပြင် ရဲစခန်း၌ ချုပ်ထားသော တရားခံများကိုလည်း



လှတစ်ယောက်ထိခိုက်နစ်နာသွားစေဖို့

တရားဥပဒေနဲ့ ပြည်သူ့ရဲ့အဖွဲ့ကို

ကိုယ်ပိုင် လက်နက်တစ်ခုအဖြစ်

အသုံးချခဲ့ရင် အပြစ်ပေးခံရမှာက ...




# မောင်ထွန်းညို

## နောက်ဆုံး တစ်နေ့ဝယ်

ဇူလိုင်လ
၁၉၉၄

# ပြည်တွင်း ဖြစ်ရပ်မှန် မှုခင်းဝတ္ထု



တာဝန်မှူးက တာဝန်ယူ၍ စောင့်ရှောက်ရသေးသည်။

တာဝန်မှူးဟောင်း ခုလုံခြုံရေးမှူး ဦးတင်မောင်က အသစ်ဖြစ်သည့် ကျွန်တော့်အား အချုပ်တရားခံများရှိသည့် အခန်းသော့ကို အပ်သည်။ ပြီးလျှင် မနေ့က သူဆောင်ရွက်ခဲ့သော ကိစ္စအဝဝ ကို ပြောပြသည်။ ဆောင်ရွက်စရာရှိသည်တို့ကိုမှာသည်။ အားလုံးပြီးစီးသောအခါ ဦးတင်မောင်မှာ ပြုံးပြုံးရွှင်ရွှင်နှင့် ကျွန်တော့်အား ကြည့်ပြီး ရုံးခန်းမှ ထွက်သွားတော့သည်။

သူ့အပြုံးက အဓိပ္ပာယ်ပါသည့် အပြုံး။ ငါတော့ ဦးနှောက်ခြောက်ပြီ၊ မင်းဆက်ပြီး ဦးနှောက်ခြောက်ပေဦးတော့ဆိုသည့် သဘော။ ဟုတ်တော့လည်း ဟုတ်သည်။ ရုံးခန်းသို့ နေ့စဉ်ရောက်သည့် ရာဇဝတ်မှုခင်းများက မနည်းလှပေ။

အရက်မူးပြီး လမ်းပေါ်လဲနေသည့် ကိစ္စ၊ လင်မယားအချစ်စမ်းပြီး ရန်ဖြစ်ကြသည့်ကိစ္စမှ သည် လူသတ်မှု၊ လုယက်မှု အထိ ဖြစ်သည်။

အမှုကြီးများမှာ နေ့စဉ်တိုင်းတော့မတက်။ တက်ပြီဆိုလျှင်လည်း

အမျိုးသမီး၏ စကားများကြောင့် ကျွန်တော့်မှာ အံ့ဩတုန်လှုပ်စွာနှင့် ရေရွတ်မိတော့သည်။ ကျွန်တော့်ဦးနှောက်ထဲ၌ (မုဒိမ်းမှု၊ အမှုကြီး၊ အမျိုးသမီးကလေးလှလှပပလေး၊ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်) စသည်ဖြင့် တွေးတောနေမိလေသည်။ မကြာမှီ စိတ်ကို တည်ငြိမ်စွာ ထားလိုက်ပြီး စကားဆက်ရသည်။

"ဖြစ်ပျက်ပုံက ဘယ်လိုလဲ ခင်ဗျာ၊ ဖြစ်ပျက်ပုံကို ပြောပြပါဦး"

"ဖြစ်ပျက်ပုံက ဒီလိုပါ..."

"မနေ့က ကျွန်မ မော်လမြိုင်ကနေ သင်္ဘောစီးလာပါတယ်... ကျွန်မ ပစ္စည်းတွေကို သင်္ဘောသားတွေနေတဲ့ အခန်းထဲမှာ ထားပါတယ်။ ဘားအံဆိုက်တော့ ကျွန်မလည်း ဆင်းမယ်လုပ်ပြီး ပစ္စည်းတွေယူဖို့ အခန်းထဲကို သွားပါတယ်။ အခန်းထဲ ရောက်တော့ နောက်ကလိုက်လာတဲ့ သင်္ဘောသားကိုသန်းအောင်က ကျွန်မပါးစပ်ကို ပိတ်ပြီး အတင်း မုဒိမ်းကျင့်တာပါပဲ။ မနေ့ညက လာတိုင်မလို့ဟာ သူတာ ရဲ့ စခန်းတိုင်ရင် သတ်မယ်လို့ ခြိမ်းခြောက်ပါတယ်... ဒါကြောင့် ကျွန်မ

တာဝန်မှူးက ဦးစွာဦးနှောက်ခြောက်ရတော့သည်။

ကျွန်တော့်မှာ တာဝန်မှူးဝတ္တရား လက်စပြေးသည်နှင့် အမှုကြီးမတက်ရန် စိတ်ထဲမှ ဆုတောင်းနေမိသည်။ သို့သော် ကျွန်တော့် ဆုတောင်းကား မပြည့်ပေ။

နံနက် ၁၀–နာရီ ထိုး၍ ထမင်းစားမည် စိတ်ကူးပြီး ထိုင်ရာမှ ထလိုက်သည်။ ထိုစဉ် စခန်းတွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်လာသည်။ သူမအား စားပွဲရှေ့၌ နေရာထိုင်ခင်း ပေးလိုက်ပြီး လာရင်းကိစ္စကို မေးရလေသည်။

"ထိုင်ပါခင်ဗျာ၊ ဘာကိစ္စရှိပါသလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲခင်ဗျာ"

"အမှုတိုင်ချင်လို့ပါ"

အမျိုးသမီးမှာ မပွင့်တစ်ပွင့်အသံလေးနှင့် ပြောလာသည်။ သူမ၏ အမှုအား သိရှိလို၍ ကျွန်တော်က ဆက်မေးသည်။

"ဘာအမှုပါလဲ ခင်ဗျာ"

"မုဒိမ်းမှုပါ၊ ကျွန်မကို ကိုသန်းအောင်က မုဒိမ်းကျင့်လို့ပါ"

"ခင်ဗျာ"

လည်း လာမတိုင်ရဲဘူး။ ဒီနေ့တော့.. ကျွန်မ မခံနိုင်တာနဲ့ လာတိုင်တာပါရှင်"

အမျိုးသမီး၏ စကားကို ကြားရသောအခါ ကျွန်တော့်မှာ ဦးနှောက်ကို အလုပ်ပေးရတော့သည်။ ဖြစ်တာက သင်္ဘောပေါ်က သင်္ဘောသားအခန်းမှာ၊ ဖြစ်ပျက်တဲ့ နေရာက သင်္ဘောဆိပ်ကမ်း။ နစ်နစ်စလုံးလူများသည့် နေရာမျိုးပင်၊ ဖြစ်နိုင်ပါ့မလား။ အတွေးထဲတွင် သံသယစိတ်က ဝင်လာသည်။ ထို့ကြောင့် အမျိုးသမီးအား ထပ်မေးရသည်။

"ဘယ်လိုမှ စိတ်မရှိပါနဲ့ ခင်ဗျား...၊ ကျွန်တော် တစ်ခု မရှင်းလို့ မေးပါရစေ။ ဖြစ်တာက သင်္ဘောဆိပ်၊ သင်္ဘောဆိုက်တဲ့အချိန်၊ သင်္ဘောသားအခန်းမှာဆိုတော့ အနီးအနားမှာ လူတွေကော မရှိဘူးလား၊ မြင်တဲ့လူတွေကော မရှိဘူးလား "

"ကျွန်မက သင်္ဘောဆိုက်ဆိုက်ချင်း ဆင်းတာမဟုတ်ပါဘူး၊ လူရှင်းလို့ တော်တော်လေးကြာမှ ဆင်းတာပါ။ အခန်းထဲကို ကျွန်မသွားတော့ အခန်းနားမှာရော၊ အခန်းထဲမှာရော လူတစ်ယောက်မှ မရှိဘူး၊ ကိုသန်းအောင် လိုက်လာတယ်ဆိုတာတောင် အခန်းထဲရောက်မှ သိတာ"

ကျွန်တော့်အနေနှင့် ဘာမှဆက်မမေးတော့။ မုဒိမ်းမှုဆိုသည်မှာ သေးငယ်သည့် အမှုမဟုတ်။ အရှက်ကြီး၊ အကြောက်ကြီးသည့် မိန်းကလေးဆိုလျှင် တိုင်ရဲမည်မဟုတ်။ အတော်ပင်ယုတ္တိရှိ၍သော်လည်းကောင်း၊ မခံမရပ်နိုင်ဖြစ်၍ သော်လည်းကောင်း လာရောက် တိုင်ကြားခြင်းဖြစ်သည်။ ထို့ကြောင့် ရဲတပ်ကြပ်ကြီး စာရေးထံ အမှုအဖြစ်အပျက်တို့အား အသေးစိတ် တိုင်ကြားရန် စီစဉ်ပေးရတော့သည်။ မကြာမီပင် ရဲတပ်ကြပ်ကြီး စာရေးနှင့် အမျိုးသမီးတို့၏ စကားသံများက ကျွန်တော့် နားထဲသို့ ဝင်လာတော့သည်။

"နာမည်ဘယ်လို ခေါ်ပါသလဲ"

"မကြည်မြပါ"


"အဖေနာမည် ဘယ်လိုခေါ်သလဲ"

"ဦးသာအောင်ပါ"

"ခင်ဗျား အသက် ဘယ်လောက်ရှိပြီလဲ"

"၁၉-နှစ်"

× × × × × × ×




အမှုအား အစရေးယူဖွင့်လှစ်ပြီးသည်နှင့် စခန်းမှူးထံ တင်ပြရသည်။ စခန်းမှူးက အမှုကို ကျွန်တော့်အား ပေးသည်။

"ဦးကျော်ကျော်ပဲ လက်ခံစစ်ဆေးလိုက်ပါဗျာ၊ အကူအညီ လိုတာရှိရင်လည်း ပြောပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော့်မှာ ထိုသို့ပြောပြီး အမှုအား လက်ခံစစ်ဆေး ရတော့သည်။ အမှုမှ တရားခံမှာ သဘော်သား၊ သဘော်မှာ မော်လမြိုင်သို့ ဆင်းသွားသည်။ ညနေမှ ဘားအံသို့ တက်လာမည်ဖြစ်သည်။ ထို့ကြောင့် သဘော်ပြန်အလာကို စောင့်ရမည်။

ဦးစွာ မကြည်မြထံမှ မှုဒိမ်းကျင့်စဉ် ဝတ်ထားသောထဘီကို တောင်းရသည်။ မကြည်မြက ထဘီက မနေ့ညက ရေလဲလှုပ်ပြီး ရေချိုးလိုက်ကြောင်း ပြောပြသည်။ ထို့ကြောင့် ထဘီကို သိမ်း၍ မဖြစ်တော့။ သို့သော် သူမအား ဆေးစစ်ရန်ပို့ ရဦးမည်။ ရေချိုးပြီးပြီဟု ဆိုသော်လည်း မှုဒိမ်းပြုကျင့်သည် ဆိုတော့ အနည်းအကျဉ်း အထောက်အထား ရနိုင်စရာ ရှိသေးသည်။




ထို့ကြောင့် ဆေးစာရေးပြီး သူမကို ရဲမတစ်ဦးနှင့်အတူ ဆေးရုံသို့ စေလွှတ်လိုက်လေသည်။

ညနေတိုင်သောအခါ သက်ဆိုင်ရာ သင်္ဘောကိုယ်စားလှယ်နှင့် ညှိရသည်။ သင်္ဘောဆိုက်လျှင် သင်္ဘောဦးစီးမှူးကိုလည်း သင်္ဘော ကိုယ်စားလှယ်နှင့်အတူ ညှိရသည်။ ပြီးလျှင် သင်္ဘောသား ကိုသန်းအောင်အား မုဒိမ်းမှုနှင့် ဖမ်းရတော့သည်။

ကိုသန်းအောင်အား စစ်ဆေးသောအခါ မဟုတ်ပါကြောင်း အစစ်ခံသည်။ တစ်ခါပြီးတစ်ခါ စစ်ဆေးသည်။ တစ်ခါပြီးတစ်ခါ မဟုတ်ကြောင်း ပြောသည်။ ရှိစေတော့။ သူ့ဖိုးမှာ မိုးသည်ဟု ဘယ်တော့မှ ဝန်မခံ။ ယနေ့လည်း ဘယ်လောက်မေးမေး မဟုတ်ဘူးဟု ပြောမည်သာ။

ထို့ကြောင့် ပတ်ဝန်းကျင် သက်သေများအား စစ်ဆေးရသည်။ ဦးစွာ အခန်းတွင်းအတူနေ သင်္ဘောသားများအား စစ်ဆေးရသည်။ သင်္ဘောသားများက မသိပါကြောင်း အစစ်ခံကြပေသည်။ သင်္ဘောသား တစ်ဦးဖြစ်သူ ဦးလှမောင်က ခေါင်းကို ဖြေးညင်းစွာ

ဓါယမ်းရင်း....

"ကျွန်တော် သတိမထားမိလိုက်ပါဘူးဆရာ.၊ ဒီအမျိုးသမီး ပါလာတာလည်း မသိဘူး။ သင်္ဘောဆိုက်ပြီးတော့ ကျွန်တော်တို့ သင်္ဘောကပ်တဲ့ ကုန်းဘောင်ပေါ်မှာ စကားပြောနေကြတာ သင်္ဘောသား အားလုံးပဲ၊ ဒီအထဲ ကိုသန်းအောင်လည်း ပါတယ်။ ဒီကိစ္စက စကားမပြောကြခင် ဖြစ်တာလား၊ စကားပိုင်းပြီးမှ ဖြစ်တာလားဆိုတာ မပြောတတ်တော့ဘူး"

ကျွန်တော့်မှာ ၎င်းတို့ ထွက်ဆိုချက်များကြောင့် ဦးနှောက်ခြောက်ရသည်။ ထို့ကြောင့်ပင် သင်္ဘော ဦးစီးမှူးနှင့် စာရေးကြီးတို့ကို ဆက်ခါ စစ်ရပြန်သည်။

၎င်းတို့ကလည်း မသိရပါကြောင်း ထွက်ဆိုကြပြန်သည်။ ကျွန်တော့်မှာ ပို၍ပို၍ ဦးနှောက်ခြောက်ရပြန် သည်။

မှုဒိမ်းပြုကျင့်သည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ပေ။ ယောကျ်ားက အတင်းအကျပ်ပြုမည်။ မိန်းကလေးက ရုန်းကန်မည်။ ထိုအခါ ဘယ်နည်းနှင့်မဆို ရုန်းရင်းဆန်ခတ်မှုတော့ ရှိရမည်။ သင်္ဘောသားများ တစ်ယောက်မဟုတ်တစ်ယောက် သိရမည်။ သို့မဟုတ်က စရိုးသည့် တစ်ဦးဦးတော့ သိရမည်။

သင်္ဘောသားများ အနေနှင့်ကိုယ့်အချင်းချင်းမို့ မပြောချင် ဖြစ်နေသလားမသိ။ ထို့ကြောင့် ၎င်းတို့အား ထပ်ခါတလဲလဲ စစ်ဆေးရပြန်သည်။

သို့သော် အကြောင်းထူးမထူး။ သင်္ဘောသားတစ်ဦး ပြောလိုက်သော စကားက အနည်းငယ်အထောက်အကူ ပြုမလိုရှိသည်။

"မကြည်မြ မော်လမြိုင်က တက်လာတာတွေ့တယ်...၊ သူနဲ့ မိန်းမကြီးတစ်ယောက်ပါလာတာတွေ့တယ်၊ မိန်းမကြီး နာမည်က ဒေါ်စောတင်၊ ကျွန်တော်နဲ့ သိတယ်။ ဘားအံမှာနေတယ်။ သူတို့ သင်္ဘောအောက်ထပ်နောက်ဖက်မှာ ထိုင်ကြတယ်။ ကျွန်တော်လည်း စောပဲ သတိထားကြည့်လိုက်မိတာပါ။ နောက်တော့ အလုပ်များတာနဲ့ သူတို့ကို သတိမထားမိတော့ဘူး"

ထို့ကြောင့် သဲလွန်စရလိုရငြား ဒေါ်စောတင်အား ခေါ်စစ်ပြန်သည်။

"မကြည်မြနဲ့ အဒေါ်တို့ မော်လမြိုင်က အတူတူလာကြတာ မှန်ပါတယ်။ ဘားအံကိုရောက်တော့ ကျွန်မ

အတူတူဆင်းကြတာ ဟုတ်ပါတယ်။ မဆင်းခင် သဘော်သား အခန်းထဲမှာ ထားတဲ့ ပစ္စည်းကို မကြည့်မြ သွားယူတယ်။ ဒါပေမယ့် သိပ်မကြာပါဘူး၊ စောစောလေးပဲ ထွက်လာတာပါ။ ပြီးတော့ အဒေါ်တို့နှစ်ယောက် အတူတူ ထွက်လာကြတယ်။ မြို့ထဲရောက်တော့ သူက တခြားအသိအိမ်မှာ တည်းမယ် ဆိုပြီး ထွက်သွားပါတယ်"

ဒေါ်စောတင်၏ စကားကိုကြား ရသောအခါ ကျွန်တော့်မှာ သို့လော... သို့လော တွေးတောရပြန်သည်။

ဒေါ်စောတင်အား အကြိမ်ကြိမ် စစ်ဆေးသည်။ ပထမပြောသည့်စကား အတိုင်းပြောသည်။ အပြောင်းအလဲ မရှိ။ ကျွန်တော့်ဦးနှောက်လည်း ရှုပ်ချာလည်ရပြီ။ မကြည့်မြ အနေနှင့်လည်း မဟုတ်ဘဲနှင့်တော့ မပြောတန်ရာ။ သို့သော်... သက်သေအထောက်အထား များက မတွေ့။ ထို့ကြောင့် ကိုသန်း အောင်ကို အချုပ်ခန်းမှ ထုတ်ပြီး ချော မော့စစ်ဆေးရသည်။

"ဒီမှာ ကိုသန်းအောင်၊ ကျွန်တော့်ကိုခင်ဗျားတို့ အဖြစ်အပျက် ဟုတ်တယ် မဟုတ်ဘူးဆိုတာ အမှန်အတိုင်း ပြောစေချင်တယ်ဗျာ...၊ ခင်ဗျား ယောကျ်ားပဲ၊ အမှန်ကို အမှန်အတိုင်း ပြောပါ။ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံး ကူညီပါ့မယ်။ ရင်ထဲမှာရှိတာ အကုန် ပြောစမ်းပါဗျာ"



ကျွန်တော်က လေးနေးနင့်ချော့ မေးတော့မှ ပြောတော့သည်။

"ကျွန်တော် အမှန်အတိုင်း ပြောပါမယ်ဆရာ…၊ မကြည်မြကို မုဒိမ်းကျင့်တယ်ဆိုတာ မဟုတ်ပါဘူး။ အခါတိုင်း




သူက ကျွန်တော့်ကို မော်လမြိုင်ကနေ မှောင်ခိုပစ္စည်းတွေ ပေးလိုက်တယ်။ ကျွန်တော်က ဘားအံမြို့က သူ့အဆက်အသွယ်တွေဆီ ပို့ပေးရတယ်၊ အခုနောက်ဆုံး အခေါက်မှာ နှစ်ထောင်ဖိုးလောက် ပေးလိုက်တာကို ကျွန်တော်က သူ့အဆက်အသွယ်ဆီ ပို့မပေးဘဲ ဖြောင်လိုက်တယ်ဆိုပြီး တိုင်တာပါ ဆရာရယ်"

"တစ်ကယ်ပဲလား ကိုသန်းအောင်"

"တစ်ကယ်ပါ ဆရာ…၊ ကျွန်တော် လိမ်တယ်ဆိုရင် ဆရာတို့ကြိုက်သလိုလုပ်ပါ"

ထို့ကြောင့် မကြည်မြအား ချက်ချင်း ခေါ်နိုင်းလိုက်ရပေသည်။ မကြည်မြ ရောက်လာသောအခါ ကျွန်တော်က ဟုတ်တိုင်းမှန်ရာကို ပြောရန် အထောက်အထားများ တွေ့နေရပြီဖြစ်၍ လိမ်နေလည်း အကြောင်းမထူးကြောင်း မျက်နှာထား တည်တည်နှင့် မေးရသည်။ ထိုအခါမှ မကြည်မြမှာ မျက်နှာပျက်ပျက်နှင့် လိမ်တိုင်မိကြောင်း ဝန်ခံတော့သည်။

"ကဲ… စာရေးကြီး… မကြည်




ကို လည်ဆယ်မှုနဲ့ ဖွင့်ပေတော့...၊ ကိုသန်းအောင်ကိုတော့ ပြန်လွှတ်ရလိမ့်မယ်"

ကျွန်တော်က စာရေးကြီးအား လည်ဆယ်မှုဖွင့်ရန် နိုင်းလိုက်သည်။ ထိုအခါမှ မကြည်မြမှာ ရှိုက်ကြီး တစ်ငင်ငိုကြွေးလေတော့သည်။ ကျွန်တော့်မှာ မကြည်မြအား ကြည့်မိသည်။

"ကိုယ့်ဟာကိုယ် လည်လှီးသေအောက်မေ့ပြီး တရားဥပဒေကို မလေးမစား လုပ်လို့ဘယ်ရမလဲ မကြည်မြရယ်...၊ အမှန်တရားဆိုတာ နောက်ဆုံးတစ်နေ့တော့ ပေါ်လာစမြဲပါ။ ဒီလို အမှန်တရား ပေါ်တဲ့တစ်နေ့မှာ ခင်ဗျားတို့လို လူတွေဟာ တရားဥပဒေက ဒဏ်ခတ်တာကို ခံကြရတာပဲ မဟုတ်လား...။ ဒီသင်ခန်းစာကို မသေမချင်း မှတ်ထား မကြည်မြ"

ကျွန်တော့်မှာ အထက်ပါအတိုင်း ပြောရန် ရင်ထဲမှ ထုတ်လိုက်သည်။ သို့သော် ပါးစပ်က မထွက်။ မကြည်မြမှာမူ ရှေ့ရင်ကွဲမျှ ငိုပွဲဆင်လျက် ဝမ်းနည်းပက်လက် ငိုကြွေးလျက်ပင် ရှိနေလေတော့သည်။

(စောင်ထွန်းညို)



ပြည်တွင်းဖြစ်ရပ်မှန် မှုခင်း

# အလှည့်အပြောင်း

## ရဲအရာရှိဟောင်းတစ်ဦး

"ဒီမှာ ဆရာဆာကေကျော်၊ ကျွန်တော်တို့ကို တစ်ခုကူညီဗျာ"

မြို့ကလေး ရဲစခန်းမှူး မောင်မောင်လွင်က အငြိမ်းစား ရဲအရာရှိဟောင်းကြီး ဦးကျော် အရက်ကြိုက်သွန်းလို့ သူ့ကို ရင်းနှီးသူတွေက ဆာကေကျော်ဟု ခေါ်ကြသူ အသက်ခြောက်ဆယ် အဘိုးကြီးအား စချီကာ ပြောလိုက်သည်။

"ဘာများလဲ၊ ဘာဖြစ်နေလို့လဲ၊ တို့က ဘာကို ကူညီရမှာလဲ ဘယ်တော့လဲ၊ ဘယ်မှာလဲဟ"

"ဆရာဆာကေကတော့လေ
ပုလိပ်ကြီးပီပီ ဘာကုန်းတွေ တန်းစီပြ
မေးတော့တာပဲ။ ကဲ ပြောပါမယ်
ချလိုက်ပါဦး တစ်ခွက်တစ်ဖလား
ဟဲ. . ဟဲ. . ဟဲ"


"ပုလိပ်ကြီးတွေရဲ့ ခြေရာ
ရော မောင်ရင်တို့ ရဲပေါက်စနေတွေ
က လိုက်နိုင်ကြသို့လားဗျ စော

## ပြည်တွင်း၊
## ဖြစ်ရပ်မှန် မှုခင်း။

ပုဒ်မ ၆(၁) ဆိုတာ
ပြည်သူ့ပိုင်ပစ္စည်းတွေကို ကိုယ်ကျိုးစီးပွားအတွက်
အလွဲသုံးတဲ့ သူခိုးဓမ်း ဥပဒေပါ ။
"ရာဇဝတ်ဘေး-ပြေးတတ်ရင် လွတ်တယ်" လို့
ထင်တတ်ကြတဲ့ ဒုစရိုက်သမား "လောဘသား" တွေက
အမှတ်(၃)ဘိလပ်မြေစက်ရုံက မီးသီး၊မီးခေါင်း၊
အစုံ (၂၀၀) ကို ခိုးပြီး ပြေးကြလေတော့ ... ... ...

# ရဲအရာရှိဟောင်း
# တစ်ဦး
အလှည့်အပြောင်း၊

လပိုင်ဒိလမစ
၁ ၉ ၉ ၄



လူနှီးတဲ့မှ မောင်ရင်တို့ခေတ်ကာလ လူငယ်တွေဟာ ရှေ့ထုံး ပယ်ပြီး ဈေးသုံး တယ်ရှာချင်တဲ့ ကောင်တွေ။ ဘွာတေး၊ ဘွာတေး။ ဟော့ နည်းနည်း မှားသွားတယ်။ ဈေးသုံး လွယ်ချင်ကြတဲ့ ငနဲတွေက များတယ်ကွ။ 'လ' သုံးလုံးသမားတွေ များတယ်"

"ဂလု၊ ဂလု"

အဘိုးကြီး ဆာဂေကျော်သည် စကားကို ဖြတ်ကာ ရှေ့တွင် ချထားသော ဖန်ခွက်ထဲမှ အရက်ဖြူကို ကောက်ကိုင်ပြီး နှစ်ကျိုက် မော့သောက်လိုက်ကာ ပြုံး၍ စနေ်းမှု မောင်မောင်လွင်အား ကြည့်နေလေသည်။

"စက်ရုံက လျှပ်စစ်မီးသီးနှုံးလုံးတွေ အစုံပေါင်း နှစ်ရာကေကျော် ပျောက်သွားလို့ စခန်း ပြည်သူ့ပိုင် ၆ (၁)နဲ့ အမှုဖွင့်ထတယ်။ အဲဒါ ဆရာဆာဂေ စက်ရုံရဲ့ လုံခြုံရေးမှူးနဲ့ ရင်းနှီးတသူ အကူအညီနဲ့ စက်ရုံထဲဝ သူခိုးခြေရာခံပေး တို့ရှိကြောင်း! ကလေးဆိုင်မှာ တဝတိုက် ဘယ့်နှယ်လဲ ဆရာဆာဂေ"

"ဒါလေးများ ငါ့လူရယ်၊ တို့က ဒီနေ့အထိ ရဲတပ်ဖွဲ့အပေါ်မှာ သံယောဇဉ်က မကင်းသေးပါဘူးဟာ။ စိတ်ချ၊ တို့ ရှုံ့ဖိုးလုပ်ပေးမယ်။ မောင်ရင့် စီမံချက်ကိုပြော"

ဆာကေကျော်ကြီးက ပြောလိုက်ပြီး အရက်ဖြူ တစ်မော့ မော့ချကာ စခန်းမှူး မောင်မောင်လွင်၏ နောက်ယောင်ခံ ရှုံ့ဖိုး လုပ်ပေးရမည့် အစီအစဉ်ကို နားထောင်နေလိုက်သည်။

"အမှုစစ် အိုင်အို ဒုရဲအုပ် တင်ဝင်းကို ဆာကေကျော် သိတယ်နော်"

"အင်း.. ဒီကောင်လေးက တော်တဲ့ အကောင်စားကလေးပဲ"

"ဟုတ်တယ်၊ ဒီအမှုတ် (၃) ဘီလပ်မြေ စက်ရုံက ၆ (၁) အမှုတွေဆို သူ့ပဲ ပေးစစ်ခိုင်းတာ။ ဒါပေမယ့် ဒီကောင်လေးက မိန်းမတော့ ကြောက်သား"

'အမယ်မယ် ငါ့လူက အဲဒီ အဖွဲ့မှာ ဥက္ကဋ္ဌ မဟုတ်လား၊ ဟား ဟား.. ဟား.."

စခန်းမှူး မောင်မောင်လွင်က ဖောင်ကြီးသင်တန်းဆင်း၊ ဆာကေကျော်က နည်းပြဆရာ၊ ရင်းနှီးကြသူတွေ။ တစ်ယောက်၏ အကြောင်း တစ်ယောက် နားလည်ကြသူတွေ။ ရင်းရင်းနှီးနှီး ရယ်ရယ်မောမော ပြောဆိုနေကြသည်။

"ဒီနေ့ ပစ္စည်း အလှည့်အပြောင်း လုပ်ကြမယ်လို့ သတင်းရထားတယ်၊ အဲဒါ..."

"တို့ နားလည်ပြီ၊ မောင်ရင်တို့ စခန်းက ရဲတပ်ဖွဲ့ဝင်တွေဆို အရပ်ဝတ်နဲ့လည်း မြို့ကလေးက လူတွေက ခွဲခြားသွားတောင် မှတ်မိတယ်။ ဒီတော့ တို့က ဘုတ်ဆိပ်နဲ့ ရေဆိပ်မှာ ရှုံ့ဖိုးလုပ်ပြီး စောင့်ကြည့် သတင်းပေးတဲ့အလုပ် လုပ်ပေးရမယ် ဆိုပါတော့၊ ဟုတ်စ"

"ဒါကြောင့် ပုလိပ်ကြီးလို့ ပြောတာပေါ့ ဆာကေကျော်ကြီးရဲ့၊ ဟဲ ဟဲ... ဟဲ...။ ဒါနဲ့ နေပါဦး စောစောက ပြောတဲ့ "လ" သုံးလုံး အဓိပ္ပာယ်က"

"ဟာ ဒါလား၊ လွယ်လွယ် တွေး၊ လွယ်လွယ် လုပ်၊ လွယ်လွယ် မှားကြတာကို ပြောတာ"


“ကဲ ဘုတ်ကူးချိန်၊ ဆိုက်ချိန် နီးလာပြီ၊ လုပ်ငန်းစကြရအောင်။ ဒီ အနီးအနားမှာ ခုရဲအုပ် တင်ဝင်း ခေါင်းဆောင်တဲ့အဖွဲ့ကို ကျွန်တော် အသင့်ချထားမယ်။ အခြေအနေ ထူးခြားမှုရှိတာနဲ့ သတင်းပေးဖို့ပါပဲ။ ကျွန်တော် စိတ်ချထားမယ်နော်။ မူးပြီးလည်းငိုက်မနေနဲ့ဦး၊ ကျွန်တော် သွားမယ်”

“ကောင်လေး၊ ဆာကေကျော် ဆိုတာ သိတယ် မဟုတ်လား။ သတင်း မှန်လို့ကတော့ကွာ ပြေး မလွတ်ဘူးမှတ်၊ ကဲ သွားတော့”

မြိုင်ကလေး စခန်းမှူး မောင်မောင်လွင်သည် ဆာကေကျော်၏ ပခုံးစွန်းအား ပုတ်ကာ မြိုင်ကလေး ဆိပ်ကမ်းမှ ပြန်သွားသည်။

သထုံဖက်မှ လာသော ဒတ်ဆန်းကားနီလေး လှေဆိပ်ကားဂိတ်တွင် ဆိုက်လိုက်သည်။ လူရွယ်နှစ်ယောက် ကားပေါ်မှ ဆင်းလာပြီး လှေဆိပ်ဖက်သို့ သွားရန် ဟန်ပြင်နေသည်။ လက်တွင် ဆွဲထားသော မြွေရေခွံအိတ် တစ်လုံးစီပါသည်။

တစ်ယောက်က ဂျင်းဘောင်း



“ရသလောက်နဲ့ ချောလိုက်တာ
ပေးကွာ ... ကြာကြာထား ရင်
မကောင်းဘူး၊ 'အန္တရာယ်ရှိသော
နိုင်တယ်”

ဘီအပြာ၊ ခြေဖျားတွင် အစများ ဖွာ တာကဲ့ စုတ်ပြဲစ ဗလပွဖြင့် ဂျင်းဂျာ ကင် အပြာကို လက်တစ်ဝက်ခေါက် တော်ထားပြီး ဝပ်ကင်းရှူး အညိုရောင် များ ဝတ်ဆင်ထားသည်။ တစ် ယောက်က ကာကီ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီ လက်တိုအဖြူ ဆင်ကြယ် သို့မဟုတ် မြင်းကြယ်အပြာရောင် ဂျပန်ဖိနပ် စီးထားသည်။

ဆာကေကျော် ဘုတ်ဆိပ် ခပ်လှမ်းလှမ်းမှ အကဲခတ် စောင့် ကြည့်နေသည်။ လူရွယ် နှစ်ယောက် ဇက်ဆိပ်သို့ လျှောက်သွားကြသည်။ ဆာကေကျော်ကြီး နောက်ယောင် ခံပြီး လိုက်သွားသည်။

"ဒီနေ့ သထုံမှာ ဖျောလိုက် မယ်ကွာ။ တစ်စုံကို သုံးလေးဆယ် တော့ ရနိုင်တယ်"

ဂျင်းဝတ်စုံဖြင့် လူက ပြော လိုက်သည်။

"ရသလောက်နဲ့ ဖျောလိုက် တာပေါ့ကွာ၊ ကြာကြာထားရင် မကောင်းဘူး၊ အန္တရာယ်ရှိတယ်ကွ။ တို့ဇက်ဆိုက်ရင် ပါလာတဲ့ ကားနဲ့ပဲ လိုက်ကြမယ်ကွာ"

ကာကီဘောင်းဘီ ဝတ်သူက ပြောပြီး ဇက်ဆိပ်သို့ ဆက်လျှောက် သွားကြသည်။ ဆာကေကျော်ကြီး ဆက်လိုက်သွားသည်။

ငယ်ထိပ်တစ်ခွင်လုံး ဆံပင် တွေ ပြောင်ပြီး တစ်ခေါင်းလုံး ဆံပင် တွေ ဖြူဖွေးနေသည့် ဆာကေကျော် ကြီးအား လူရွယ်နှစ်ယောက်က အရေးထားဟန် မတူပေ။ အဘိုးကြီး ပဲလေ၊ ဘာအရေးလုပ်စရာလဲပေါ့။ အနှစ်သုံးဆယ်ကျော် အတွေ့အကြုံ ရင့်ခဲ့သူ ရဲအိုကြီးမှန်း သိလျှင်တော့ ဖျားသွားကြမည်မှာ အမှန်"

ဆာကေကျော်ကြီးက လျှင်သ လား မပြောနဲ့၊ သွက်သလား မပြောနဲ့ မီးတောက် အရက်ခိုးထက် မြန် သေး။

'အစုံဆိုတော့ မီးသီးနှင့် မီး ခေါင်းပဲ ဖြစ်နိုင်သည်။ အထုပ်ပုံ တွေကလည်း အဖုကလေးတွေ ပေါ် နေသည်။ သေချာပါပြီ၊ ဒီကောင်တွေ ကားနောက် လိုက်မှဖြစ်မည်'


ဆာကေကျော်ကြီး သ ဘာသာသူ ကောက်ချက်ချလိုက် သည်။ ပြီး ဆက်လက်၍ လူရွယ်

နှစ်ယောက်အား မျက်ခြည်ပြတ်မခံဘဲ ဝပ်၍ လုပ်နေသည်။

၁၀း၀၀ နာရီတွင် ဇက်ကမားအံမှ ကူးလာပြီး မြိုင်ကလေးဆိပ်တွင် ဆိုက်ပြီး ကပ်လိုက်သည်။ ကုန်ကားတွေရော၊ ကားကလေးတွေရော၊ ခရီးသည်တွေ ပါလာသည်။

ခရီးသည်တွေ အရင်ဆင်း






လာကြသည်။ နောက်ကားကလေးတွေ ဆင်းလာကြသည်။

"သထုံကို၊ သထုံကို လိုက်မလား"

ဖားအံ- သထုံ အမြန်ယာဉ်လိုင်းကားမှ ယာဉ်နောက်လိုက်များက ခရီးသည် ခေါ်နေကြသည်။

လူရွယ်နှစ်ယောက် တိုယိုတာ ဟိုက်လပ်စ် အဖြူပေါ် သို့ တက်လိုက်ကြသည်။ ဆာကေကျော်ကြီး ကားနံပါတ်မှတ်ပြီး ဘုတ်ဆိပ်တွင် အသင့်စောင့်နေသော ဒုရဲအုပ် တင်ဝင်းတို့အဖွဲ့ ရှိရာသို့ သွက်သွက်ကလေးသွား၍ ကားနံပါတ်နှင့် လုပ်ပုံသဏ္ဌာန်များ ပေးလိုက်သည်။

တိုယိုတာ ကားဖြူကလေး မြိုင်ကလေးဂိတ်မှ မောင်းထွက်သွားသည်။ ဒုရဲအုပ် တင်ဝင်းတို့အဖွဲ့က ချောတာဝန်ကျ ဒတ်ဆန်းကားနီလေးက နောက်မှ ကိုက် ငါးဆယ်ခန့်ခွာ၍ မောင်းလိုက်နေသည်။ မြန်မာပြည် ကျိမ်းစခွန်းများလားဟု ထင်ရသည်။

သထုံ-မြိုင်ကလေး ကားလ

နံဘေးတွင် ရှိသော ခြေမြန်တပ်ရင်းတို့ကို ကျော်လွန်ခဲ့သည်။ ရှေ့ကားပေါ်တွင် ဆာကေကျော်ကြီး သတင်းပေးထားသူနှစ်ဦး သေချာပေါက် ပါမပါ ရှေ့ကားကို ကပ်မောင်းကာ ကားတွင်းပါသူများအား စစ်ဆေးကြည့်ရှုကြသည်။

သေချာသွားပြီ။ မြွေရေခွံအိတ်တစ်အိတ်စီနှင့် လူနှစ်ယောက်၊ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်အပြာနှင့် တစ်ယောက်၊ ကာကီဘောင်းဘီ ရှပ်အင်္ကျီလက်တို အဖြူနှင့်။

"ကားဆရာ၊ ရှေ့ကားကို ကျော်တက်ပြီး ရှေ့က ပိတ်ဆို့အချက်ပြပြီး ရပ်ပေးပါ"

ဒုရဲအုပ်တင်ဝင်းက ယာဉ်မောင်းသူအား ပြောလိုက်သည်။

"တီ- တီ- တီ"

ယာဉ်မောင်းသူက ရှေ့ကားကို လမ်းတောင်းသည့် ဟွန်းတီးလိုက်သည်ကို ရှေ့ကား နောက်ကြည့်မှန်ထဲမှ လှမ်းမြင်သဖြင့် အလွယ်တကူပင် လမ်းပေးလိုက်လေသည်။ ဒုရဲအုပ် တင်ဝင်းတို့ ဖတ်ဆန်းကားက ကျော်တက်ပြီး ရှေ့မှ ရပ်လိုက်သည်။

ဒုရဲအုပ် တင်ဝင်းတို့အဖွဲ့ ကားပေါ်မှ ရုတ်တရက် ခုန်ဆင်း၍ တို့ယိုတာ ဟိုက်လက်စ်ကား ရှေ့နောက် ပိတ်ဆို့ ဝိုင်းထားလိုက်ကြသည်။

"ခရီးသည်တွေ ကားပေါ်က မဆင်းကြပါနဲ့၊ ကားပေါ်မှာပဲ ထိုင်နေကြပါ။ ကျွန်တော်တို့ မြိုင်ကလေးရဲစခန်းက ပြည်သူ့ရဲတွေပါ။စိတ် မပူကြပါနဲ့၊ ကားပေါ်မှာ ပါလာတဲ့ လူနှစ်ယောက်ကို ရှာချင်လို့ ရပ်ခိုင်းတာပါ"

ဒုရဲအုပ် တင်ဝင်းက ရှင်းလင်းပြောပြလိုက်သည်။ ဒီတော့မှ ခရီးသည်များ၏ သက်ပြင်းချသံများ ထွက်လာနိုင်တော့သည်။

မသင်္ကာခံရသူ နှစ်ယောက်ထိုင်ရာမှ ထကာ ဆင်းပြေးရန် လုပ်သည်။

"ဟေ့ လူတွေ၊ ငြိမ်ငြိမ်ထိုင်နေဆိုတာ မကြားဘူးလား၊ နားချင်လို့လား၊ လိုက်တမ်းပြေးတမ်း ကစားနေတယ်များ မှတ်သလား။ ခင်ဗျားတို့ အိတ်တွေ ယူပြီး ဆင်း။ ကားပေါ်က ခုဆင်းခဲ့ကြပါ"

ဒုရဲအုပ် တင်ဝင်းက အမိန့်ပေးကာ ခြောက်လုံးပြူး သေနတ်ကိုလည်း အသင့်အနေထားတွင် ကိုင်၍ စောင့်နေသည်။

မသင်္ကာခံရသူ နှစ်ယောက်အာမျှ မပြောတတ်နိုင်တော့။ ကားပေါ်မှ မြွေရေခွံအိတ်တွေ ကိုယ်စီဆွဲပြီး ခပ်ကုပ်ကုပ်ကလေး ဆင်းလာခဲ့ရသည်။

"ကလစ်- ကလစ်"

ကားပေါ်မှ ဆင်းလာသူ နှစ်ယောက် ကတ္တရာလမ်းပေါ် ခြေချလိုက်သည်နှင့် တစ်ပြိုင်နက်တည်း နယ်ထိန်းရဲတပ်ကြပ် ကျော်ထွန်းက လက်ထဲမှ အထုပ်များကို ဆွဲယူပြီး ကာကီဘောင်းဘီဝတ် လူ၏ ညာလက်၊ ဂျင်းဝတ်စုံဖြင့် လူအား ဘယ်ဘက်လက်ကောက်ဝတ် တစ်ဖက်စီတွင် ခန်ရောင်ပြောင်ပြောင် လက်ထိပ်ကွင်းကလေးများ တပ်ဆင် ပေးလိုက်လေသည်။

"ကဲ ခနိုးသည်တွေက မိမိတို့ခနိုးစဉ် မပျက်အောင် ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေကြပါ။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့ကတော့ ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ သက်သေပြုလုပ်ပြီး အဲဒီ အိတ်နှစ်လုံးကို ဖွင့်ပြီး အထဲက ပစ္စည်းတွေကို စစ်ဆေးပေးပါ"

ဒုရဲအုပ် တင်ဝင်းက ရှင်းလင်းပြောပြကာ အိတ်နှစ်လုံးကို ဖောက်ဖွင့် စစ်ဆေးလိုက်သည်။

"ဟာ မီးလုံးတွေ မီးခေါင်းတွေပါလား"

"အေးဟယ်၊ ဒီရဲတွေ တယ်လျှင်တာပဲကွ၊ တော်တယ်ကွာ"

"သတင်းပေးရှိလို့ နေမှာပါကွာ"

"ဘာပဲ ဖြစ်ဖြစ်လေ၊ နေရှင်နယ် အမျိုးအစားတွေကွ၊ တန်ဖိုးမနည်းဘူးကွ"

မီးလုံး ၂၀၀ ကျော်၊ မီးခေါင်း ၂၀၀ ကျော်အစုံလိုက်။ အမှတ်(၃) ဘီလပ်မြေစက်ရုံမှ ပျောက်ဆုံးသွားသော အရေအတွက်အတိုင်း အတိအကျပင် ပြန်လည် သိမ်းဆည်းရမိလိုက်ခြင်း ဖြစ်သည်။

အမှုစစ် အိုင်အို ဒုရဲအုပ် တင်ဝင်း ကိုယ်တိုင် မီးသီး၊ မီးခေါင်း အရေအတွက်တို့ကို ရှာဖွေပုံစံတွင်




ရေးသွင်းပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးအား အသိသက်သေအဖြစ် လက်မှတ်ရေးထိုးကာ သက်သေခံပစ္စည်းအဖြစ် မြေရေနွံအိတ် နှစ်အိတ်နှင့်အတူ သိမ်းဆည်းပြီး ပစ္စည်းနှင့်တကွ ဖမ်းဆီးမိသူနှစ်ဦးအား ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁) ဖြင့် အရေးယူ တရားစွဲဆိုနိုင်ရန် ဖမ်းဆီးပြီး ဗဟိုဆန်းကားနီကလေး ပြန်ကွေ့ကာ မြို့ကလေးသို့ မောင်းနှင်သွားလေတော့သည်ပေါ့။

ဆာဂေကျော်ကြီး တစ်ယောက်တော့ နှုတ်ခမ်းတွေ လှုပ်နေပြီထင်ပါ့။


ဖမ်းဆီးခြင်းခံရသည့် "အလှည့်အပြောင်း" သမား နှစ်ယောက်မှာတော့ မြို့ငကလေးရဲစခန်း အချုပ်ခန်းဆီသို့ မိုင်ထေးလျက် ပါသွားခဲ့ရပေပြီလေ။

ဖြစ်မှုကြောင်းကို ချွေဖြင့် ဆယ်ခဲ့သာ ပြင်ကြပေတော့ဟူ၍သာ။

ရဲအရာရှိတောင်အောင်ဦး




most wanted men in Americ



# အတွင်းလူ

တင်မင်း

ဒေါ်လာနှစ်သန်းတန် မီးရထား ဓားပြမှုကြီးမှ ဝရမ်းပြေးနှစ်ပေါင်း ၅၀ ခန့်ကြာ. . ရာဇဝတ်ဘေး ဖြေရှုံ ကြိုးစားသော်လည်း ဆံဖြူသွားကျိုး အရွယ်ရောက်ခါမှ ဥပဒေလက်တွင်း သက်ဆင်းခဲ့ရပုံမှာ. . .


တပို့ မီးရထားကြီးကို ဤလမ်းဆုံမှ စောင့်ဆိုင်း၍ လက်နက်ကိုင် ဓားပြများက ဒေါ်လာ နှစ်သန်းကို လုယက်သွားခဲ့ကြသည်။

ဘဏ် အဆောက်အအုံအတွင်းမှ မသင်္ကာဖွယ်ရာ အသံပလံများ။

ဘဏ်အနီးနေသူ တစ်ဦးက တက်ကဆက်ပြည်နယ်၊ ရောင်ဝင်နာကောင်တီ မှုခင်းဆိုင်ရာ တရားသူကြီး ဓေါ်နယ်အက်ကင်းထံ သတင်းပို့သည်။

၁၉၆၈- ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ဖြစ်သည်။

တရားသူကြီး အက်ကင်းနှင့် အဖွဲ့ လိုက်လံ သွားရောက်ပြီး ဘဏ် အဆောက်အအုံကို ဝိုင်းထားလိုက်သည်။

"ဟေ့၊ မင်းတို့ကို ဝိုင်းထားလိုက်ပြီ၊ လက်မြှောက်ပြီး ထွက်ခဲ့ကြ"

အက်ကင်းက အော်၍ အမိန့် ပေးလိုက်ခြင်း ဖြစ်သည်။ အမြေက



ဘဏ်အတွင်းဘက်ဆီမှ သေနတ်သံ တစ်ချက် အက်ကင်းရှိရာသို့ ပြေး ထွက်လာသည်။

အက်ကင်းကလည်း အညှမခံ ပြန်လည် ပစ်ခတ်လိုက်သည်။

သည်တော့မှ လူတစ်ယောက် ထွက်လာပြီး အဖမ်းခံလာသည်။

အက်ကင်းသည် ဘဏ်၏ ရှေ့ဘက် တံခါးအပေါက် တစ်ပေါက် မှနေ၍ ဘဏ်ထဲ ဝင်လိုက်သည်။

လူတစ်ယောက်နှင့် တွေ့ဆုံ လုံးထွေးလိုက်ရသည်။ မကြာပါ၊ ထို လူ အဖမ်းခံလိုက်ရသည်။

နောက်တစ်ယောက်ကတော့ ဖြင့် ကားတစ်စီးဖြင့် ထွက်ပြေးလွတ် မြောက်သွား၏။

ဖမ်းဆီးမိသူ နှစ်ယောက် အ နက် တစ်ယောက်က အသက် (၇၆) နှစ်ရှိပြီး၊ ဆံပင်တွေပင် ဖြူနေပြီ



**တိုက်ရာပါ ဒေါ်လာ နှစ်သန်းမှ တစ်သန်းကိုးသောင်းကို မ ၅ ထွက်ပြေးသွားသောဘဏ်ဓားပြ ဂလော့(စ်) ကော့. . .**



**စာပို့ အင်စပက်တော် 'ဖာဟီ' သူက ရထား မားပြမှုကြီး၏ အစီက ဇာတ်ကောင်၊ သူ လုပ်ရှားမှုတွေက ရှပ်ရှင်ဆန်ဆန်. .**

ဖြစ်၏။ သူ့နာမည် မည်သူမည်ဝါ ဖြစ်ကြောင်း သူက ပြောလိုက်သော အခါ တရားသူကြီး အက်ကင်းက-


"ဒါဆို ခင်ဗျားဟာ ၁၉၂၀ ပတ်ဝန်းကျင်တုန်းက ဘီလီနွိုက်(စ်)မှာ စာပို့ရထားကို လုယက်တဲ့ထဲ ခင်ဗျား ပါခဲ့တဲ့သူပေါ့"


ထိုသူက အက်ကင်းက အမေးကို မငြင်းသည့်အပြင်-

"အဲဒါ ၁၉၂၄- ခုနှစ်ကပါ။ အဲဒီကတည်းက ခုအထိဆိုရင် ဒါ ပထမဦးဆုံး အမိခံရတာပဲ" ဟု၍ ပင် ပြောလိုက်သေးသည်။

၁၉၂၄ - အဖြစ်အပျက်က-

ရှီကာဂိုမှ ထွက်သော စာပို့ ရထား ရှီကာဂိုမြောက်ဘက် ၃၂ မိုင် အကွာ ရွှန်ဒေါင်မြို့ လေး အရောက် လုဆိုးများ ဝင်စီးကြောင်း စာပို့ရထား တစ်စီး ရပ်လိုက်ပြီး အကြောင်းကြားသည်။ နိုးအင်းမှ





တပို့ဆိုင်ရာ အရာရှိများထံ အကြောင်းကြားခြင်း ဖြစ်သည်။

အချိန်က ည (၁၀) နာရီထိုးအပြီး ဖြစ်သည်။

တပို့ရထား၏ အကြောင်းကြားချက်တွင် လူဆိုးများက ဒေါ်လာငွေဆယ်သန်း လုယူသွားကြောင်းပါ ပါလေသည်။

တပို့ အက်စပက်တာ ဘီးဖာဟီနှင့် ရှိကာဂို စုံထောက်များ လိုက်ပါသွားရသည်။ စုံထောက်များကို စုံထောက်အရာရှိ ဝီလျံရှူးမိတ်ကာက ဦးဆောင်လျက်။

ညသန်းခေါင်တွင် သူတို့သည် လိပ်ကောင်တီ တရားသူကြီးနှင့် လည်းကောင်း၊ ရထားဘက်ဆိုင်ရာ ရဲစုံထောက်များနှင့် လည်းကောင်း၊ တွေ့ဆုံကြသည်။

ဘယ်လို၊ ဘယ်အကြောင်း ဖြစ်ပျက်ခဲ့သည်ကိုလည်း သူတို့ သိလိုက်ကြရလေသည်။

ဖြစ်ပျက်ပုံက-

တပို့ရထားသည် ရောက်ရမည့် ဘူတာသို့ ၁၀ မိနစ် နောက်ကျပြီးမှ ရောက်လောက်ရအောင် နှေးနေသည်။ သို့ကြောင့် အမှိုန်မြှင့်မောင်းလိုက်ရ၏။ တစ်နာရီ မိုင် ၆၅ နှုန်းဖြင့် စတင် မောင်းလိုက်ချိန်တွင် ရွှန်ဒေါက်အနီးသို့ပင် ရှိသေးသည်။

ဤတွင် လူဆိုး ၂ ယောက် ဘွားကနဲ ပေါ်လာသည်။ သူတို့ နှစ်ဦး ခေါင်းတွဲဆီ သုတ်ခြေတင်သည်။ မီးထိုးသမားကို တစ်ယောက်က ရိုင်ဖယ် သေနတ်ဖြင့် ချိန်သည်။ နောက်တစ်ယောက်က ရထားဒရိုင်ဘာကို ခြောက်လုံးပြူးဖြင့် ချိန်သည်။ ရထားကို ရပ်နိုင်းသည်။

ရထား ဒရိုင်ဘာက ရထား ခေါင်းတွဲမှ ရှေ့မီးကို ဖွင့်လိုက် မှိတ်လိုက် သုံးကြိမ် လုပ်သည်။ လူဆိုးများက နိုင်းသဖြင့် လုပ်ရခြင်း ဖြစ်သည်။ တစ်ခုခု အချက်ပေးလိုက် သော သဘောပင် ဖြစ်သည်။

ရထားရပ်သွားရသော နေရာ သည် ဘတ်ကာလေ ဟိုင်းဝေး လမ်းမကြီးကို ဝိတ်ဆို့လျက်သာ ဖြစ်နေသည်။ ရထားမောင်းသ နှင့် မီးထိုး သမားကို လူဆိုးမျာ ရထားပေါ်မှ ဆင်းနိုင်းလိုက်သ

ရထားလက်မှတ်စစ်နှင့် အ ရထားဝန်ထမ်းတစ်ဦး ရထားဘ သည်ကို သိချင်စောဖြင့် မြေး



ထောင်ဒဏ် ၂၅-နှစ် ပြစ်ဒဏ် ခံသွားရသော ဘဏ်ဓားပြ ဂျင်း မာရီ . .



သည်။ သူတို့ကိုလည်း သေနတ်သ
မားက ဖမ်းဆီးလိုက်၏။

ဘတ်ကာလေ လမ်းမကြီးဘက်
ဆီမှ လူလေးယောက် ကားတစ်စီ
ဖြင့် ရောက်လာသည်။ သေနတ်သ
များ မိုးပေါ် ထောင်ဖောက်လိုက်
သည်။

လမ်းကို ပိတ်ဆို့ထားသော
ရထားတွဲသည် စာတိုက်တွဲ ဖြ
သည်။ စာရေး ဆယ့်ရှစ်ယောက်
အလုပ်လုပ်လျက် ရှိသည်။ သူတို့က
ရထားတွဲတံခါးကို ဆွဲပိတ်ထားလိုက်
သည်။

သည်တော့ လူဆိုးများက ပြ
တင်းပေါက်မှန်ကို ခွဲကာ မျက်ရည်
ယိုဗုံး ပစ်ထည့်သည်။ သည်တော့
တံခါး ဖွင့်ပေးလိုက်ရ၏။ သူတို့ကို
သေနတ်သမား တစ်ဦးက ရထားတွဲ
နား ရပ်နေခိုင်းလိုက်သည်။

ဤတွင် မည်းမည်း သဏ္ဍာန်
တစ်ခု ရုတ်တရက် ပေါ်လာသည်။
ရထား၏ ရှေ့ဘက်ဆီမှ ပေါ်လာ
ခြင်း ဖြစ်သည်။ လူဆိုးများက
သဏ္ဍာန်အား ပစ်ခတ်တော့
မည်းမည်းသဏ္ဍာန် လဲကျသွား

သည်။ လူဆိုးများက ထိုသဏ္ဌာန်ပုဂ္ဂိုလ်အား သူတို့၏ ဘတ်ကာလေလမ်းပေါ်ရှိ ကားနှစ်စီးအနက် တစ်စီးဆီ သယ်သွားကြသည်။

ပြီး . . လူဆိုးများက စာပို့တွဲမှ အထုပ်ကြီးများ ခြောက်ဆယ့်လေးထုပ်ကို သူတို့ကားဖြင့် သယ်သွားကြသည်။ ဖြစ်ပျက်ပုံက ဤမျှပင်ဖြစ်သည်။

× × × × × × ×

ရထားသို့ ညဥ့်ကြီးသန်းခေါင်ရောက်ရှိလာသော အရာရှိ အရာခံနှင့် ဝန်ထမ်းများသည် လက်နှိပ်ဓာတ်မီးများ၊ မီးအိမ်ငယ်များ ကိုင်လျက် လည်းကောင်း၊ စီးနင်းလာသော ကားများ၏ ရှေ့မီးများဖြင့်လည်းကောင်း၊ မှုခင်းဖြစ်ရာ နေရာကို စစ်ဆေးကြည့်ရှုကြသည်။

ဤတွင် စာပို့အင်စပက်တာဘီးဖာဟီ သဲလွန်စများ ရလိုက်သည်။ တစ်ခုက မျက်ရည်ယိုဗုံးဓာတ်ငွေ့အကာ မျက်နှာဖုံး နှစ်ခုဖြစ်ပြီး ကျန်တစ်ခုက ခြောက်လုံးပြူးတစ်လက် ဖြစ်သည်။ အဆိပ်ငွေ့ပုလင်းတစ်လုံးကိုလည်း ရရှိလိုက်သည်။



"သူတို့ ရှိကာဂိုဘက် သွားမှာ သေချာတယ်" အင်စပက်တာ ဖာဟီက မှတ်ချက် ချသည်။ သို့ဖြင့် ရှိကာဂို ဘက်လမ်းကို ဝိတ်ဆို့လိုက်သည်။

လုယူခံလိုက်ရသော ငွေများမှာ ဒေါ်လာ နှစ်သန်းဖြစ်၏။ ယင်းအထဲ၌ ရွှေ၊ ငွေ၊ ရတနာများ၊ ဒေါ်လာ ငွေစက္ကူသစ်များနှင့် ငွေကြေး စာချုပ်စာတမ်းများပါ ပါဝင်လေသည်။

× × × × × × ×

နောက်တစ်နေ့ နံနက် (၁၀) နာရီခန့် ကျိုလီယာဆိုသော နေရာနား တွင် ကားတစ်စီးကို တွေ့ရသည်။ ကားပေါ်တွင် စာပို့အိတ်ကြီးများ ချောက်ဆယ့်သုံးအိတ် ပါသည်။ ငွေပေးငွေယူ စာချုပ်စာတမ်းများလည်း ပါ၏။

**<u>သူကတော့ ဘဏ်ဓားပြမှုကို ခေါင်းဆောင် ကျူးလွန်ခဲ့တဲ့ နယူတန်ညီအစ်ကိုလေးယောက်မှ တစ်ယောက်ဖြစ်တဲ့ ဂျက်ဆီ နယူတန်ပါတဲ့. .</u>**

စာပို့အိတ်ကြီးများ ဆိုသော်လည်း အခွံများသာ ဖြစ်၏။ စာချုပ်စာတမ်းများမှာလည်း ဆိုင်ရာက လက်မှတ်ထိုးပါမှ တန်ဖိုးရှိသော စာရွက်စာတမ်းများ ဖြစ်သည်။

လူဆိုးများ လုယက်စဉ်က ဘယ်ရထားတွဲကို လုရမည် ဆိုသည်ကို သိပြီးသလို ဖြစ်ခဲ့၏။ လုယက်စရာ ရှိသည့်အတွဲသို့ တန်းတန်းမတ်မတ် လာကြခြင်း ဖြစ်သည်။ သို့ကြောင့် အတွင်းလူ သတင်းပေး ရှိရမည်ဟု ရဲအရာရှိချုပ် ရပ် (ရှ်) ဆီမွန်က ယူဆသည်။

ရဲအရာရှိ ကက်ပတိန်ရှူးမိတ်ကာကလည်း ယင်းလူဆိုးများသည် ရှိကာဂိုက ဖြစ်ရမည်ဟု ယုံကြည်သည်။

ဒေါက်တာ တစ်ယောက်က ဒဏ်ရာရသွားသော မည်းမည်းသဏ္ဌာန် လူဆိုးသူကို ဝါရှိုတန်နောက်တွင်ရှိကာသနေကြောင်းလည်း နောက်ပိုင်းတွင် သတင်းရကြ၏။

ရဲတပ်ကြပ်ကြီး ဖရက်တက်စကော့နှင့် အခြားရဲအရာရှိများ ပါဝင်သည့် အဖွဲ့ကို ကက်ပတိန်ရှူး

နိုလေးမောင် မှုခင်းစာစဉ်

# BANK

မိတ်ကာက ဦးဆောင်လျက် ဝါ့ရှိ တနော်ဆီ သွားကြ၏။

အမျိုးသားနှစ်ယောက်၊ အမျိုးသမီးတစ်ယောက်နှင့် ဒဏ်ရာရ လူတစ်ဦး တွေ့ကြသည်။ သူတို့က လုယက်မှုအကြောင်း ဘာမျှ မသိဟု ဆိုသည်။ သို့သော် သူတို့အနက် ဗွန်ဝေဆိုသူဆီမှ ဒေါ်လာ ၅၀၀ တန်နှင့် ဝေါလ်တာမက်ကုမ်း ဒေါ်လာ ၁၀၀၀ တန် စာချုပ်များ သိမ်းဆီး ရမိသည်။ ဒဏ်ရာနှင့် သူက သူ့နာမည် ဗွန်ဝိုနီး ဖြစ်ကြောင်း အစစ်ခံသည်။ မိန်းမတစ်ယောက်အတွက် ရန်ခိုက်ခေါသဖြစ်ရာမှ ဒဏ်ရာရခြင်းသာပါဟု သူက ထွက်ဆိုသည်။ အမျိုးသမီးကမူ သူမသည် ဝေါလ်တာမက်ကုမ်း၏ ဇနီးဟု ဆို၏။

ဒဏ်ရာ ရသူအား ထောင်ကြီးချုပ် ဆေးရုံသို့ ပို့လိုက်ပြီး ကျန်အမျိုးသား၊ အမျိုးသမီးများအား ဇာနီးဆုံးရဲစခန်းသို့ ဖမ်းဆီးသွားလေသည်။

ရဲတပ်ကြပ်ကြီး တက်စတော့နှင့် အဖွဲ့က မှောင်နေသော အိမ်တစ်လုံးထဲမှ အခြေအနေ အကဲခတ်နေသည်။ ထို့တွင် သော့တစ်ချောင်းနှင့် လူတစ်ယောက် နံနက် (၂) နာရီခန့်တွင် ရောက်လာသည်။ သူ့နာမည် ဂျိမ်းမဟော်နီဟု ဆို၏။ လူနာ၏ မိတ်ဆွေဟုလည်း ဆိုသည်။ လူနာ လာမေးပါကြောင်းလည်း ပြော၏။

သူ့အား ရှူမိတ်ကာနှင့် ဖာဟီတို့ ရှိနေသော ရဲစခန်းသို့ ပို့လိုက်သည်။

နောက်နေ့ ယင်းလုယက်မှုအကြောင်းနှင့် မသက်သာ မည်သူမည်ဝါ ဖမ်းဆီးထားကြောင်း သတင်းစာထဲ ပါလာ၏။ ထိုသတင်းများနှင့်

အတူ လူတစ်ယောက် တက်စကော့ တို့ ရှိရာသို့ ရောက်လာ၏။ ရဲများကို တလှည့် သတင်းစာကို တလှည့် ကြည့်နေသည်။

"ဟော့လူ၊ ဒီမှာ ဝိုနီးက ဝန်ခံ ပြီးပြီဗျ။ ခင်ဗျားပါ ဒီလုယက်မှုထဲ ပါတယ်လို့. . . "

ထိုလူက သူ့ကိုယ်သူ အိပ်ဂျေ ဝက်ကင်းဖြစ်ကြောင်း ပြော၏။ ပြီး သူက တက်စကော့ကို လှော်ဘ်ထိုးဖို့ ကြိုးစားသည်။ တက်စကော့က သူ့ကို အစ်လိုက်ခြင်း ဖြစ်သည်ကို သူမသိ။ သူ့ဦးဇရုပ်လုံးပေါ်က သက်သာရာ သက်သာကြောင်း လာဘ်ထိုးလာ ခြင်း ဖြစ်သည်။

"ကက်ပတိန် ရှုးမိတ်ကာ လည်း ရှိသေးတယ်ဗျ။ အဲဒါ- ကျုပ် ဆရာ"


တက်စကော့က ပြောလိုက် သည်။

ပြောပြီးလျှင် ပြီးချင်း တက်စ ကော့သည် ကက်ပတိန်ရှုးမိတ်တာ နှင့် အဆက်အသွယ် လုပ်လိုက် သည်။

သူတို့ ဝက်ကင်းထံမှ ဒေါ်လာ ငွေ နှစ်သောင်း လက်ခံလိုက်ပြီး နောက် နောက်ထပ်ရမှ ဖြစ်မည့် အကြောင်း ရှုးမိတ်ကာက ပြောလေ ရာ ဝက်ကင်းက သူ့မှာ မရှိတော့ ကြောင်းနှင့် ဂျင်းမာရီဆီမှ ယူပေး မည် ဖြစ်ကြောင်း ပြော၏။

"ဟော့- အဲဒီလူကို တို့ဖမ်းထား ပြီကွ"

သည်တော့ ဝက်ကင်းက ခေါင်းညိတ်သည်။ ယင်းကို ထောက် ခြင်းအားဖြင့် မဟော်နီအမည်ဖြင့်



အဖမ်းခံထားရသော သူသည် ဂျင်းမာရီဖြစ်ကြောင်း ရဲကက်ပတိန် ရှူးမိတ်ကာက သိလိုက်ပြီး

ဝက်ကင်းက နောက်ထပ် ငွေပေးရန် သဘောတူ၏။ သူ့ဇနီး လက်မှတ်ပါမှ ဘဏ်က ထုတ်၍ ရမည်ဟုလည်း ဆို၏။ ထိုအမျိုးသမီးသည် ရထားဖြင့် ထိုနေ့နံနက်တွင်ပင် ရောက်လာမည်ဟု ဝက်ကင်းက ဆိုလာသည်။

မည်သို့ဆိုစေ ရှူးမိတ်ကာ၊ တက်စကော့နှင့် ဝက်ကင်းတို့ သူမနှင့် တွေ့ဆုံကြသည်။ ငွေကိုဘဏ်မှ ထုတ်ယူပြီး ရှူးမိတ်ကာတို့အား ပေးလေ၏။

ဤတွင် ရှူးမိတ်ကာက ဝက်ကင်းနှင့် သူ့ဇနီးအား လုယက်မှုတွင် ကြံရာ ပါဖြစ်ပြီး ရဲများအား လာဘ်ထိုးမှုဖြင့် ဖမ်းဆီးလိုက်လေသည်။

အမျိုးသမီးက သူမနှင့် သူမ၏ ယောက်ျား အပြစ်မရှိကြောင်း ငြင်းဆိုသည်။ သူတို့သည် တက်ကဆက်နယ်မှ ဖြစ်ကြောင်းလည်း ပြောသည်။

"သူ့နာမည် ဘယ်သူလဲ"

ရှူးမိတ်ကာက မေးလိုက်သည်။ သည်တော့ အဆိုပါ အမျိုးသမီးက

"ကျွန်မယောက်ျားရဲ့ အမည်က ဝီလီစ်နယူတန်ပါ"

ဟုဆိုသည်။ ဝီလီစ်နယူတန်ကလည်း ဒဏ်ရာရသွားသူမှာ သူ၏ အမွှာညီအစ်ကို ဝီလီဒေါ့နယူတန် ဖြစ်ကြောင်း ပြောသည်။ သူ့ကိုယ်သူ "ဓေ့" ဟု ပြောသူမှာလည်း သူ့ညီအစ်ကိုတော်သူ ဂျိုးဖြစ်ကြောင်း ဆိုပြန်သည်။

လူဆိုးဂိုဏ်း အနက် နှစ်ဦးကိုမူ မတွေ့ရသေး။ 'ဆမ်း' ဂရန်နှင့် ဘလက်ကီဝီကော့တို့ ဖြစ်သည်။

ဂျိုးနယူတန်နှင့် ဂျိမ်းမာရီတို့ သူတို့လုယက်မှုတွင် မပါဝင်ကြောင်း ငြင်းကြသည်။

ဂျိုးက ဝီလီစ်သည် သူ့ညီအစ်ကိုတော် မဟုတ်ကြောင်းပါ ငြင်းသေးသည်။

မဖော်နီကလည်း သူသည်

မပေါ်နိုင်သာဖြစ်ကြောင်း ဂျင်းမာရီ မဟုတ်ကြောင်း ဆိုပြန်သည်။

ရဲအရာရှိ တက်စကော့က အမှုထဲပါနေသော ဆမ်းဂရန့်နှင့် ဘလက်ကီဝီကော့တို့မှာ နာမည်ကူများသာ ဖြစ်ကြောင်း စုံစမ်းရရှိလေသည်။

ကက်ပတိန် ရှူးမိတ်ကာကလည်း ဝီလိစ်နယ်ယူတန်အား -

"ပျောက်နေတဲ့ လူနှစ်ယောက် နာမည်တွေကို မင်းဘာဖြစ်လို့ လွှဲပြောတာလဲ"

"ပျောက်နေတဲ့ လူတွေရဲ့ နာမည်တွေဟာ ဘရင့်ဂလော့(စ်)ဟော့နဲ့ ဟားဘတ်ဟိုးလီးဒေး ဖြစ်ပါတယ်"

ဟု ဝန်ခံလေသည်။

နောက်ရက်ပေါင်း အနည်းငယ်ကြာသောအခါ ဟိုးလီးဒေး အိမ်ပြန်အလာ အိမ်ထဲမဝင်မီ အဖမ်းခံရလေသည်။ သူက အမှုနှင့် တင်းကြောင်း လုယက်မှု ကိစ္စဘာမျှ မသိကြောင်း ငြင်းဆိုသေးသည်။ သို့ရာ


telegram on his desk where Fahy ...
miss seeing it. It read:
"UNDERCOVER MEN WILL JOIN
YOU TOMORROW STOP LEAVE O...
BROADWAY LIMITED."
Later that morning, Fahy ...
office and went to a phone booth ...
cigar store. Inspectors he didn't ...
followed him.
About four weeks later ...
Clarahan confronted ...
explain the ...
where he ...

တွင် ရထားခရိုင်ဘာက သူ့အား မှတ်မိနေ၏။

"လုယက်မှုတုန်းက မင်းပဲ မဟုတ်လား။ အစုပ်တွေ သယ်တာလေ"

ရှူးမိတ်ကာက ထပ်ဆင့်ပြောလိုက်သည်။ ဝီလိစ်က တုံဏှိဘာဝေနေသေးသည်။ နောက်မှ-

အမှုကိစ္စအားလုံး စုံသင်လုပြီဖြစ်သော်လည်း ပျောက်ဆုံးနေသူတစ်ယောက်က ရှိနေသေးသည်။ သူက ဒေါ်လာနှင်သန်း ... နက် တစ်သန်းကို ...

ဖြစ်သည်။ သူက ဘရင့်ဂလာ့(စ်) ကော့ ဖြစ်သည်။

တစ်လကြာသောအခါ မိန်းမချောတစ်ယောက် ရှိကာဂိုရှိ ဆီမွန်၏ ရုံးခန်းသို့ ဝင်လာသည်။ သူ့ကိုယ်သူ နန်ရန်း ဟုဆိုသည်။ သူ့ခင်ပွန်း ဂျက်ရီရန်းကို အင်စပက်တော်ဖာဟီက ဓါးလာတစ်သိန်း လုယက်မှုဖြင့် အရေးယူထားကြောင်း တင်ပြလာသည်။ သို့ရာတွင် ဖာဟီသည် သူ့မကို မြင်ဖူးသူမဟုတ်။



## train robbery in 1924

နန်ရန်းသည် အသက်-၂၅ နှစ်မျှလောက်သာ ရှိသေးသော ခွဲမက်ချင်စရာ ကောင်းသည့် အလှပိုင်ရှင်မလေး တစ်ယောက် ဖြစ်သည်။

တစ်နေ့ နန်ရန်းသည် ဖာဟီအား လူသွားလူလာများသော လမ်းရှိ ဆိုင်တစ်ဆိုင်ထဲမှ ဖိတ်ခေါ်သံမှု ပြုတော့သည်။ ဖာဟီကလည်း လက်ခံ၍ ဝင်သွားလေသည်။

သူမက သူမနှင့် ဖာဟီ စားသောက်စရာများ မှာလိုက်သည်။ စကားစမြီ ပြောကြသည်။ သူမက သူမ၏ ယောကျ်ားသည် ပြစ်မှုကျူးလွန်သူ တစ်ဦးဖြစ်ကြောင်း ယခုမှ ဘူးပေါ် သလိုပေါ် သဖြင့် စက်ဆုပ်ရွံ့ရှာ မုန်းတီးမိကြောင်း ပြောရာကအစ သူမသည် အင်စပက်တော် ဖာဟီ၏ ညပိုင်းအဖော်မွန် ဖြစ်လာသည်။

သို့သော် ဖာဟီသည် လူလွတ်မဟုတ်။ ထို့ကြောင့် သူတို့နှစ်ဦး တိတ်တိတ်ပုန်း ဘဝသာ နေကြရ၏။

တစ်ညသော် ဖာပဲီက သူမအား လက်ရှိအဝတ်အစားချည်းပဲ ဝတ်ရသလား ပြောရာ သူမက-

"ပိုက်ဆံဘယ်မှာ ရမလဲ၊ ပြောလေ။ အဝတ်သစ်၊ အစားသစ်တွေ ဝယ်ဝတ်လိုက်မယ်"

"ကိုယ်ဝယ်ပေးပါ့မယ်ကွယ်။ မနက်ဖြန် ဝယ်ပေးမယ်။ မနက်ဖြန် ကိုယ် ဒေါ်လာငွေ တစ်သောင်းလောက် ရစရာရှိတယ်"

"ဖာပဲီဟာ ကျွန်မယောက်ျားကိုသာ ရထားလုယက်မှုနဲ့ ထောင်ဖမ်းတာမဟုတ်ဘူး။ ဒီ ရထားလုယက်မှုကို အကြောင်းခံပြီး ဖမ်းနေတဲ့လူပါ"

ဤသို့ပင် နန်ရန်းက နောက်ပိုင်း၌ ပြောတော့သည်။

"ဖာပဲီဟာ ကျွန်မ အကြံပေးတဲ့အတိုင်း လုပ်တာပဲ။ အလကားလူ။ ကျွန်မ သူ့ကို နောက်ထပ် မမြင်ချင် မတွေ့ချင်ဘူး"

သူမက ဆက်လက်ပြောလေသေးသည်။

တာပွိုတိုက်ဆိုင်ရာ အင်စပက်တော်ချုပ် ဆီမွန်က-

"မင်း ဖာပဲီနဲ့ ရင်ဆိုင် မေးမြန်း
ချင်သေးသလား"

"ဟင့်အင်း သိပ်ယုတ်မာ
လူ၊ ကျွန်မသူ့ကို ချစ်ဟန်ဆောင်ပြီး
နေရတဲ့အခါတုန်းက သိခဲ့ကြရဲ့
ကျွန်မ ယောက်ျားအတွက် ကျွန်
စွန့်ရတာပါ။ ကဲ သူ့အကြောင်း သိ
မဟုတ်လား။ ကျွန်မကို နှုတ်ဆက်
ချိန်းရင်တောင် ကျွန်မမလာပါဘူး

သို့ရာတွင် ဖာပဲီနှင့် ပ
သက်၍ အမှုကိစ္စ ဘာမျှ အစွမ်း
အထေးမရှိကြောင်း ဆီမွန်ခုံစမ်း သိ
လေသည်။

သို့သော် ဖာပဲီ၏ စားပွဲပေါ်
တွင် ကြေးနန်းတစ်စောင်က-

"ဘရော့ဒ်ဝေး လီမိတက်
စောင့်ပါ။ ရုပ်ဖျက်ထားသူတွေ လ
တွေ့မယ်"

ဟူ၍ ဖြစ်သည်။ ယင်းက
အင်စပက်တာပင်ဖြစ်သော ကလ
ရာကနက တွေ့ရှိ ဖတ်ပြီကာ ဆီမွ
အား တင်ပြ၏။

"သူ့ကို အမျိုးသမီး ငါးဦးနဲ့
ဆိုလည်း တစ်တွဲတွဲလုပ်နေတာ
တွေ့တယ်"ဟုလည်း ကလာရာက

က ဆိုသည်။

"ကျုပ်နည်း ကျုပ်ဟန်ပဲ။ ဒီ အမျိုးသမီးတွေဆီက သတင်းယူရတာ"

"ဂျင်းမာရီနဲ့လည်း ဖုန်းဆက်တာ သိတယ်" ဂျင်းမာရီသည် အာမခံငွေ ဒေါ်လာငါးသောင်းဖြင့် အာမခံရထားသူဖြစ်သည်။ ယင်းအကြောင်း ကလာရာကန်က ဆိုခြင်း ဖြစ်သည်။

"သူ့ဆီ ပုံးပြီးတော့လည်း သတင်း ယူရတာပဲဗျ" ဖာဟီက အကြောင်း ပြသည်။

ဤတွင် စာပို့တိုက်ဆိုင်ရာ အင်စပက်တော်ချုပ်က စုံစမ်းမှုများ ဝိုလုပ်လာရတော့၏။ နယူတန် မိသားစုနှင့် ပတ်သက်၍ စတင်စုံစမ်းလေသည်။ ယင်းမိသားစုတွင် ညီအစ်ကို လေးယောက် ရှိသည်။ စတုတ္ထပုဂ္ဂိုလ်အမည်မှာ ဂျက်ဆီဖြစ်သည်။ သူ့ကို ဂျက်ဆီဂျိမ်း ဟုခေါ်သည်။

ဝီလိစ်နယူတန်အား ရုံးတွင် စစ်ဆေးသောအခါ သူက ဂျက်ဆီအမည် လုံးဝမပါဘဲ ထွက်ဆိုခဲ့သည်။ သို့သော် ဆိုင်ရာက သူတို့ညီအစ်ကို လေးယောက်စလုံး ရထားလုယက်မှုဖြစ်စဉ်ကာလအတွင်း ရှီကာဂိုမြို့တွင် ရှိနေကြောင်း သိပြီး ဖြစ်သည်။

ထို့ကြောင့် ဂျက်ဆီဂျိမ်းအား တရားစွဲဆိုလိုက်သည်။ မျက်ကွယ်တွင် တရားစွဲဆိုလိုက်ကြောင်း သိသော ဂျက်ဆီဂျိမ်းက မက်ဆီကင်နယ်ခြားဘက်ဆီမှ လွတ်မြောက်ထွက်ပြေးသွားတော့၏။ ရောက်ရာဒေသတွင် နွားကျောင်းသမား(COW BOY) လုပ်နေလိုက်တော့၏။

အမှန်စင်စစ် ဂျက်ဆီသည် ရထား လုယက်မှုမှ ဝေစု ဒေါ်လာ ငါးထောင် ရလိုက်လေသည်။ လုယက်မှုတွင် ပါဝင်သူများကို ဂျက်ဆီက ဖော်ထုတ်လိုက်လေသည်။ ဖာဟီနှင့် ပတ်သက်၍ သူက ဘာမျှမပြော။ မည်သို့ပင်ဖြစ်စေ နယူတန် ညီအစ်ကို လေးယောက်နှင့် ဟိုးလီးဒေး၊ မာရီ ဂလော့(စ်)ကော့နှင့် ဖာဟီတို့ပင် ဖြစ်သည်။

သို့ကြောင့် ယင်းလေးဦးအား ၁၉၂၄-ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ဂျူရီလူကြီးများ ရှေ့မှောက်၌ ရုံးတင်စစ်ဆေးလေတော့သည်။

ဝေါ်လ်တာမက်ကုမ်းသည်လည်း ကြံစည်မှုတွင် ပါဝင်ခဲ့လေသည်။

ဘရင့်ဂလော့(စ်)ကော့က နောက်ဆုံး ဖော်ထုတ်သည်မှာ ဂျင်းမာရီက သူ့ဆီ လာချဉ်းကပ်ပြီး နောက်ပိုင်းတွင် ဖာဟီနှင့် ဆက်ပေးကြောင်း၊ ဖာဟီက ရထားလုယက်မှုကိစ္စတွင် လက်ထောက်ချသူဖြစ်ကြောင်း ထွက်ဆိုတော့၏။

သို့သော် ဂျင့်မာရီနှင့် ဖာဟီတို့က ဂလော့(စ်)ကော့၏ ထွက်ဆိုချက်ကို ငြင်းလေသည်။ သို့သော် အထောက်အထားများက ခိုင်လုံသဖြင့် ယင်း ငြင်းဆိုချက်ကို တရားရုံးက ပယ်ချလိုက်၏။ သို့နှင့် ဖာဟီကို ၂၅-နှစ်။ ဂျင်းမာရီကိုလည်း ၂၅-



နှစ် ထောင်ဒဏ် အပြစ်ပေးလိုက်လေသည်။

ဟိုးလီးဒေးသည်လည်း ၂၅-နှစ်ပင် ဖြစ်ပြီး ဝီလိစ်နယူတန်၊ ဘရင့်ဂလော့(စ်)ကော့၊ ဂျိုးနယူတန် (ဂျိုးလီယာ)နှင့် ဒေါ့နယူတန် ဆိုသူပါ ထောင်ဒဏ် ၃-နှစ် အပြစ်ပေးခံရပြီး ဂျက်ဆီနယူတန်ကမူ တစ်နှစ်နှင့် တစ်ရက် ထောင်ချခံရလေ၏။

နန်ရန်းဆိုသူ အမျိုးသမီးက ပြောသော သူ့ခင်ပွန်း ဂျယ်ရီရန်းမှာ ရထားလုယက်မှုထဲ တစ်ကယ်တမ်းပင်လျှင် မပါဝင်ခဲ့ပါချေ။

"ကျွန်တော် ဘာ့ကြောင့်များ ဖြစ်မှုကျူးလွန်တဲ့အထဲ ရောက်သွားသလဲ မသိပါဘူးဗျာ..." ဟူ၍ ဒဏ်ရာများလည်း ရ၊ အပြစ်ပေးလည်း ခံရသူ ဒေါ့နယူတန်က ပြောလေသည်။

မည်သို့ဆိုစေ၊ ယင်းရထားဖောက်ထွင်းမှု၌ အတွင်းလူ လက်ထောက်ချမှု မပါလျှင်- - - -

**Bank Robbing ain't what it used to be!**

**Master Detective Oct. 1968**


## သတ်သေမှု

၆၅- ခုနှစ်အတွင်းက ပြုစုခဲ့သော စာရင်းအရ တစ်ကမ္ဘာလုံး အနေနှင့် မိမိကိုယ်ကို သတ်သေမှုပေါင်း တစ်ရက်လျှင် တစ်ထောင့် ရှိသည်။ သတ်သေမှု အများဆုံး နိုင်ငံက ဟန်ဂေရီ နိုင်ငံ ဖြစ်သည်။ ၇၇-ခု လူဦးရေ စာရင်းအရ လူ တစ်သိန်းလျှင် ၄၂. ၆ ယောက် သတ်သေခဲ့သည်။ သတ်သေမှု အနည်းဆုံး နိုင်ငံက တော့ ဂျော်ဒန်နိုင်ငံ ဖြစ်သည်။ ၇၀-ပြည့်နှစ်အတွင်း လူဦးရေ တစ်သိန်းတွင် ၀. ၄ ဦးသာ သေကြောင်းကြံခဲ့သည်။

အစုအဖွဲ့ဖြင့် ကြောက်မက်ဖွယ် သတ်သေမှုကတော့ ၇၈-ခုနှစ် နိုဝင်ဘာ ၁၈-ရက်က ဂူယာနိုင်ငံမှ ဂျင်ဂျုံး ခေါင်းဆောင်လျက် အဆိပ်ရည်ဖြင့် မိမိကိုယ် မိမိ သတ်သေမှုကြီးပင် ဖြစ်သည်။ ထိုသတ်သေမှုတွင် လူပေါင်း ၉၁၃-ယောက် သေဆုံးခဲ့ရလေသည်။

**WORLDS RECORDS -83**





## ဖြစ်မှုကျူးလွန်ရာတွင်

နေ့စဉ်နှင့်အမျှဖြစ်ပွားနေသော ရာဇဝတ်မှုခင်းများတွင် ပါဝင်ကျူးလွန်ခဲ့သည့် လူများကို သေချာစွာစစ်ဆေးကြည့်ရှုလျှင် ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းဖြစ်သော ရာဇဝတ်ဖြစ်မှုကျူးလွန်သူများမှာ တဦးနှင့်တဦး သွေးသားတော်စပ်ကြောင်းကိုတွေ့ကြရသည်။ ကြီးမားသော ရာဇဝတ်ဖြစ်မှုဖြစ်လေ သွေးသားတော်စပ်သူများ ပိုမိုပါဝင်လေလေကိုတွေ့ရှိရမည်။ အဘယ့်ကြောင့်ဆိုသော် သွေးသားတော်စပ်သူများသာလျှင် လျှို့ဝှက်စွာအကြံအစည်များ ပြုလုပ်နိုင်သည့်ဖြင့် ဖြစ်မှုကျူးလွန်ရာတွင် ပို၍သွေးစည်းနိုင်၍ ဖြစ်မှုကျူးလွန်သည့်အခါ၌လည်း ပိုမိုခိုင်မြဲစွာ ဖုံးကွယ်ထားနိုင်၍ဖြစ်သည်။

**Criminology**



မှုခင်း

(မှုခင်းဝတ္ထုပြည့်စုံ—ဆုံး)

— ပိရိစေသသပ်စွာ ကျူးလွန်ခဲ့သော ဖောက်ထွင်းမှုတစ်ခု၊
— ခြေရာလည်းပျောက် ရေလည်း နောက်နေသော သဲလွန်စ၊
ဉာဏ်နီဉာဏ်နက်နှင့် အလိမ်အလည်များလှသော တရားခံ၊
— သက်စွန့်ဆံဖျား ကြိုးစားနေသည့် ရဲတပ်ဖွဲ့ဝင်တို့၏ စွန့်စားမှု၊

# သမီးလှ

# ရှက်ပုန်းသီး

## အောင်သီဟ

(၁)

သည်နေ့လည်း မှင်းနီကြီးငွေ့ဖွယ် ကောင်းစွာဖြင့် နေ့တစ်နေ့ ကုန်ဆုံးရပေဦးမည်။

ဟုတ်သည်။ ယခင်ကဆို အခုလိုမဟုတ်။ မနက် ရှစ်နာရီလောက်ကတည်းက နယ်ထိန်းအဖွဲ့ဝင်များဖြစ်သော ဒုတပ်ကြပ် ရဲသန်း၊ ဒုတပ်ကြပ် သိန်းနိုင်၊ တပ်သား မြင့်အောင်၊ ဒွေးဦးတို့နှင့်အတူ ရဲစခန်းရှိ အရပ်ရပ် နေ့စဉ်မှတ်တမ်းခေါ်-မှတ်ပုံတင် ၄ တွင် "နယ်မြေသတင်း စုံစမ်းရန် ထွက်" ဆိုသည့် အကြောင်းပြချက်ကလေး ရေးပြီးမြို့တွင်း၊ မြို့ ပြင်၊ ဇနပုဒ်၊ တောရွာ နေရာအနှံ့ စက်ဘီးကိုယ်စီဖြင့် ခြေကြော ဖြန့်တော့သည်။

ရောက်သည့်နေရာ၊ ကြုံသည့်အရပ်မှာ နေ့လယ်စာကိုစား၍ ည ၆-နာရီ၊ ၇-နာရီမှ စခန်းသို့ ပြန်ဝင်သည်။

ရဲစခန်းတွင်မတော့ အလှည့်ကျ နယ်ထိန်းတပ်ဖွဲ့ဝင် တစ်ဦးကိုထားခဲ့ပြီး အရေးပေါ် ဖြစ်ပွားမှု တစ်ခုခု ပေါ်ပေါက်လာပါက ကျွန်တော်တို့ သွားတတ်သော နေရာများတွင် လိုက်လံရှာဖွေ ခေါ်ယူရန် အသင့်ထားခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ အစီအစဉ် ရှိသည်ကိုလည်း စခန်းမှူးနှင့် ဂါတ်စာရေးကြီးတို့အား ရှေးဦးမဆွကပင် တင်ပြထားခြင်းလည်း ရှိခဲ့သည်။ ထို့ကြောင့်လည်း နယ်ထိန်းလောကက ရွှေအိုရောင်နေ့ ရက်များသည် သတင်းစုံစမ်း ထောက်လှမ်းခြင်း၊ အမှာခံသတင်းပေးများထံ ဝင်ထွက် သွားလာခြင်းများဖြင့် ပျော်ရွှင် စိတ်ချမ်းမြေ့စွာဖြင့် ကုန်ဆုံးခဲ့ရသည်။

ပြီးခဲ့သော တစ်ပတ်ခန့်က နယ်ထိန်းခေါင်းဆောင် ဘဝမှ အမှုစစ် တာဝန်ကို ပြောင်းယူခဲ့ပြီးနောက် လက်ဝယ်သို့ ပုဒ်မ ၃၂၄ တစ်မှု၊ ပုဒ်မ ၄၅၁ တစ်မှု၊ ကျွန်းသစ်ခိုးသည့် ၆(၁)မှု တစ်မှု၊ ပေါင်း ၃-မှုသာ လက်ထဲ ရောက်ရှိပြီး ရောက်ရှိလာသည့် ထက်သော

လက်နက်နှင့် ရိုးရိုးနာကျင်စေမှု ပုဒ်မ ၃၂၄ နှင့် ထောင်ဒဏ်ထိုက်သည့် ဖြစ်မှုကို ကျူးလွန်ရန် အိမ်ကျော်နင်းမှု၊ ပုဒ်မ ၄၅၁ အမှုတို့မှ တရားလို စစ်ဆေးခြင်း၊ သက်သေ စစ်ဆေးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ တရားခံ ဖမ်းဆီးခြင်း စသည့်ရဲ လုပ်ထုံးလုပ်နည်းများ ပြုလုပ်ပြီး ဖြစ်၍ တရားစွဲ တင်ပို့ရန် အတွက် မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့ မှူးမှတစ်ဆင့် မြို့နယ်ဥပဒေဝန်ထမ်း အဖွဲ့သို့ အကြံပြုချက် တောင်းခံထားပြီး လက်ဝယ်ရှိ ဖြ(၁) အမှုမှာလည်း အချင်းဖြစ်အရပ်ဖြစ်သော ပဲခူးရိုးမ တောင်ခြေရှိ ဆင်သေရွာသို့ သွားရောက်ရန်ဖြစ်သော်လည်း ယခု လက်ရှိတော့ မသွားဖြစ်သေး။

ပထမ သတင်းပေး တိုင်ချက်ဖြင့် ရေးဖွင့်ရသော အမှုတစ်ခု လက်ဝယ်ရောက်ရှိလျှင် ရောက်ရှိချင်း အမှုစစ် တစ်ယောက်၏ လုပ်ငန်းမှာ တိုင်ချက်ကို ဖတ်ပြီး အခင်းဖြစ် အရပ်ကို သွားရောက်ရမည်က အဓိက လုပ်ငန်းတစ်ခု။ သို့သော် အမှုပေါ်မှာတော့ မူတည်ရပေမည်။

အမှုကြီး (၈) မျိုး ဖြစ်သော လူသတ်မှု၊ ဓားမြမှု၊ လုယက်မှုကြီး၊ လုယက်မှုသေး၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု စသည့် အမှု (၈) မျိုးတွင်မှာတော့ အမှုစစ် တစ်ဦး၏ အရေးကြီးဆုံး အဓိက လုပ်ဆောင်ရမည့် ပထမ ဦးဆုံး အလုပ်သည် တိုင်ချက်ဖတ်ပြီး အခင်းဖြစ် အရပ်သို့ သွားရောက်ရ



ညော်ဖြစ်သည်။ အခု ကျွန်တော့် လက်ဝယ်ရှိ အမှုမှာ အမှုကြီး (၈) မျိုးဝင် မဟုတ်၊ ဖ(၁) အမှု သာဖြစ်၍ အကြောင်းမညီညွတ်လျှင် ခဏ တော့ နေလို့ရသည်။

ဒီ ၃-မှု အပြင် အခြားအမှု ကျွန်တော့်လက်ထဲမှာ မရှိ။ ဒီတော့ အမြဲတမ်း ခြေပွေပါနေသူ ကျွန် တော်၊ ထောက်လှမ်း စုံစမ်းခြင်းဖြင့် အမြဲလှုပ်ရှား နေချင်သူ ကျွန်တော့် အဖို့ အမှုကလည်း ထောက်လှမ်း ဖော်ထုတ်ရမည့် အမှုမျိုးမဟုတ်၊ ဒီ အပြင် အခုလို စခန်း တွင် တာဝန်မှူး တာဝန် ထမ်းဆောင်နေရစဉ်မှာ တော့ စိတ်ကျဉ်းကျပ်ခြင်းကြီးစွာ ဖြစ် ၍ ငြီးငွေ့ခြင်းက မင်းမူနေသည်။

စခန်းမှူး ဦးမြတ်မင်း ရှိနေ လျှင်က တော်သေးသည်။ စခန်းမှူး ၏ ကိုယ်တွေ့ အမှုဆန်းကလေးများ ကို ဖော်ထုတ် ရရှိခြင်းများ အကြောင်း၊ ဖြစ်ရပ်မှန် မှုခင်းကလေး များအကြောင်း ပြောပြသည်ကို နား

ထောင်ရင်း မှတ်သားရခြင်းက အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရပေဦးမည်။ ယခုတော့ စခန်းမှူးက မရှိ။

စခန်းမှူးသာ မရှိခြင်းမဟုတ်။ နယ်ထိန်းတပ်ဖွဲ့ဝင်များလည်း တစ် ယောက်မျှ မရှိ။ အရေးတကြီး အမှု တစ်ခုအတွက် ခရီးထွက်သွားကြ သည်။

ဒီတော့ စခန်းမှူး တာဝန်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ (၁) က အရ စခန်းမှူးဆိုသည်မှာ စခန်းမှူးသည် ရဲစခန်း၌ မရှိသည့် အခါ ဖြစ်စေ၊ မကျန်းမာသည့်အခါမှ ဖြစ်စေ၊ အခြားအကြောင်း တစ် ကြောင်းကြောင်းကြောင့် ဖြစ်စေ၊ မိမိတာဝန် ဝတ္တရားများကို မဆောင် ရွက်နိုင်သည့်အခါ ထိုစခန်းမှူး အောက် တစ်ဆင့်နိမ့် ၍ ရဲတပ်သား ထက် အဆင့်မြင့်သူများကို ဆိုလို သည်ဟု ပါရှိသည်နှင့်အညီ စခန်းမှူး တာဝန်ကို ဒုရဲအုပ် ဦးအုန်းစိန်သို့

လွှဲပေးခဲ့ပြီး ဒုရဲအုပ် ဦးအုန်းစိန်မှ တာဝန်ယူ စခန်းအုပ်ချုပ်နေချိန် ဖြစ်သည်။

ဒုရဲအုပ် ဦးအုန်းစိန် သည် အမြဲ ပြုံးရွှင်နေပြီး အရယ်ပုပု၊ အသားဖြူဖြူဖြင့် ဘယ်အချိန်ကြည့်ကြည့် တစ်ခုခု ကို စဉ်းစားနေတတ်သည့် လူဖြစ် သည်။ တစ်နေကုန်နေ၍ စကား ဆယ်ခွန်းပြည့်အောင် ပြောသည့် လူမဟုတ်။

အမှုစစ်သည့်အခါမှာ စကား ပြော အေးစက်စက်ပင်။ သူမေးသည့် စကားများက စကားလုံး တစ်လုံးနှင့် တစ်လုံး စာကန်းယူရသည်။ အမေး ခံရသည်။ တရားခံကပင် သူ့အမေး ကို အားမရ စိတ်မရှည်ချင်။ သူ သည်ထို စိတ်မရှည်ချင်စရာ စကား ပြော ကောင်းလွန်းလို့ တရားခံများ စိတ်မရှည်ဖြစ်ကာ အမှုပေါ် ပေါက်ဖူး ခြင်းများလည်း သူ့လုပ်သက်တစ် လျှောက် တစ်ပုံတစ်ပင်ကြီး ရှိခဲ့ဖူး သည်။

ထားပါတော့၊ အခု ရဲစခန်းမှာ အနီး ဒုရဲအုပ်ဦးအုန်းစိန်၊ ဂတ်စာရေး ကြီး ဦးတင်အောင် ကျွန်တော်စသည့် အရေးပါသူ သုံးယောက် ရှိလေ သတတ်ပေါ့။

ဂါတ် စာရေးကြီးကလည်း မှတ်ပုံတင် စာအုပ်တွေကြား ခေါင်း ငုံ့ကာ လက်က ဘောလ်ပင်က အဆက်မပြတ် လှုပ်ရှားနေသည်။ ခေတ္တစခန်းမှူး ဖြစ်သူ ဒုရဲအုပ် ဦးအုန်းစိန်ကလည်း စိုစိ စိ ငိုင်တိုင်တိုင်၊ ကျွန်တော်ကလည်း စခန်းမှူး စားပွဲ မှာ မှိုင်တိမှိုင်တိုင်ဖြင့်။

ဒီနေ့လည်း ပျင်းရိငြီးငွေ့ ဖွယ်ကောင်းစွာဖြင့် နေ့တစ်နေ့ ကုန် ဆုံးရပေဦးမည်ဟု စဉ်းစားနေစဉ် လူငါးယောက် အရေးတကြီး သုတ် သီးသုတ်ပျာဖြင့် စခန်းရုံးထဲ ဝင်လာ သည်။

ကျွန်တော်၏ မေးတေးတေး ဖြစ်နေသော မျက်လုံးများပင် ကျယ် လာသည်။ ထိုလူစု၏ ခြေသံများ

ကြောင့် ဒုရဲအုပ်စခန်းမှူး ဦးအုန်းစိန်က ခေါင်းငဲ့ကြည့်သည်။ မှတ်ပုံတင်စာအုပ်များအကြား ခေါင်းငုံ့ အလုပ်ရှုပ်နေသော ဂါတ်စာရေးကြီး ဦးတင်အောင်က ခေါင်းထောင်ကာ မျက်လုံးကြီး အပြူးသားဖြင့် မျက်မှန်ပေါ်မှ ကျော်ကြည့်သည်။

ဝင်လာသူများထဲမှ အသက် ၄၅ နှစ်ခန့်ရှိ အသားညိုညို ထောင်ထောင် မောင်းမောင်း လူကြီးတစ်ဦးက ကျွန်တော့်အား ပြုံးပြရင်း ကျွန်တော် စားပွဲရှေ့ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်သည်။

ကျွန်တော်က ထိုလူကို မှတ်မိသလိုလို မမှတ်မိသလိုလိုဖြင့် ကြည့်နေမိသည်။ ထို့နောက် ကျွန်တော်က ပြုံးရွှင်စွာ စကားစလိုက်သည်။

"ကျွန်တော် ဘယ်လိုအကူအညီ ပေးရမလဲ ခင်ဗျ"

ကျွန်တော့်ရှေ့တွင် ဝင်ထိုင်သူက ပြုံးလျက်က-

"ဆရာ ကျွန်တော့်ကို မှတ်မိသလား၊ ကျွန်တော် သန်းမောင်လေ၊ အုတ်ဖိုစု ကျေးရွာက"

ထိုလူက စကားဆိုလာသည်။ ကျွန်တော်က တတ်နိုင်သလောက် စဉ်းစားရသည်။ ကျွန်တော် ဦးနှောက်ထဲတွင် မသိသလို သိသလိုပါပဲ။ ဘာပဲဖြစ်ဖြစ် သိသိ မသိသိ သိရှိ မှတ်မိသွားဟန်ဖြင့် သွားဖြဲကလေးလုပ်ကာ-

"အား မှတ်မိပြီ၊ အုတ်ဖိုစုက ကိုသန်းမောင် မဟုတ်လား၊ ကဲ ဆိုဘာများ အကူအညီပေးရမလဲ၊ ကဲ ဒီကနောင်ကြီးတို့ကလည်း ထိုင်ကြလေဗျာ"

"ဒီလိုပါဆရာ ကျွန်တော်အမှုတိုင်ချင်လို့ပါ"

ကိုသန်းမောင်က စကားစလာသည်။ ကျွန်တော်က နည်းနည်းစိတ်ဝင်စားသွားသည်။ ထို့ကြောင့် ခေါင်း တစ်ချက်ညိတ်ပြကာ-


"ဘာ အမှုများပါလိမ့်"

ကျွန်တော်က စကားထောက်ပေးသည်။ ကိုသန်းမောင်က စကားဆက်သည်။

"သူခိုး ခိုးခံရလို့ပါဆရာ၊ အဲဒါတိုင်ချင်လို့"

ကိုသန်းမောင် စကားကို မ

ဆက်ဘဲ ရပ်ထားသည်။ ကျွန်တော်က ကိုသန်းမောင် စကားနှင့် ယှဉ်၍ ဆက်လက်တွေးသည်။ ဖုံးဆိုးစု ခေါ် ဘုတ်ဖိုစုသည် ကျွန်တော်တို့ မြို့ အနောက်ဘက် ၁၄ မိုင်လောက် ဝေးသည်။ ရွာမှာ အိမ်ကြီးအိမ်ကောင်းနည်းသည်။ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် ရွာဖြစ်သည်။ ဘယ်နည်းနှင့်မဆို ကြီးကြီးကျယ်ကျယ် မဖြစ်နိုင်၊ သာမန်အဝတ် အထည်ပျောက်သည့် ကိစ္စလည်း ရွာတွေ ရေကြီးခွင်ကျယ်လုပ်ကာလာ တိုင်တတ်သည်။ ယခုလည်း ရွာလူတတ်ကြီးလုပ်၍ ဦးဆောင်ခေါ်လာ တိုင်ခြင်းပေလား။ ကျွန်တော်က အထင်သေးသည့် မျက်လုံးဖြင့် ကိုသန်းမောင်ကို ကြည့်သည်။



"ဆိုပါဦး၊ ဘယ်မှာခိုးတာတုံး။ အခိုးခံရတာ ခင်ဗျားအိမ်လား"

ကိုသန်းမောင်က ကျွန်တော့် အမေးကို ခေါင်းခါဖြေရင်း-

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော့် အိမ်မဟုတ်ပါဘူး၊ ကျွန်တော့် အိမ်ရှေ့က အိမ်ပါ"

"ဒီလိုဆိုရင် ခင်ဗျားပြောလို့ ဘယ်ဖြစ်မလဲ။ အိမ်ရှင်ပြောပေါ့၊ ဘယ်မှာလဲ အိမ်ရှင်"

"အိမ်ရှင်က အသက် (၈၀) ကျော် အဘိုးကြီး၊ အဘွားကြီးဖြစ်နေလို့ အခု သူ့ သားမက်ပဲ ပါလာတယ်။ သူ့ သားမက်တိုင်မှာပါ"

ကိုသန်းမောင်က ကျွန်တော် စကားကိုပြန်ရှင်းပြလိုက်သည်။ ကျွန်တော်က အိမ်ရှင်သားမက်ဆိုသူကို ကြည့်လိုက်သည်။ အသားနီစပ်စပ် မျက်ပေါက်ကျဉ်းကျဉ်း၊ မေးရိုးလေးထောင့်ကျကျ လူကို စူးစိုက်ကြည့်သည်။

"ကဲ ခင်ဗျားက တိုင်မှာလား ပစ္စည်းပျောက် စာရင်းရောပါသလား"

ကျွန်တော့် အမေးကို ထိုလူက သွက်လက်စွာ ပြန်ဖြေကြားလာသည်။

"ပါ ပါတယ်၊ အဖေနဲ့ အမေ တို့မှတ်မိသရွေ့တော့ ရေးပေးလိုက်ပါတယ်။ မရေးမိတာလည်း ကျန်ချင် ကျန်ဦးမှာပါ"

"ဘာ ပစ္စည်းမို့လို့လဲ၊ ဘယ်လောက်ဖိုးပါသွားလို့လဲ"

"ရွှေထည်ပစ္စည်းတွေပါ ခင်ဗျာ၊ အချိန်ကတော့ လေးဆယ်သား လောက်ရှိမှာပေါ့၊ ငွေတန်ဖိုးတော့ များ မယ်ထင်တယ် ဆရာ၊ အနည်း ကလေး ၄-သိန်းဖိုးလောက်တော့ ရှိ ပေမပေါ့"

"ဗျာ"

ထိုလူက အေးအေးဆေးဆေး ပြောနေသော်လည်း ကျွန်တော်က ဗျာ ဟု နှုတ်က ထွက်သွားသည်။ ဂါတ်စာရေးကြီး ဦးတင်အောင်က ဒုတိယပွိ ~ ခါင်းထောင်ပြီး မျက်လုံး ကြီးပြူးကာ မျက်မှန်ပေါ်မှ ကျော် ကြည့်သည်။ ငိုင်နေသော ဒုရဲအုပ် ဦးအုန်းစိန်က ဆတ်ကနဲ တစ်ချက် တွန့်သွားသည်။

"ဟ များလှချည်လား၊ ဘယ် တုန်းက ခိုးခံရတာလဲ"

"ညတုန်းကပါ"

"ဘာလို့ စောစောစီးစီး မလာ လဲ၊ အခုပဲ နေ့လယ် ၁-နာရီ ထိုး နေပြီ"

"ပါသွားတဲ့ ပစ္စည်း စာရင်း တွေရေးပြီး ခြေလျင်ထွက်လာလို့ပါ ဆရာ၊ မိုးရွာတော့ လမ်းတွေက ဗွက်ဖြစ်နေပြီး လှည်းကော မြင်း လှည်းရော မောင်းမရတော့ဘူး"

ကျွန်တော့်အမေးကို ကိုသန်း မောင်က ဝင်ဖြေသည်။



"ကဲ ဒီလိုဆို စာရေးကြီး စားပွဲကို ကူးထိုင်ကြဗျာ။ ဂါတ်စာရေး ထံမှာ တိုင်ကြ"

ကျွန်တော်က ကိုသန်းမောင်တို့ လူသိုက်အား ဂါတ်စာရေးကြီးထံ လွှဲပေးပြီး ဗိုက်ထဲက တစ်ဂွီဂွီမြည်လာသဖြင့် ဒီနေ့ မနက်စာ မစားရသေးကြောင်း သတိရကာ ကျွန်တော့်အိမ်သို့ ပြန်လာ ခဲ့ပါတော့သည်။

× × × × × × ×

(၂)

ကျွန်တော် စခန်းထဲ ပြန်ရောက် ချိန်မှာတော့ မြို့နယ် မှူး ဦးတင်အောင် စခန်းရုံးထဲ ရောက်ရှိနေသည်ကိုတွေ့ လိုက်ရသည်။ ကျွန်တော်သည် မြို့နယ် (ပရ)မှူးအား အလေးပြုလိုက်ပြီး တာဝန်မှူး စားပွဲတွင် ဝင်ထိုင်လိုက်သည်။

မြို့နယ် (ပရ)မှူး ဦးတင်ဦးသည် ဆေးပေါ့လိပ်ကို မီးညှိကာ အားရပါးရ ဖွာရှိုက်လိုက်သည်။ ထို့နောက် ဆေးလိပ် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီးနောက် စခန်းမှူး စားပွဲမှ ထကာ ကျွန်တော့်ထံ ရောက်လာသည်။

"သည်ကိစ္စ အရေးကြီးတယ်ဗျ။ အခင်းဖြစ်နေရာကို ချက်ချင်းကြည့်နိုင်မှ ဖြစ်မှာ၊ ကျွန်တော်တို့ အခု ချက်ချင်း သွားမှဖြစ်မယ်။ ဘယ်လို သဘောရသလဲ ကိုသန်းအောင်ကြီး"

မြို့နယ်(ပရ) မှူး ဦးတင်ဦးက ကျွန်တော်အား ဘယ်တော့မှ ဆရာဟု မခေါ်၊ ကျွန်တော့် နာမည်ကိုသာ ခေါ် လေ့ရှိသည်။ မြို့နယ်မှူးသည် သူ၏ ကြီးမား ဝဖိုင့်သော ခန္ဓာကိုယ်ကြီးကို ဒိပုံ့ ဒိပုံ့နှင့် သယ်ဆောင်ရင်း ကျွန်တော့် အနားသို့ ကပ်လာသည်။ ကျွန်တော်က မြို့နယ်မှူးသို့ ကြည့်ကာ-

"ဒီ အစ်ကိုကြီးလိုက်လို့ ဘယ်ဖြစ်မလဲ၊ ခရီးကလည်း ရှည်တယ်၊ လမ်းကလည်း ကြမ်းတယ်"

ကျွန်တော့်စကားကို မြို့နယ်မှူးက မျက်မှောင်ကုတ် နားထောင်ရင်း သူ့အသံပြဲပြဲကြီးဖြင့် အော်လိုက်သည်။

"ကိုအုန်းစိန် ကိုအုန်းစိန်"

"ဗျာ. . . ဗျာ"

ဒုရဲအုပ် ဦးအုန်းစိန်က ပျာပျာသလဲနှင့် အနားကပ်လာသည်။ မြို့နယ် မှူးက ဦးအုန်းစိန်သို့ ကြည့်ကာ-

"အခု စခန်းမှာ ဘယ်သူမှ မရှိဘူး။ အရာရှိဆိုလို့ ခင်ဗျားပဲရှိတယ်။ အခု အမှုကလည်း အရေးကြီးတဲ့ အမှုဖြစ်နေတယ်။ ဒီတော့ ခင်ဗျားလိုက်သွား"

ဒုရဲအုပ် ဦးအုန်းစိန်က မြို့နယ်မှူးအမိန့်ကို နာခံရင်း ကျွန်တော့်စူးစိုက် ကြည့်နေသည်။ မြို့နယ်မှူးက ဦးအုန်းစိန်ကို ကြည့်ရင်း ကျွန်တော့်ကိုပါ ကြည့်ကာ-

"ကိုသန်းအောင်ကြီးက တာဝန်မှူးလား၊ ဒီလိုလုပ်၊ ခင်ဗျားပါ လိုက်သွား၊ ခင်ဗျား အရည်အချင်းကို ကျွန်တော်ယုံတယ်၊ ပြီးတော့ခင်ဗျားက နယ်ထိန်းခေါင်းဆောင်က ထွက်တာ ပုပ္ပနွေးနွေးကြီးပဲရှိသေးတော့ ဒီအမှုတော့ ပေါ်အောင် ဖော်ထုတ်ပေးဦးဗျာ။ ဒီ အမှု ပေါ်တာနဲ့ ခင်ဗျားကို တစ်ဆင့်မြှင့်ပေးအောင် အထက်ကို ကျွန်တော် အစီရင်ခံပေးမယ်။

မြို့နယ်မှူးက ဆိုလာတော့ အလိုလိုမှ လှုပ်လှုပ်ရွရွ လှုပ်လှုပ်ရှားရှား နေရမှ ကျေနပ်သော ကျွန်တော်၏ စုံစမ်း ထောက်လှမ်းမှုကို ဝါသနာပါသော ကျွန်တော်၏ ခြေဖွေ ပါနေသော ကျွန်တော်ဆတ်ခနဲ ခေါင်းညိတ်၍ ဝမ်းသာအားရှောဖြင့် လက်ခံ လိုက်မိပြီးသား ဖြစ်သွားပါတော့သည်။

× × × × × × ×

(၃)

ကျွန်တော်တို့ ဖုန်းဆိုးစု ကျေးရွာကိုရောက်ရှိသွားသော အချိန်တွင် ညနေ ၅-နာရီခန့် ရှိလေပြီ။ အချင်းဖြစ် အရပ်သို့ ရောက်ချင်ဇော ကပ်နေ၍လား မသိ၊ ၁၄-မိုင်ခန့်ကွာသော အရပ်ဒေသကို ၁-နာရီခွဲသာ သာခန့်သာ လှမ်းလိုက်ရသည်။ ကျွန်တော်တို့ ကျေးရွာသို့ ဝင်မိသည်နှင့်-



**အမှုကြီး ၈ မျိုးဖြစ်သော လူသတ်မှု၊ ဓားပြမှု၊ လုယက်မှုကြီး၊ လုယက်မှုငယ်၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ တိရစ္ဆာန်ခိုးမှု ဖြစ်လာလျှင်တော့ ရဲအဖွဲ့ဝင်တို့ အလုပ်များကြရပြီ။**

"မဟော ဟိုမှာ ဦးသန်းမောင်နဲ့ ရဲတွေလာကုန်ပြီ" ဆိုသောအသံများ ရွာထဲမှ ကြားလာရသည်။ ကျွန်တော်တို့ အချင်းဖြစ်ပွားရာ အိမ်သို့ရောက်ပါပြီ။

အချင်းဖြစ်ပွားရာ အိမ်သည် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ဘေးဂုံးတွဲ၊ နောက်ဂုံးဆက်နှင့် ကြီးကျယ်လှသည်။ ခေါင်းရင်းဘက်တွင်လည်း အိမ်နှင့်ကပ်လျက် နွားတင်းကုတ် ဆောက်လုပ် ထားသဖြင့် ကြီးမားလှသော ဘုန်းတော်ကြီးကျောင်း တစ်လုံးနှင့်တူနေသည်။ အိမ်ရှေ့ခြံစည်းရိုးသည်ပင် နှစ်တစ်လက်မ ပျဉ်ချောင်းများ အကွက်ဖော် ရိုက်ကာ ကာရံထားသည်။

အိမ်ရှေ့ ခြေရင်းဘက်တွင် ရေစုပ်စက် တစ်လုံးနှင့် ရာဝင်ပုတ်ကြီး ၂-လုံး အား ပုတ်စင်လုပ်၍ တင်ထားသဖြင့် အထင်းသား မြင်နေရသည်။

အိမ်ပေါ် ရောက်သည်နှင့် အိမ်ပေါ်တွင် ရှိနေသော လူများကို လှည့်ပတ် ကြည့်ရှုလိုက်သည်။ လူများများစားစား မတွေ့ရ၊ စုစုပေါင်း ငါးယောက်ထဲ ဖြစ်သည်။

အသက် (၈၀) ကျော် အဘိုးကြီးသည် ခေါင်းရင်းဖက် နေရောင် ကာခန်းတွင် ပက်လက်လှန်လျက် လဲ

လျှောင်းနေသည်။ အဘိုးကြီး၏ ဘေးနားတွင် အသက် (၆၀) ခန့်ရှိ မိန်းမကြီး တစ်ယောက် ငိုင်တိငိုင်တိုင်ဖြင့် ထိုင်နေသည်။

ထိုမိန်းမကြီးဘေးတွင် အသက် (၁၀) နှစ်သားအရွယ်၊ (၁၂) နှစ်သားအရွယ်၊ (၁၆) နှစ်သား အရွယ် ယောက်ျားလေး ၃-ယောက် ထိုင်နေကြသည်။

ထိုအခိုက် မီးဖိုချောင်ဘက်မှ ထွက်လာသော အသက် (၃၀) ဝန်းကျင်ခန့်ရှိ ချောမောလှပပြီး ယဉ်ကျေး သိမ်မွေ့ဟန်တူသည့် အမျိုးသမီး တစ်ယောက်ထွက်လာပြီး ကျွန်တော်တို့ကိုမြင်သည်နှင့် မီးဖိုဆောင်အခန်းထဲသို့ သုတ်ကနဲ ပြန်လှည့်ဝင်သွားသည်ကို ကျွန်တော် စိတ်က မှတ်သားလိုက်သည်။

ကျွန်တော်တို့ ထိုင်မိသည် အထိ ထိုအမျိုးသမီး ပြန်ထွက်မလာတော့။ ခဏအကြာတွင် အသက် (၁၆) နှစ်ခန့်ရှိ မိန်းမပျိုတစ်ဦး ရေနွေးဝန်း လာရောက်ချပေးသည်။

"ဆရာကို မိတ်ဆက်ပေးရဦးမယ်၊ ဟိုပက်လက်လှန်ပြီး မှိန်းနေတဲ့ အဘိုးကြီးဟာ ဒီအိမ်ပိုင်ရှင် ဦးပြံ့ပေါ့၊ သူ့ဘေးက အဒေါ်က ဒေါ်ညိုလေးတဲ့ ဦးပြံ့ရဲ့ဇနီးပါ။ ဟို ကလေး ၃-ယောက်က သူတို့ မြေးတွေလေ၊ သူတို့ အမေက ဟို ခဏက မီးဖိုထဲ ပြန်ဝင် သွားတဲ့ အမျိုးသမီးပေါ့။ သူ့နာမည်က မသီတာ၊ အဲ မသီတာက ချွေးမပါ၊ ကောင်လေးတွေ အမေနဲ့ ကွဲနေတယ်"

ကိုသန်းမောင်က အိမ်ရှိလူများနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော်က ကိုသန်းမောင်ကို စကားစလိုက်သည်။

"ဒီအိမ်မှာ လူဘယ်နှစ်ယောက် နေသလဲ"

"စောစောက ကျွန်တော် ပြောပြတာ အကုန်ပါပဲ။ စုစုပေါင်း (၆) ယောက်တည်းပါ"

"ကဲ အချိန်ရှိတုန်း လုပ်လိုက်ကြဦးစို့။ ဆိုပါဦး ပစ္စည်းက ဘယ်မှာထားတာလဲ"

ကျွန်တော်၏ စကားကို ဒေါ်ညိုလေးက ဖြေလာသည်။

"ဟို ဗီရိုထဲမှာပါ ဆရာလေး ရယ်။ ဘေးလွယ်အိတ် အစိမ်း ကလေးနဲ့ ထည့်လို့"

"ဟို ဗီရိုကို သော့ခတ်ထား သလား"

"ခတ်ထားပါတယ်"

ဒေါ်ညိုလေးကပင် ဖြေ သည်။

"သူ့ဦး နိုးခံရမှန်း ဘယ်တော့မှ သိသလဲ၊ ဘယ်သူ အရင်သိသလဲ"

ကျွန်တော်က စကားတစ်လုံး ချင်း မေးနေသော်လည်း ဒုရဲအုပ် ဦးဘုန်းစိန်ကတော့ သင်ဖြူးဖျာအား ငုံ့ကြည့်ကာ လေးလေးနက်နက် တွေးနေသည်။

"ကျွန်မ စသိတာပါ။ မနက် ၄-နာရီလောက်မှာ ကျွန်မ အိပ်ရာက ထတော့ နောက်ဖေး မီးဖိုတံခါး ပွင့် နေပါတယ်။ ဒီတော့ ကျွန်မက အိမ်သားတစ်ဦးဦး အပြင်သွားတယ် ထင် လို့ မရိုမသေစကား ကျွန်မအပေါ့ သွားပြီး ပြန်အလာ ဒီအလယ်ဗီရို ကြီး ပွင့်နေတာ မြင်လို့ ကြည့်တော့ ပစ္စည်းတွေ မရှိတော့ပါဘူးရှင်"

ဒေါ်ညိုလေးက ရှင်းပြနေရင်း ငိုသံပါလာသည်။ ကျွန်တော်က ဒေါ်ညိုလေး ရှင်းပြသည်ကို နားထောင် ရင်း ပစ္စည်းထည့်ထားသည် ဆိုသော ဗီရို ကို လှမ်းကြည့်လိုက်သည်။ ဗီရို သုံးလုံးအနက် အလယ်ဗီရို. .

"ဒီဗီရိုထဲမှာ ပစ္စည်းတွေ ထည့်ထားတာ အပြင်ကလူ ဘယ်သူ တွေ သိသေးလဲ"

"ဘယ်သူမှ မသိပါဘူး"

"ကဲ. . ကဲ.. ထားပါတော့ ညက အိပ်ရာဝင်တော့ အိမ်တံခါး တွေ ဘယ်သူ ပိတ်သေးလဲ"

"ကျွန်မပဲ အမြဲ ပိတ်ပါတယ်"

ဒေါ်ညိုလေးက ပြန်ပြော သည်။

"ညကရော တံခါးတွေ အ ကုန် ပိတ်မိရဲ့လား"

"ဟုတ်ကဲ့. . ပိတ်မိပါတယ်"

"အဲဒီ ဗီရိုတွေ နောက်က အိမ် ခန်းက ဘယ်သူ့အိပ်ခန်းလဲ"

"မသိတာ အိပ်ခန်းပါ"

"ဗီရိုခတ်တဲ့ သော့ခလောက် ရော ရှိသလား"

"ရှိပါတယ်။ ဗီရိုအောက်က ပြန်တွေ့ပါတယ်။ ကျွန်တော့် အမေး



စကားများကို ဒေါ်ညိုလေးက အပို အလိုမရှိ ပြန်ဖြေသည်။ ထို့နောက် ကျွန်တော်က နေရာမှ ဆတ်ကနဲ ထကာ-

"ကဲ.. ဒေါ်ညိုလေးတို့ရဲ့ အထင်ကို ပြောပါဦး၊ ဘယ်က ဝင်မယ် ထင်သလဲ"

"ကျွန်မ မထင်တတ်ပါဘူး။ ဒါပေမယ့် ဒီ မီးဖိုတံခါးကပဲ ဝင်ဖို့ များပါတယ်။ သူက မင်းတုံးအပေါ်ဘက်က ကျော်ဖွင့်ရင် ရတယ်။ အပေါ်ဘက်က လူတစ်ယောက် ထိုးရတဲ့ အပေါက် တစ်ပေါက် ရှိတယ်။ ထိုးရ မရ မနက်ကပဲ ကျွန်မမြေး အကြီးကောင်ကိုအစမ်း ထိုးခိုင်းပြီးပြီ"

"ဗျာ..၊ ဘာဖြစ်လို့ အခုလို အစမ်းထိုးကြည့်ရတာလဲ"

"ဒါကဒီလိုပါ၊ ဒီအပေါက်က တိုး ဝင်တယ်၊ မဝင်ဘူး။ ဝင်ရတယ်၊ ဝင်မရ ဘူး၊ မနက်က ငြင်းကြတော့ ကျွန်တော်က ထိုးရတဲ့ဘက်ကပေါ့။ ဒီမှာ ဒီအိမ်က အကြီးကောင်ကို လာခိုင်းတော့ အဲဒီ သား အကြီးကောင်က သူ့အရပ်အမောင်း သူ့ ခန္ဓာကိုယ်နဲ့ ချောင်ချောင်လေး ထိုး

ပြလောက်တော့ အဲဒီအခြင်းပွဲမှာ ကျွန်တော်နိုင်လိုက်တာပေါ့။

ကိုသန်းမောင်က ကျွန်တော့်အမေးကို ဝင်ဖြေလိုက်ပြီး ကျွန်တော်နှင့်အတူ သူခိုးဝင်သည်ဆိုသော မီးဖိုဆောင်တံခါးသို့ ရောက်သွားပါသည်။

ကျွန်တော်က တံခါးကို ပိတ်ပြီး တံခါးဘောင် အပေါ်ဘက်နှင့် ဘေးနံရံများကို အပြင်ရော အတွင်းပါ စေ့စေ့စပ်စပ် စစ်ဆေးလိုက်သည်။

"ဆရာ . . သူခိုးခြေရာတစ်စုံ ကျွန်တော် တွေ့လို့ တောင်းနဲ့ အုပ်ထားသေးတယ်"

ကိုသန်းမောင်က သူခိုးကို ဖမ်းမိထားသည့်အလား အားရဝမ်းသာဖြင့် ပြောလာသည်။

"ဘယ်နားမှာလဲဗျ"

"အမေအိပ်တဲ့ အခန်းရဲ့ နောက်ဘက်မြေကြီးပေါ်မှာပါ"

"ဟင် ဟုတ်လား။ သွားကြည့်ရအောင်"

ကျွန်တော်တို့ မသီတာ အိပ်ခန်း အပြင်ဘက် မြေကြီးပေါ်မှ ခြေရာလို့ သွားကြည့်ကြသည်။ ခြေရာမှာ တော်တော် ထင်ထင် ရှားရှား၊ မြေပျော့ပျော့ ဖြစ်သဖြင့် ခြေရာမှာ ပုံစံလောင်းချထားသလို ထင်းနေသည်။ ကျွန်တော်က လက်ထဲတွင် အသင့်ပါလာသော ပေကြိုးဖြင့် ခြေမမှ ဖနောင့်အထိ အရှည်၊ ခြေသန်းမှ ဖနောင့်အထိ အရှည်ခြေသန်းနှင့် ခြေမ အကွာအဝေး စသည်တို့အား ဘာရယ်မဟုတ် လူအထင်ကြီးစေရန် လျှောက်လုပ်နေသည်။ ပြီးတာအုပ်



ထဲတွင် ရေးမှတ်ထား လိုက်မိသည်။

"ပြီး သူခိုးထွက်သွားတဲ့ အပေါက်လည်း ရှိတယ်ဆရာ"

ကိုသန်းမောင်ကပင် စကားဆက်ဖြစ်သဖြင့် သူခိုးထွက်သွားရာ အပေါက်ရှိရာ နောက်ဖေးခြံစပ်သို့ ရောက်သွားသည့် နောက်ဖေး ခြံစည်းရိုးသည် ကျွခပ်ဝါးများဖြင့် ကာရံထားသည်။ တော်ရုံတန်ရုံလူ အနားမကပ်ရဲ ကျွခပ်ဆူးက တစ်ခြားများထက် အဆိပ်ပြင်းသည်။ ကျွန်တော်က ထပ်စည်းရိုးပေါက်ကို အကဲခပ်သည်။ တပ်စောင်ရင်းကို ဓားဖြင့်ခုတ်ရာတို့၏ ဓားသွားချက်သည် ညာဘက်သို့သာ ဓားချက်ပြသည်။

ကျွန်တော် သံသယဝင်စွာ ပြုံးလိုက်သည်။ ကျွန်တော်အိမ်သားတွေကိုဘာမျှ မယ်မယ်ရရ. မစစ်ဆေးသေးရ ည ၆-နာရီခန့် ရှိသွားပြီး ရေမိုးချိုးပြီး ထမင်းစားချိန်မတော့နေ့လယ်က ပင်ပန်းလို့ထင်ပါရဲ့၊ ထမင်း အတော်စားဝင်သည်။ ထိုခဏ ပစ္စည်းပျောက် သဖြင့် စိတ်ပူပင်သောကရောက်နေသော အဘိုးကြီး အဘွားကြီးအကြောင်း အမှန်ပင် မေ့ပျောက်ထားရသည်။

× × × × × × ×

ညက ဦးမြနှင့် ဒေါ်ညိုလေးအိမ်ပေါ်ထပ်မှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ရာဝင်ခဲ့သည်။ ညက အိပ်ရာမဝင်မီ တွေ့ဆုံနိုင်မည့်၊ သတင်းပေးနိုင်မည့်လူ ၁၀-ယောက်ခန့်နှင့်လည်း ခြံနောက်ဖေးစပ်မှာတစ်မုံ၊ တစ်ခြားခြံထဲတွင် တစ်နည်း ရှာအပြင် လယ်ကွင်း ထီးထီးမားမားထဲ



တွင်တသွယ်၊ တွေ့ဆုံ မေးမြန်းခဲ့သည်။ ထိုမေးမြန်းမှုများကို အိပ်ရာထဲ ဝင်သည်နှင့် ၃-ယောက်ထဲမှ တကန့် စီ တစ်ကန့်စီပြန်ထုတ်ပြီး ဖြစ်နိုင် မဖြစ်နိုင် စိစစ် သုံးသပ်ရတော့သည်။

စည်းကမ်း စနစ်တစ်ကျ ရှိလှသော ရှေးအဘိုးကြီး ဦးပြန့်၊ ကြီးမှ ညားခဲ့ရပြီး အလုပ်ကို ကြိုးစားသော ဇနီးသည် ဒေါ်ညိုလေး။

လိမ္မာရေးခြားရှိပြီး ချက်ချက်ချာချာရှိသော၊အရွယ်ငယ်ပြီး ရုပ်ရေရှိသေးသော ချွေးမ မသီတာ။

စိတ်ကစားတတ်သည့်အရွယ် ရောက်မြေးလုံပျို။

လိမ္မာရေးခြားရှိပြီး မိဘကို ညာတာတတ်သော အိမ်ထောင်ကျသမီးနှင့် သ ားမက်။

မိဘ စကား နားမထောင်ဘဲ နောက်အိမ်ထောင်သစ် ထူသွားသဖြင့် သေခန်းဖြတ်ထားသည့် သားကြီး။

ဗီရိုသုံးလုံး အလယ်ဗီရိုထဲမှ ပစ္စည်း၊ အပြင်လူ မသိသည့်နေရာ။ အပြင်သူခိုးလော၊ အတွင်းလူလော၊ ရှုပ်ထွေး ပွေလီလှ၏။

ကျွန်တော် စဉ်းစားရင်း သက်ပြင်းချလိုက်သည်။

"ဟော ဆရာ နိုးပြီးလား"

ကျွန်တော့် အိပ်ရာဘေး ခြင်ထောင်မှ ဒုရဲအုပ် ဦးအုန်းစိန်က မေးလာသည်။

"ဟုတ်ကဲ့ နိုးတာကြာပါပြီ ဆရာ။ ညက ကိစ္စတွေ ပြန်စဉ်းစားနေတာနဲ့ သံဃာ့ဂါထာတောင် မဆိုရသေးဘူး"

ကျွန်တော်က ပြောပြောဆိုဆို သံဃာ့ဂါထာ ၉-ဂါထာ ဆိုကာ အိပ်ရာမှထလိုက်သည်။ ဘယ်နေရာ ဘယ် ဒေသမှာ ဖြစ်ဖြစ် ကျွန်တော် အိပ်ရာထလျှင် သံဃာ့ဂါထာ ၉-ဂါထာ ဆိုနေကြပင်။

ကျွန်တော်တို့ ကိုယ်လက်သန့်စင်ပြီး လှုံ့ကရည်ကြမ်းဝိုင်းတွင် ထိုင်စဉ်မတော့ အိမ်ရှင်ဦးပြန့်က အရင်ဆုံး ထိုင်နေပေပြီ။

တစ်မနက်လုံး သက်ဆိုင်သူများဖြစ်သော ဦးပြန့်၊ ဒေါ်ညိုလေး၊ မသီတာနဲ့သား ၃-ယောက် စစ်သည်။ အိမ်လာ၊ ညည့်လာမှု အခြေ

အနေကို မေးသည်။ မထူးခြား. . .

"ဤလိုပုံနှင့် မိုးကြီးချုပ်လျှင် ကျွန်တော်တို့ အိမ်ပြန်ရတော့မည် မဟုတ်" ဆိုသော သားငယ်က ဖတ်စာထဲမှ စာတစ်ပိုဒ်လို ဖြစ်နေသည်။ ဤသို့အဖြစ်မခံနိုင်ပါ။ တစ်ခုခုတော့ လုပ်ရမည်။ မလုပ်လျှင် မဖြင်၊ စွန့်တော့ စွန့်ရမည်။

ဖမ်းတော့ ဖမ်းရမည်။ မဖမ်းလျှင် မမိ. . . မမိလျှင်မပေါ်၊ ဖော်ချင်လျှင် စစ်မှပေါ်မည်။ ဒီတော့ ဖမ်းရမည်။ မည်သူကို ဖမ်းမည်နည်း။ တရားခံရှာသည်၊ တွေ့ပြီ၊ ဖမ်းသည်၊ မိသည်။

မင်း ဘယ်ပြေးမလဲ မသီတာ။

× × × × × × ×

(၄)

ပစ္စည်းပျောက် ပိုင်ရှင်၏ အိမ်သား ချွေးမတော်သူကို ကျွန်တော် ဖမ်း လိုက်သည်။ တစ်ရွာလုံးလည်း ပွက်လော ရိုက်သွားသည်။

"ဟယ် ရဲက အိမ်ရှင်ကို ဖမ်းတယ်တော့"

"ရဲကို တိုင်တာ ပစ္စည်း ပြန်ရမလားလို့ အခုတော့ ပစ္စည်းက ဘယ်နေမှန်း မသိဘူး။ ချွေးမတော့ အဖမ်းခံရပြီး စသည်ဖြင့် ဝေဖန်သံတွေ ထွက်လာသည်။

ကျွန်တော်က ကျွန်တော့်အား ကူညီရန် လိုက်ပါလာသော ရဲတပ်သား ဒွေးဦးနှင့်အတူ မသီတာကို ရဲစခန်းသို့ ပြန်ပို့နိုင်းသည်။ ကျွန်တော်ကတော့ ခရီးဆက်စရာ ကျန်သေးသည်။

ကျွန်တော်နှင့် ဒုရဲအုပ် ဦးအုန်းစိန်က တစ်ဖွဲ့၊ ရဲတပ်သား ဒွေးဦးနှင့် မသီတာ၊ မသီတာ ဖခင် ဦးဘဖြူတို့က တစ်ဖွဲ့ ကြီးကြာကန်ရွာတွင် လမ်းခွဲခဲ့ကြသည်။





ဒွေးဦးတို့က အဖွဲ့သည် ဘရွှေရွှေနှင့် နတ်ထလင်းမြို့ဘက်သို့ ထွက်ခွာသွားကြသည်။ ကျွန်တော်တို့က ဂျိုက်တောရွာဖက် ဦးတည်လိုက်သည်။ လက်မှ နာရီကြည့်လိုက်တော့ နေ့လယ် ၂ နာရီ ထိုးပေပြီ။

ကြိုးကြာကန်နှင့် ဂျိုက်တောရွာသည် ၃ မိုင်ခန့် ဝေးသည်။ မိုးမရွာသေး။ သို့သော် မိုးက အုံ့မှိုင်းမှိုင်း၊ ဒါကပင် ခမိုးသားရခြင်း တော်သေးသည်။

မိုးရေနှင့် ဧရာဝတီမြစ်ရေ၏ တက်ရေတို့ကြောင့် လယ်ကွင်း တစ်ခွင် ရေတွေ ဖွေးနေသည်။ လယ်ကွင်းပြင် ကျယ်ကြီး၏ အဝေး တစ်နေရာတွင် လယ်စောင့် တဲငယ်ကလေးများ လှမ်းမြင်နေရသည်။

"ဒါနဲ့ စကားမစပ် ဆရာအခု ဖမ်းမယ့် ဂျိုက်တောကြီးက ပြေညို ကို ဖမ်းမှာက၊ အဲဒီညက ရွာကို ပြန်လာတယ်ဆိုတဲ့ စကားနဲ့ပဲလား"

ဒုရဲအုပ် ဦးအုပ်စိန်က မေးလာသည်။

"ဖုန်းဆိုးစုက ပြေညိုမယားနဲ့ သူ့ယောက္ခမတွေက မလာဘူးလို့ ငြင်းပေမယ့် ပြေညိုလာတာကို မြင်တဲ့လူရှော၊ အဲဒီက ည ၁ နာရီ လောက်မှာ ခွေးတွေ အရမ်းဟောင်တယ်လို့ ပြောကြတာ ဆရာလည်း အသိပဲ"

"ဟုတ်တယ်လေ"

"ပြီးတော့ ပြေညိုဟာ လွန်ခဲ့တဲ့ ၃ နှစ်လောက်က အခု အနိုးခံရတဲ့ အိမ်မှာ သူရင်းငှား လုပ်ခဲ့ဖူးတာပဲ"

"ဒီတော့"

"ဒီတော့ ဒီနိုးမှုနဲ့ ပတ်သက်တဲ့ စပ်ဆိုင်မှု ကြိုးစကလေးတစ်ခု ပေါ်လာတာပေါ့။ ဟုတ်သော် ရှိ မဟုတ်သော်ရှိ ပေါ်လာတဲ့ ကြိုးစကလေးကို

တော့ ဆွဲကြည့်ရဦးမှာပေါ့။ ဆယ်ရေး တစ်ရေး၊ ကိုးရေး တစ်ရာ ဆိုသလို ပေါ့"

ဗုရဲအုပ် ဦးအုန်းစိန်ထံမှ လေသံ ထွက်ပေါ်မလာတော့။ ဂျိတ် တောရွာသည် မဝေးသော အရပ်ဒေသ တစ်ခုမှ ဆီးကြိုနေသည်။ ပြေညှ့်အိမ်မှာ ရှိပါစေဟု ဆုတောင်းရတော့သည်။

ကျွန်တော်တို့ ပြေညှ့်အိမ်ရောက်တော့ ညနေ လေးနာရီခန့်ရှိပေပြီ။ ပြေညှ့်ကို အိမ်မှာ မတွေ့။ မြက်ရိပ်တာ သွားနေသည်ဟု ပြော၍ လိုက်ခေါ်ခိုင်းရသည်။ နာရီဝက်ခန့် ပြေညှ့် အိမ်သားများအား စစ်ဆေးသည်။ အမြီးအမောက် မတည့်သော စကားများ ပြေညှ့် ဦးလေး၊ အစ်ကို၊ ညီမများထံမှ အသီးသီး ရလိုက်သည်။

လိုက်ခေါ်သူနှင့် ပြေညှ့်တို့ မြက်ထမ်းခြင်း ထမ်းလျက် ခြံထဲဝင်လာသည်။

ပြေညှ့် . . .

နာမည်နှင့် လိုက်သည်။ အသားအရည် ပြည့်ပြည့်ဖြိုးဖြိုး၊ ထောင်ထောင်မောင်းမောင်း၊ အင်္ကျီမဲ့ ကိုယ်ခန္ဓာသည် ဖုထစ်မို့မောက်သော ရင်အုပ်ကြွက်သားတို့က သန်မာသော လက်သမားကြီးဟန်။

ပြေညှ့်ကို ကျွန်တော် လိုချင်သော စကားလုံးများနှင့် စစ်မေးခြင်း အမှုလို ပြုသည် မထူးခြား-

"ဒီမှာ ပြေညှ့်၊ ဒီလိုဆို ရင်တော့ ငါ မင်းကို ဖမ်းရလိမ့်မယ်"

ကျွန်တော်က ကျွန်တော့်ရှေ့တွင် ထိုင်နေသော ပြေညှ့်ကို ဒွေးထိုးစမ်း စကား မေးလိုက်သည်။ အသက် ၂၀ နှစ်ခန့်သာ ရှိသေးသော ပြေညှ့်က အလုပ်ကြမ်းသမားကြီးဟန်ဖြင့် ရင့်ရော်နေသော မျက်နှာကြီး အနည်းငယ် စိုးရိမ်မှု အရိပ်အရောင်များ သန်းသွားကာ စကားပြောလာသည်။

"ဒါကတော့ ဆရာရယ်၊ ဆရာ ဖမ်းလည်း ကျွန်တော် ခံရမှာပေါ့။ အဲဒီအိမ်က ပစ္စည်းကို ကျွန်တော် မခိုးတာတော့ အမှန်ပါဆရာ။ ပစ္စည်း မပျောက်မီ ၂ ရက်လောက်တုန်းက ရွာကို ရောက်တယ် ဆိုတာလည်း ကျွန်တော် မငြင်းပါဘူး။ အဲဒီတုန်းက

ဝက် သွားဝယ်တာပါ။ အဲဒီ အိမ်တောင် ဝင်ပြီး ရေသောက်ခဲ့ပါသေးတယ်"

"အေးလေ ဟုတ်ပါပြီ၊ ဘယ်လိုဖြစ်ဖြစ် မင်း ရဲစခန်းကို လိုက်ခဲ့။ ကဲ အကျီလေး ဘာလေး လဲ၊ စောင်တထည် လွယ်အိတ်ထဲ ထည့်ခဲ့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါဆရာ"

ငပြည့်က ပြောပြောဆိုဆို ကျွန်တော် ပြောသည့်တိုင်း လုပ်ဆောင်နေပါတော့သည်။

အရှုပ်အထွေး ဆိုသည်မှာ မရှင်းခင် ရှုပ်ထွေးခြင်း ဖြစ်ကြောင်း ကျွန်တော် သိနားလည်ထားသည်။

× × × × × × × × × ×

(၇)

"မှားတဲ့အခါလည်း မှားပေမပေါ့" သို့ကလိုပင် စုံထောက်ကြီး ဦးစံရှား လေသံငှားသုံးရမည်ပင်.

မသိတာရော ပြည့်ပါ ဖမ်းစဉ်က ကျွန်တော် တွေးခေါ် မျှော်လင့်ချက်များ ဖမ်းဆီးသင့်ခြင်း ကွင်းဆက်များက အစီအရီ။

အခု ရွှေ လေးဆယ်သားပျောက်မှုတွင် အိမ်တွင်း သူခိုးပင်ဖြစ်နိုင်သည်။ ဤအိမ်မှာ အဖြစ်နိုင်ဆုံးက ချွေးမငယ်ငယ်အရွယ်နှင့်လှချင်မည်၊ ကြွမည် ဆိုလျှင်လည်း ကြွနိုင်သည်။ ဒီတော့ သူ့ကို ဖမ်းစစ်လိုက်လျှင် အမှုအတွက် တစ်ခုမဟုတ် တစ်ခု သဲလွန်စရမည်။

သို့သော် မျှော်လင့်သလို ဖြစ်မလာ. . .

နောက်တစ်ယောက် ငပြည့်။ ဒီကောင့်က ကိုယ်ခန္ဓာသာ ကြီးသည် အသည်းက အင်မတန် ငယ်တဲ့ကောင်။

ပေါ်သည့် စကားတွေက ရွှေခိုးမှုနှင့် လားလားမှ မသက်ဆိုင်။

သည်ကောင်လည်း အလကား. . .

အပွဲပွဲ နွှဲလာခဲ့တာ စုံထောက်ကြီး သည်ပွဲကျမှ နှပ်ပစ်မခံနိုင်။ နောက်ကြိုးစ တစ်စကို ထပ်ဆွဲကြည့်ရဦးမည်။

ဘယ်သူလဲ၊ ဤအိမ်ကြီးကို အမြဲတမ်း အဝင်အထွက် လုပ်နေသည့် သားမက်ကို ဆွဲရမည်လား၊



တစ်ဦးပြီးမှ တစ်ဦးပေါ့။ ဒီတော့ ပထမ တစ်ပေးဆွဲလိုက်သည်။

သားမက်. . . .

စစ်ကြည့်သည် မထူးခြား။ ဒီတော့ မဟုတ်သည့် သူများကို ကြာရှည် မထားရဲ။ တစ်ခုခုတော့ လုပ်ရမည်။ ဘယ်လို လုပ်ရပါ့။

ကျွန်တော် အခုလို လုပ်နေပုံများကို အပြင်တွင် တစ်ကယ်ခိုးသော သူခိုးက ရယ်ပေတော့မည်။

လှည့်ကွက်တစ်ခု ထွင်ရပါတော့မည်။

ရွာကလည်း ဇော်သံများ သတင်းစကား ကြားလာသည်။ ရဲဖမ်းတာ မှန်တယ်၊ ဟုတ်တယ်။ ဒီအမှုပေါ်မယ်တဲ့။ စသည့်စကားများ

တစ်ကယ်တမ်းတော့ သူတို့ ထင် သလိုမဟုတ်။

ရဲ ဦးနှောက် ခြောက်နေ သည်ကို သူတို့ မသိ။

ကျွန်တော် စခန်းမှူးနှင့် တိုင် ပင်သည်။ စခန်းမှူးကလည်း ကျွန် တော် အကြံကို လက်ခံသည်။ သည် လိုနှင့် ရိုမန် တစ်ပတ် ပြည့်သွား သည်။ တရားခံ (၃) ယောက်အား ကျင့်ထုံး ဥပဒေမပုဒ်မ ၁၆၉ ဖြင့် လွှတ်လိုက်သည်။

ရဲက အမှု မစုံစမ်းနိုင်တော့ အမှုပိတ်လိုက်သည်ဟု ကြေညာ လိုက်သည်။ သတင်း လွှင့်လိုက် သည်။

× × × × × × × × × ×

(၆)

မိုးမှောင်တို့သည် ညကို ပိုပြီး မည်းမှောင်စေသည်။ တဖွဲဖွဲ ကျလာ သော မိုးစက် မိုးပေါက်ကလေးများ ကြောင့် အမှောင်ထဲတွင် သွားလာ နေသော လက်နက်ကိုင် လူ ယောက်တို့၏ ဘောင်းဘီ အင်္ကျီများ ကို တဖြည်းဖြည်း စိုထိုင်းစေပြီလာ သည်။

အနောက်တောင် မုတ်သုတ်လေ၏ ကြမ်းကြမ်းရမ်းရမ်း တွန်းတိုက်မှုကြောင့် ကိုယ်ခန္ဓာများ ဖေးစိမ့်စိမ့် ဖြစ်လာသည်။

ကောင်းကင်တွင် ကြယ်မရှိ လ နတ္ထိ၊ တစ်ချက်လက်လိုက်သော လျှပ်စစ်ရောင်ကြောင့် လယ်ကွင်းထဲမှ ရေဖွေးဖွေးလို ငွေပြာခင်းထားသလို ပြန့်ပြန့်ပြူးပြူး မြင်နေရသည်။

ဒါကလည်း လျှပ်စီးလက်တုန်း ခဏသာ မြင်ရခြင်း ဖြစ်သည်။ လျှပ်စီးလက်ပြီးပြန်တော့လည်း ပတ်ဝန်းကျင်သည် မှောင်နဲ့ မည်းမည်းသာ ပြန်၍လည်း ကြီးစိုးပြန်သည်။

မှောင်မည်းနေသော်လည်း ဓာတ်မီးကို မသုံးရဲ။ ဓာတ်မီးတော့ ပါသည်။ ညအချိန် မီးရောင်သည် အဝေးပြီးမှ လှမ်းမြင်နိုင်သည်။

ပတ်ဝန်းကျင်သည် ဖားအော်သံ၊ ပုရစ်မြည်သံတို့ ကြီးစိုးနေသည်။ ကျေးရွာ မည်းမည်းကြီးများ ခပ်ဝေးဝေးတွင် မလှုပ်မယှက်ငြိမ်နေကြသည်။ လူသုံးယောက်သည် ရွာဆီသို့ ရှေ့ရှု၍ လှမ်းနေသည်။ ရှေ့လူ ရုတ်တရက် ရပ်လိုက်သည်၊ နောက်မှ လိုက်လာသူများလည်း ရှေ့လူ ဘေးတွင် ရပ်လိုက်သည်။ နောက် လူမှ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ရှေ့မှာ ကြည့်လိုက်စမ်း"

ရှေ့ဆုံးမှ လူက ပြောသည်။ သူတို့ ရှေ့လူ ရှေ့တစ်လှမ်းအကွာ မြေပြောင်ပြောင်ကို ကြည့်လိုက်သည်။ သူတို့ အားလုံး မြင်ပါသည်။ လက်မောင်းလုံးခန့် ရှည်ရှည်မဲမဲ ကြီးတစ်ကောင် တရွေ့ရွေ့ သွားနေသည်။

"ဟာ မြွေကြီးပါလား. . ရိုက်မလားဆရာ"

"မရိုက်ပါနဲ့ကွာ သူ့လမ်း သူသွားပါစေ၊ အင်း. . ဒါအတွေ့အကြုံနဲ့ ဆိုရင်တော့ တို့ခရီး ရှည်လိမ့်ဦးမယ်"

မြွေကြီးက လူသံကြား၍ ထင်လယ်ကန်သင်းပေါ်မှ လျှောဆင်းကာ လယ်ကွင်း ရေဖွေးဖွေးပေါ်

ကူးသွားသည်။

အချိန်ကား ည-၁၂ နာရီ ကျော်ပြီ ဖြစ်ပေသည်။ ထိုကဲ့သို့ လူသူ အိပ်မောကျချိန်၊ မိုးရွာနေ၍ အိပ်ရာထဲ ကွေးနေလျက် ဇိမ်ကျချိန်တွင် မှောင်မည်းမည်း၊ မိုးရွှဲရွှဲ အကွယ်အကာမဲ့ လယ်ကွင်းထဲတွင် မြွေမကြောက်၊ ကင်းမကြောက် လှုပ်ရှားနေသူများကတော့ ဗိုင်ကိုသန်းအောင်နှင့် နယ်ထိန်း ရဲတပ်ဖွဲ့ဝင် ရဲသန်း၊ တသ လှမောင်တို့ ဖြစ်ပါသည်။

ဖုန်းဆိုးစုရွာမှ ရွှေလေးဆယ်သား ခိုးယူမှုအတွက် ပထမ တစ်သုတ် ဖမ်းဆီးပြီး ပြန်လွှတ်ကာ အမှုအား ရဲမှ မစုံစမ်းတော့၊ အမှုပိတ်လိုက်ပြီဟု သတင်းလွှင့်ခဲ့ပြီး ၃ ရက်မြောက်သော နေ့တွင် ယခုကဲ့သို့ ရဲဘော် နှစ်ယောက်ကို ခေါ်ယူကာ အမှုဖြစ်ပွားရာ ကျေးရွာသို့ ညအချိန် တိတ်တဆိတ် ချဉ်းကပ်ခဲ့ခြင်း ဖြစ်သည်။ ကြိုးကြာကန် ကျေးရွာကို ဖြတ်ကျော်ပြီးသည်နှင့် ဖုန်းဆိုးစုကျေးရွာသည် လယ်ကွင်းအလယ်တွင် ရောမကျောက်တုံး ရှည်မျောမျောကြီး တစ်ခု ချထားသည့် အလား မြင်တွေ့နေရသည်။

လမ်းသည် ပိုဆိုးလာသည်။ လယ်ကန်သင်း သေးသေးကလေးများမှ မကြာခဏ ချော်ကျသည်။ ကတ္တတ်ပေါက်တွင် ချော်လဲသည်ကလည်း ခဏခဏပင်။

ဖုန်းဆိုးစုရွာထိပ် ရောက်မှ ဗွက်က ပိုဆိုးလာသည်။ နွား ကျွဲတို့ အဝင်ထွက်များသဖြင့် ဗွက်သည် တဖက် နှုတ်၊ တစ်ဖက်က ကျွံ ဖြစ်နေသည်။

ကျွန်တော်တို့သည် အတတ်နိုင်ဆုံး အသံမပြည်အောင် ထိန်းသိမ်းလှမ်းပြီး ဦးသန်းမောင် အိမ် ရောက်သွားကြသည်။

"ကိုသန်းမောင်. . . ကိုသန်းမောင်"

ကျွန်တော်က အသံခပ် အုပ်အုပ်ဖြင့် ကိုသန်းမောင်အား နိုး

သည်။ မိုးက တဖြောက်ဖြောက် ရွာနေသည်။ အိမ်ရှေ့အိမ်မှ သွပ်ခေါင်မိုးပေါ်သို့ မိုးရွာကျသံများဖြင့် ဆူညံနေသည်။ ကိုသန်းမောင်က မနိုး။ ကျွန်တော်အသံ အနည်းငယ် မြှင့်ပြီး ထပ်ခေါ်သည်။

"ကိုသန်းမောင်. . ကိုသန်းမောင်"

"ဗျာ"

ကျွန်တော့်အသံနှင့် မရှေ့မနှောင်းမှာပင် ကိုသန်းမောင်၏ ပြန်ထူးသံ ကြားလိုက်ရသည်။

"တံခါးဖွင့်စမ်းပါဦး"

"ဆရာ ကိုသန်းအောင်တို့ ထင်တယ်။ ကျွန်တော်တို့ မျှော်နေတာ ၁၂ နာရီထိုးတုန်းကမှ မရောက်ရင် မလာတော့ဘူးထင်ပြီး အိပ်ရာထဲ ဝင်ကြတာ"

ကိုသန်းမောင်က တံခါးဖွင့်ရင်း ဆိုလာသည်။

"အေးဗျ၊ ကျွန်တော်တို့လည်း ၁၂ နာရီ အရောက်လာတာပဲ၊ ဒါပေမယ့် လမ်းမှာ မိုးက ရွာ၊ လမ်းက ချော၊ ဒီကြားထဲ ကံကောင်းလို့ မြွေအကိုက်မခံရတာဗျို့"

ကျွန်တော်က အိမ်ထဲ လှမ်းဝင်ရင်း လမ်းအတွေ့အကြုံကို ပြောပြလိုက်သည်။

"ဆရာတို့ အဝတ်တွေ လဲကြပါဦးလား၊ မိုးတွေ ရွှဲနေပြီ"

ကိုသန်းမောင်က ပြောပြောဆိုဆို ထီးတစ်လက် ဆောင်း၍ ဦးစိုးမြင့် အိမ်ဘက်သို့ ထွက်သွားသည်။ ကိုသန်းမောင်နှင့် ကိုစိုးမြင့်တို့ ရောက်လာသောအခါ ကျွန်တော်တို့ အဝတ်များ ဝတ်လဲပြီး ဖြစ်နေကြသည်။

"ဆရာတို့ မိုးတွေ မိလာတယ်ဆို၊ အချမ်းပြေ ဆရာ" ဟု ဆိုကာ မီးတောက်အရက်တစ်လုံး စားပွဲပေါ် တင်လာသည်။ ကျွန်တော်က ဖြူးလိုက်ကာ-



"ကျွန်တော့်အတွက် ရေနွေးကြမ်း ရရင် လုံလောက်ပါတယ်ဗျာ၊ ကိစ္စ မရှိပါဘူး။ ဩော်. . ဒါနဲ့ ကိုသန်းမောင်၊ ဟင်းချက်ဖို့ကိစ္စကလေးတွေနဲ့ လွဲထားဗျာ၊ လာ. . ဒီမှာထိုင်၊ စကားပြောရအောင်"

ကျွန်တော်က ကိုစိုးမြင့်အား ပြောရင်း ကိုသန်းမောင်ပါ တဆက်တည်း ပြောလိုက်သည်။ ကျွန်တော့်အပြောကြောင့် ကိုသန်းမောင်နှင့် ကိုစိုးမြင့်တို့ တန်းလျားတွင် ဝင်ထိုင်လိုက်ကြသည်။ ကိုစိုးမြင့်သည် ဦးပြန့်၏ သားဖြစ်သည်။ သူ့ကို သူ့မိဘများက မကြည်၍ မခေါ်မပြောဘဲ ထားခြင်း ဖြစ်သည်။ သို့သော် မိဘ ကိစ္စဖြစ်လာသည့်အခါ ယခုကဲ့သို့ ညအချိန်မတော် ကျွန်တော်နှင့် ယခုလို ဆွေးနွေး အကူအညီ ရယူခြင်း ဖြစ်သည်။

"ကျွန်တော်တို့က ဆရာတို့ မလာတော့ဘူးလို့တောင် ထင်တာ"

ကိုစိုးမြင့်က စကားစလိုက်သည်။

"ဘယ်မလာဘဲ နေမလဲဗျာ ချိန်းထားပြီး လာမှာပေါ့။ ဒါတောင်မြို့က ညနေ ၆ နာရီ လောက်ကတည်းက ထွက်လာတာ။ ရာသီဥတုက ဆိုး၊ လမ်းက ချောတော့ ခရီးမတွင်ဘူးဗျာ။ အခု (၁) နာရီမှ ဒီရောက်တယ် ဆိုတော့ ၅ နာရီလုံးလုံး ကြာခဲ့တာပဲ"

ကျွန်တော်က ကျွန်တော်တို့ လာခဲ့ရသော အခြေအနေကို ထွက်ပြကာ ကျွန်တော်၏ စုံစမ်းထားခိုင်းသော အခြေအနေကို မေးလိုက်သည်။

ဤအမှုတွင် တရားခံကို ဖမ်းဆီး စစ်ဆေးခြင်းဖြင့် မရနိုင်မှန်း ကျွန်တော် မသိတာတို့အား ဖမ်းဆီး စစ်ဆေးစဉ်ကတည်းက သိရှိခဲ့ပြီး ဖြစ်သည်။ သို့အတွက် တရားခံများအား ပြန်လွှတ်ပြီး အမှုပိတ်သိမ်းကြောင်း သတင်းလွှင့်ခဲ့သည်။

ထို့နောက် ဤအမှုနှင့် ပတ်သက်၍ ရွာထဲတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များအား စုံစမ်းရန် ကိုစိုးမြင့်နှင့် ကိုသန်းမောင်အား တိတ်တဆိတ် တာဝန် ပေးလိုက်သည်။

တရားခံများ ပြန်လွတ်ပြီး (၃) ရက်မြောက်ညတွင် ရွာသို့ ကျွန်တော် ရောက်လာမည် ဖြစ်ကြောင်း ထိုစဉ်ကတည်းက အချိန်းအချက် ပြုခဲ့သည်။

ထို့ကြောင့်လည်း အခုရွာတွင် ဖြစ်ပျက်နေမှုများအား သုံးသပ်ရန် ကျွန်တော်က မေးလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်အမေးကို ကိုသန်းမောင်က စတင် ဖြေကြားလာသည်။

"နံပါတ် ၁ ဖောဝမ်။ ဒီကောင်က ပစ္စည်းပျောက်တဲ့အိမ်မှာ လွှန်ခဲ့တဲ့ တစ်လလောက်က ဝက်ခြံကို သက်ကယ် မိုးပေးဖူးတယ်။ အမှုစစ်နေတုန်းက သိုသိပ်နေသလောက် အမှုပိတ်လိုက်တယ် ဆိုကတည်းက ရွာထဲမှာ လပ်လျှားလပ်လျှား လုပ်လာတယ်"

ကိုသန်းမောင်က ကျွန်တော် ။ကျ်နှာကို အကဲခတ်ကြည့်ပြီး ဆက်ပြောပြန်သည်။

"နံပါတ် ၂ က ဦးဘတူး။ အဘိုးကြီးက အသက် ၅၀ ကျော်ပြီ။ ဦးလေးပြန့်တို့အိမ် တပ်စီးနိုး ကာတာကအစ တာဟီရ အကုန်လုပ်ပေးတဲ့သူ။ တပ်စီးနိုး ပေါက်မှုနဲ့ ပတ်သက်ပြီး သူလည်း မသင်္ကာစရာ ကောင်းတာပဲ။ သူ့အိမ်က ပြေညှိယောက္ခမအိမ်နဲ့ ကပ်နေတော့ အဲဒီညက ခွေးတွေ ဟောင်တာ သူ့ကို ဟောင်တာလို့လည်း တွက်လို့ ရတာပဲ"

ကျွန်တော်က ကိုသန်းမောင် ပြောစကားကို အသိအမှတ်ပြုရင်း ခေါင်းညိတ်လိုက်သည်။

"နောက်တစ်ယောက် ကြည်ဟန်၊ သူကရော ဘာကြောင့် အရင်က တစ်ခါမှ ဦးပြန့်တို့အိမ် မလာဖူးဘဲနဲ့ အခုမှ နေ့တိုင်းလာပြီး ဟိုခင်း လုပ်ပေး၊ ဒီခင်း လုပ်ပေးနဲ့ ဘာသဘောလဲ"

"နောက် ပိုပြီး မသင်္ကာစရာကောင်းတာက ဆရာတို့ ဖမ်းတဲ့ မသီတာရဲ့ မတ် တိုးမြင့်"

ကိုသန်းမောင်၏ စကားမဆုံးခင် ကိုစိုးမြင့်က အတင်း ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ်လေ၊ ဒီတိုးမြင့်ဆိုတဲ့ ကောင်က ဒီရွာသား မဟုတ်ဘူး၊ သမီးလှရွာက။ ပြီးတော့ ဒီကောင် အကြမ်းဖက် သောင်းကျန်း အဖွဲ့က

ထွက်လာတာလို့လည်း ပြောတယ်"

ကျွန်တော် ကိုစိုးမြင့် စကားကို စိတ်ဝင်စားသွားသည်။

"ဒီကောင် ဒီကို ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ကြာပါပြီ။ (၁၀) နှစ်လောက် တော့ ရှိပြီပေါ့"

ကိုသန်းမောင်က ဝင်ဖြေသည်။ ကျွန်တော်က စကားဆက်ပြန်သည်။

"ဒီကိစ္စ မဖြစ်ခင်ရော၊ ဖြစ်ပြီးမှရော ဒီကောင့်အိမ်ကို စည့်သည် လာတာ တွေ့ဖူးလား"

"ဟင့်အင်း"

ကိုသန်းမောင်ရော စိုးမြင့်ပါ ဖြေလိုက်ကြသည်။ ကျွန်တော်က အခင်းဖြစ်ပွားပြီး ညက အမှုစစ်ဆေးစဉ် သတင်းတစ်ခု သန့်သန့် နားထဲ ပြန်ဝင်လာသည်။

သမီးလှက သာဖန်နဲ့ လူတစ်ယောက်ကို ရွာမြင်တွင် တွေ့မိသည် ဟူသည့် သတင်းပင်-

သို့ကြောင့်လည်း သာဖန်သည် ဘယ်လို လူစားဖြစ်သည်ကို ကျွန်တော်တို့ နယ်ထိန်းအဖွဲ့ (သို့မဟုတ်) ရဲအဖွဲ့က ရှက်ပုန်းသီး လူဆိုးတစ်ဦးအနေဖြင့် စောင့်ကြည့်ခဲ့ရသည်။

အခုအမှုတွင် သူနဲ့များ ပတ်သက်နေမည်လား တွေးထင်စရာ ဖြစ်လာသည်။

တွေးထင်စရာတို့သည် အဝေးတွင်သာ ရှိတတ်ပါသည်။

အခု အနီးကပ်ဆုံး လုပ်ဝန်းများ ဖြစ်သည့် မသက်သာသူများအား ညတွင်းချင်း တစ်ဦးစီ ခေါ်ယူ စစ်ဆေးကာ ညစာကို နံနက် ၃ နာရီခန့်တွင်မှ စားဖြစ်ကြသည်။

အမှုနှင့် ပတ်သက်၍ကား မရေမရာသေး။

× × × × × × × × × ×





(၇)

နံနက် ၉ နာရီလောက်တွင် ကျွန်တော်နိုးလာသည်။

"ဟော ဆရာနိုးလာပြီလား၊ အိမ်ရှေ့က ကျောက်စည်ထဲမှာ ရေအပြည့်ပဲ ဆရာ။ လန်းလန်းဆန်းဆန်း ဖြစ်သွားအောင် ရေချိုးလိုက်ပါဦး"

ကိုသန်းမောင်က ပြောပြောဆိုဆို ရေလဲ ပုဆိုး၊ ဆပ်ပြာခွက်များ အသင့် လုပ်ပေးရှာသည်။ ထို့နောက် ကျွန်တော် ရေချိုး အဝတ်အစား လဲကာ တန်းလျားတွင် ဝင်ထိုင်လိုက်သည်။ ဒုတပ်ကြပ် ရဲသန်းနှင့် ကိုလှမောင်က အိပ်ရာမှ လူးလဲထလာကြသည်။

ကိုသန်းမောင် ကျွန်တော့်အား ရေနွေးကြမ်းအိုး ချပေးရင်း-

"စောစောကလေးကတင် တိုးမြင့် လာသေးတယ်ဆရာ"

"သူ ဘာလာပြောတာလဲ"

ကျွန်တော်က ကိုသန်းမောင်ကို မေးလိုက်သည်။

"ဆရာ နိုးပြီလားလို့ လာကြည့်တာတဲ့။ မနက်စောစောက ကျွန်တော်သွားပြီး သူ့ကို ပြောထားတယ်၊ ဒီနေ့ လယ်ထဲမဆင်းနဲ့လို့ ဆရာက မှာထားတယ်လို့ သွားပြောထားတာ"

"ဟုတ်လား ကောင်းပါရဲ့၊ အခု ဒီကောင့် အခြေအနေက ဘယ်လိုလဲ"

"ပုံမှန်ပါပဲ။ သူ လယ်ထဲမဆင်းဘဲ ဆရာ့ကို စောင့်နေတယ်တဲ့"

"ကဲ ကိုသန်းမောင်၊ တိုးမြင့်ကို သွားခေါ်ဗျာ"

"ဟုတ်ကဲ့"

ကိုသန်းမောင်က တိုးမြင့်ကို ခေါ်ရန် ဆင်းသွားသည်။ ဒီကောင်ကို ဘယ်လို စမေးရမလဲ၊ ဒီကောင်

မှန်မှန်ကောင်လား၊ ငါက ဒီကောင်ကို တွေ့လိုကြောင်း ကြိုတင် ပြောထားတာ သူမမှန်ရင်း ရှောင်ပြေးရအောင်ပေါ့။ အခုတော့ သူက မပြေးတဲ့အပြင် ငါနဲ့ တွေ့ဖို့ပဲ စောင့်နေတယ်တဲ့။ ကျွန်တော်က တိုးမြင့်အကြောင်း တွေးရင်း ရေနွေးကြမ်းကို မှုတ်သောက်လိုက်သည်။

ခဏအကြာတွင် ကိုသန်းမောင်နှင့် လူတစ်ယောက် ပြန်လာကြသည်။ ကိုသန်းမောင် နောက်ကလူသည် ဆံပင်တွန့်တွန့်၊ နဖူးကျဉ်းကျဉ်း၊ မျက်ပေါက် ကျဉ်းကျဉ်း၊ အသားညိုညို၊ လူက ခပ်ညက်ညက်ပင်။ ကိုသန်းမောင်နှင့် ထိုလူတို့ ရှေ့တန်းလျားတွင် ဝင်ထိုင်လိုက်ကြသည်။ ထိုလူက ကျွန်တော့်အား အသက်မပါသော အပြုံးဖြင့် ကြည့်နေသည်။ ကိုသန်းမောင်က စကားစ လိုက်သည်။

"ဆရာ၊ တိုးမြင့်ဆိုတာ သူပါ"

"ဪ. . ဟုတ်လား၊ လာ ထမင်းကြမ်း သုံးဆောင်ဦးဗျာ"

"စားပါဆရာ၊ ကျွန်တော်တို့က မိုးမလင်းခင်က ထပြီး စားပြီးပါပြီ။ ဆရာက လယ်ထဲမဆင်းနဲ့ ဆိုလို့ ကျွန်တော် မဆင်းတာပါ။ နို့မို့ဆို အခုအချိန် ရွာထဲမှာ ဘယ်ရှိဦးမလဲ"

ကိုတိုးမြင့်က ကျွန်တော့်အား ပြန်လည် ဖြေကြားလာသည်။

"ကိုတိုးမြင့် လယ် ဘယ်နှဧကလုပ်သလဲ"

"ကျွန်တော့်အပိုင်က ၂ ဧက ဆရာ၊ ယောက္ခမလယ် ၃ ဧကပါ၊ ကျွန်တော်လုပ်ပါတယ် ဆရာ"

ကျွန်တော်က တိုးမြင့် ပြောစကားကို အသိအမှတ် ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ကျွန်တော်ကလည်းစကားမဆို၊ သူကလည်း ကျွန်တော့် အား အားနာ၍လော မသိ၊ စကား မဆိုတော့။ ကျွန်တော်တို့ အဖွဲ့ ထမင်းကြမ်းစားရင်း ကိစ္စပြီးစီးသွားမှ တိုးမြင့်က စကား ဆိုလာသည်။

"ဆရာ. . . ကျွန်တော်ကို တွေ့ချင်တယ်ဆို"

"ဟုတ်တယ်ဗျ၊ တခြားအကြောင်းတော့ မဟုတ်ပါဘူး။ အခုခင်ဗျားတို့ ရွာထဲမှာ ခိုးခံရတဲ့ အမှုနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာသိသလဲ

ဆိုတာ မေးချင်လို့ပါ"

တိုးမြင့်က ကျွန်တော့်အား ညှိုးငယ်သော မျက်နှာဖြင့် ကြည့်ရင်း

"ကျွန်တော်ကလည်း လယ်လုပ်နေတာ ဆိုတော့ တခြားသူတွေ သိသည်ထက်တော့ ပိုမသိနိုင်ဘူးပေါ့ ဆရာ"။

ကျွန်တော်က တိုးမြင့်ကို ကြည့်ရင်း-

"ဒါက ကိုတိုးမြင့်အထင်ပဲ၊ ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး။ ကိုတိုးမြင့်ဟာ ရွာသားတွေ သိတာထက် ပိုသိနေတယ်လို့ ကျွန်တော် မြင်တယ်"

"မဖြစ်နိုင်ပါဘူး ဆရာ၊ ဆရာထင်တာပါ၊ ကျွန်တော်ကတော့ ရွာသားတစ်ဦး သိတာထက် ပိုမသိပါဘူး ဆရာ"

"ဒီလိုဆိုရင် ခင်ဗျားသိတဲ့ အကြောင်းတွေ ကျွန်တော်တို့ကို ပြောပြစမ်းပါ"

"ဘယ်ဟာကို ပြောရမှာလဲ ဆရာ"

"ခိုးမှုအကြောင်း ပြောနေတာ၊ ခိုးမှုအကြောင်းပေါ့"

"ဘယ်က စပြီး ပြောရမလဲ ဆရာ"

ကိုတိုးမြင့်က ကျွန်တော်ကို ပြန်လည် မေးခွန်းထုတ်နေသည်။ တိုးမြင့်ကို စိတ်ထဲမှ ခပ်ချဉ်ချဉ် ဖြစ်လာသည်။ ဒီကောင် အပြော ပါးနပ်သည်။ မလွယ်မှန်း သိလာသည်။

"ဒီလိုက စပြောဗျာ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး အိမ်ထဲဝင်တယ်၊ ဗီရိုသော့ကို ဘယ်လို ဖွင့်တယ်၊ ဘယ်သူပါတယ်။ ဥပမာ ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်တဲ့ ဖောက်ထွင်းသမားပေါ့ဗျာ၊ ဟိုး . . ရပ်ဝေးက"

ကျွန်တော့်က စကားပြောရင်း တိုးမြင့်ကို အကဲခတ်လိုက်သည်။ တိုးမြင့်က ကျွန်တော့်စကားများကို နားထောင်ရင်း မျက်နှာ တစ်ချက် ပျက်သွားသည်။ ချက်ချင်း ပြန်ထိန်းကာ-

"ကျွန်တော် မခိုးပါဘူး ဆရာ သိလည်း မသိပါဘူး"

"ငါပြောမယ် တိုးမြင့်၊ မင်းက ဘယ်က စပြောရမလဲ ဆိုလို့ ငါက စကားစပေးတာပါ။ မင်းခိုးတယ် ငါမဆိုပါဘူး၊ ဥပမာ ပြောပြတာပါ

မင်းမခိုးရင် မင်း အထင်လေး ခေါက်တော့ ပြောနိုင်ရမှာပေါ့"

"မတွေးထင် တတ်အောင်ပါပဲ ဆရာရယ်"

တိုးမြင့်က မျက်နှာတည်တည်ထားကာ ရေပိတ်စကား ဆိုလာသည်။ ကျွန်တော်က တန်းလျားနောက်မှီသို့ နောက်ပြန် မှီချလိုက်ပြီး တိုးမြင့်ကို ကြည့်ကာ-

"ဒါဆိုရင် ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဒီမှာစကား ပြောဖို့မလိုတော့ဘူး။ ဒီတော့ ခင်ဗျား ပြန်ပြီး အင်္ကျီပုဆိုးတစ်စုံနဲ့ စောင်တစ်ထည် လွယ်အိတ်ထဲ ထည့်လာခဲ့၊ ကျွန်တော်နဲ့ စခန်းကို လိုက်ခဲ့။ ဟိုကျမှ စကားဆက်ပြောကြမယ်"

"ကျွန်တော့်ကို ဖမ်းတာလားဆရာ"

တိုးမြင့်က တုန်ရီသော အသံဖြင့် မေးလာသည်။ ကျွန်တော်က တိုးမြင့်ကြည့်ကာ-

"ဖြစ်နိုင်ပါလိမ့်မယ့် ကိုတိုးမြင့်၊ ကဲ. . အချိန်မရှိဘူး ကျွန်တော် ပြောသလို လုပ်တော့။ အခု ခင်ဗျားပြန်တဲ့လမ်းမှ ကျွန်တော့် ရဲဘော်တွေကို ထည့်မပေးလိုက်ဘူး။ ခင်ဗျား ကျွန်တော် ပြောသလို လုပ်ပြီး ကျွန်တော့်ဆီကို ပြန်လာလိမ့်မယ် ယုံကြည်လို့ပတ်လား"

ကျွန်တော်က စကားလုံးဖြင့် တိုးမြင့်ကို ချုပ်လိုက်သည်။ တိုးမြင့် ထပြန်သွားသည်။ တိုးမြင့် ပြန်သွားမှ ကိုသန်းမောင်က စကား စလာသည်။

"ဆရာ. . . တိုးမြင့်ကို လိုက်မကြည့်တော့ဘူးလား။ သူ ထွက်ပြေးသွားရင် ဘယ်လို လုပ်မလဲ"

ကျွန်တော်က ပြုံးလိုက်ကာ-

"ပြေးပါစေ ကိုသန်းမောင်ရယ်၊ ကျွန်တော်က ဒီအမှုကို ဘယ်လိုလုပ်ရမှန်း မသိလို့ စိတ်ရှုပ်နေတာ၊ ပြေးလေ ကောင်းလေပေါ့။ သူပြေးရင် ဒီအမှုမှာ သူ ပါတယ်ပေါ့"

"မပြေးရင်ရော"

ဒီတစ်ခါ စကားစလာသူက ကျွန်တော့် နယ်ထိန်းအဖွဲ့ဝင် ဒုတပ်ကြပ် ရဲသန်း. . . .

"မပြေးရင် ဆရာပညာ ဘယ်လို သုံးတယ်ဆိုတာ မင်း သိပါတယ်"

× × × × × × × × × ×

(၈)

ကျွန်တော်တို့ ရွာက ထွက်လာသည့် အချိန်တွင် နေ့လယ် ၁၂ နာရီခန့် ရှိပေပြီ။ တိုးမြင့်က ကျွန်တော့် ကျောပိုးအိတ်အား အတင်း ယူလွယ်သဖြင့် ပေးလိုက်ရ၍ ကျွန်တော့်မှာ သေနတ်တစ်လက်နှင့် လွတ်လပ် ပေါ့ပါးနေသည်။

ကျွန်တော် ခရီးထွက်ရာတွင် ဤကဲ့သို့ ကျွန်တော့် ကျောပိုးအိတ်အား ရွာသားတစ်ဦးအား (သို့မဟုတ်) ကျွန်တော်နှင့်ပါ ရဲဘော်တစ်ဦးဦးအား မသယ်ဆောင်ခိုင်းပါ။ လူသား အချင်းချင်း ထောက်ထား ညှာတာရပေမည်။ ကိုယ်ကိစ္စကြောင့် သူ့မှာ ဝန်ထုပ် ဝန်ပိုး မဖြစ်စေချင်ပါ။ ဤသည်က ကျွန်တော့် စိတ်ဓာတ်ပင်။ အခုအခါတော့ တိုးမြင့် ကိုယ်တိုင်က လွယ်ချင်ပါသည်ဟု ဆိုကာ အတင်းလုယူ၍ ကြည့်နေလိုက်ရသည်။ စိတ်ကတော့ မကောင်း။

ဤကဲ့သို့ ကျောပိုးအိတ် သယ်ဆောင်ခြင်းနှင့် ပတ်သက်၍ တိုးမြင့်စိတ်ထဲ ဘယ်ကဲ့သို့ ခံစားသည် ကျွန်တော်မသိ။ သူ့ကို ဖမ်းဆီးသည့် အမှုအတွက်ဆိုလျှင်ကတော့ သူ ယူဆချက်မှာ မှားလေရော့မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် အမှုကို အမှုလိုပင် မြင်တတ်ပြီး လူမှုရေးနှင့် မရောယှက်တတ်သောကြောင့် ဖြစ်သည်။

ကျွန်တော် ဒုတပ်ကြပ် ရဲသန်း၊ တာသလှမောင်နှင့် တိုးမြင့်တို့ လယ်ကွက်များကို တစ်ကွက်ပြီး တစ်ကွက် ဖြတ်ကျော်ခဲ့ပြီး တိုက်ရွာ အဝင်သို့ ရောက်ခဲ့သည်။

တိုးမြင့်ဆိုတဲ့ ကောင် အိန္ဒြေမပျက် လိုက်လာတယ်။ ငါဖမ်းတာများ မှားရော့သလား။ အရင်တစ်ခါလည်း ၃ ယောက် ဖမ်းပြီး ပြန်လွှတ်ခဲ့ရပြီ။ ဒီတစ်ခါ မဟုတ်ရင် တစ်သက်လုံး ဖုံးသမျှ ကုန်းခါမှ ပေါ် သလို ဖြစ်တော့မယ်။

ပြေးများပြေးမလားလို့ ငါက ချောက်လှန့်ကြည့်တယ် သူက တည်ငြိမ်တော့ ငါက ခက်ကုန်ရောလား ဘယ်လိုလုပ်ရပါ့။

ကျွန်တော် တစ်လမ်းလုံး စဉ်းစားလာသည်။ တိုက်ကြီးရွာ အဝင်တွင် ကျွန်တော် အတွေးစတို့ ရပ်သွား

သည်။ ခေါင်းထဲတွင် အကြံကောင်း တစ်လက် တစ်ချက် လက်သွား သည်။

"ကဲ. . တိုးမြင့်၊ ဒီမြေပျော့မှာ ရပ်စမ်း"

ကျွန်တော့် စကားကြောင့် သွားနေသော ခြေလှမ်းများ ရပ်တန့် သွားကြပြီး ကျွန်တော်ထံ မျက်နှာမူ လာကြသည်။ ကျွန်တော်က ရွှံထိပ် မြေပြောင်ပြောင် ပျော့ပျော့ နေရာ တွင် တိုးမြင့်အား ခြေစုံ ရပ်ခိုင်းလိုက် သည်။ တိုးမြင့်က ကျွန်ုပ် ညွှန်ပြရာ နေရာတွင် ရပ်လိုက်ပြီး ကျွန်တော်က အသာအရာ ပြန်ကြွ ဖယ်ရှားရန် ပြောသဖြင့် တိုးမြင့်က လိုက်လံ လုပ်ဆောင်သည်။

ထို့နောက် မြေပျော့ပျော့ပေါ် တွင် ထင်းကျန်ခဲ့သော ခြေရာများ အား ကျွန်တော့်လက်ထဲတွင် ရှိသည့် ပေကြိုးဖြင့် ခြေမအဖျားမှ ဖနောင့် အထိ တိုင်းခြင်း၊ ခြေဖမင်းနှင့် ခြေသန်းရင်း၊ အကျယ်တိုင်းခြင်း ခြေသန်းဖျားမှ ဖနောင့်ဖျားအထိ အထိ တိုင်းတာမှုများ ဝဲယာ နှစ်ဖက် စလုံး ပြုလုပ်လိုက်သည်။

ထိုနောက် ကျွန်တော် အယူ အဆ မှန်လိုမှန်ငြား စမ်းသပ်ရန် ကျွန်တော်တို့ နတ်တလင်းမြို့သို့ ပြန်မည့်အစား ကြက်ချေးချောင်း ရွာက ကိုဖြူကြီးထံ သွားရန် ဆုံး ဖြတ်ပြီး ချီတက်ရာ လမ်းကြောင်း ပြောင်းလိုက်တော့သည်။

xxxxxxxxxx



## (၉)

ကိုမြကြီးတို့ အိမ်ရောက်တော့ ိုမြကြီးက အိမ်မှာ မရှိ။ သူ့ဇနီး ည်နတစ်ယောက်သာ ရှိသည်။ ကိုမြ ကြီးတို့က သားသမီး မရှိ။ ညွန့်က ကျွန်တော်တို့အား ခင်မင်စွဲ ဖြစ်သည့် ဓတိုင်း များများသလဲ ဆီးကြိုကာ နေရာထိုင်ခင်း ပေးရှာသည်။ ကိုမြ ကြီးက ဇီးကုန်းမြို့သို့ သွားနေသည် ဂု ဆိုသည်။ မကြာခင် ပြန်လာလိမ့် ည်ဟုလည်း ဆိုသည်။ ထို့နောက် ကျွန်တော်တို့အား ရေနွေးကြမ်း ချပေးကာ-

"ကိုသန်းအောင်ကြီးတို့၊ အခုည မှာ အိပ်မယ် မဟုတ်လား"

ညွန့်က မေးလာသည်။ ကျွန်တော်က ညွန့်ကို ကြည့်ရင်း-

"အခု ၄ နာရီပဲ ထိုးနေပြီ။ ဒီမှာပဲ အိပ်တော့မှာပေါ့"

တိုးမြင့်က ကျွန်တော့်ကို ကြည့် ိုက်၊ လက်ဖက်ရည်ကြမ်း သောက် ိုက် လုပ်နေသည်။

"တိုးမြင့်၊ မင်း ငါ့အနားလာထိုင် မ်း"

ကျွန်တော်က ကျွန်တော့် ယာ ဘက် ဘေးသို့ မေးငေါ့ပြပြီး ခေါ် လိုက်သည်။ တိုးမြင့် လာထိုင်သည်။

"မင်းကို ငါမေးမယ် မှန်မှန် ဖြေ"

"ဟုတ်ကဲ့"

"ပစ္စည်းတွေခိုးတာ မင်းနဲ့ ဘယ် သူ ပါသလဲ"

"ကျွန်တော် မခိုးပါဘူး ဆရာ"

"မင်း မလိမ်နဲ့ တိုးမြင့်၊ အေးလေ မင်းငြင်းချင်ရင်လည်း ငြင်းပေါ့။ ဒါ ပေမယ့် အဲဒီ ပစ္စည်းပျောက်တဲ့ အိမ်က ကျန်ခဲ့တဲ့ ခြေရာ တစ်စုံရဲ့ အတိုင်းအတာနဲ့ တိုက်ကြီးရွာထိပ်မှာ ငါတိုင်းယူခဲ့တဲ့ မင်းရဲ့ ခြေရာတွေဟာ ဘာကြောင့် တူညီနေရတာလဲ ဆို တာ မင်းသိရအောင် ငါပြောထား မယ်။ ဒီတော့ ဒီခြေရာတွေဟာ မင်း ခြေရာ မဟုတ်ပါဘူးဆိုတာ ငါ ကျေ နပ်အောင် မင်းငြင်းပေတော့။ အေး မင်း မငြင်းနိုင်ရင်တော့ ဒီခြေရာနဲ့ ထောင်ကျသွားမယ်"

ကျွန်တော့်စကားသည် တိုးမြင့် ကို တွေဝေသွားစေသည်။ တစ်စုံ တစ်ခုကို စဉ်းစားသည်။ ပြီးမှ အသံ တိုးတိုးဖြင့် ဖြေလာသည်။

"ကျွန်တော် မခိုးတာတော့ သေချာတယ်ဆရာ။ ကျွန်တော် မယူတာ ဘုရား သိပါတယ်"

"ဒီလို ပြောလို့ မရဘူးလေ။ ခြေခြေမြစ်မြစ်ကလေး ရှိအောင် ဖြေမှာပေါ့။ ဒီအဖြေ ငါသဘောမကျဘူး။ သွား စဉ်းစားပြီးမှ အဖြေပေး"

ကျွန်တော်က တိုးမြင့်အား ပြတင်းပေါက်နားတွင် သွားထိုင် စဉ်းစားရန် ပြောလိုက်ပြီး ရေနွေးကြမ်း ဆက်သောက်နေသည်။ တိုးမြင့်က ပြတင်းပေါက်နား သွားထိုင်ကာ လယ်ကွင်းပြင်ဘက်သို့ ငေးနေသည်။

တစ်မိနစ် နှစ်မိနစ် သုံးမိနစ် နှင့် လေးမိနစ် ငါးမိနစ် ခန့် ကြာသွားသည်။ ကျွန်တော်က ဆရာရဲသန်းကို ခေါ်ကား တိုးတိုးစကား ဆိုသည်။ ဆရာရဲသန်းက တိုးမြင့်ထံ တဖွဖွ နင်းသွားကာ ကျွန်တော် ပြောကြားလိုက်သည့်အတိုင်း ငေးနေသော တိုးမြင့်ကျောကို လက်ဝါးဖြင့် တအား "ဖြန်း"ကနဲ နေအောင် ရိုက်ပြီး "မင်း ဘာစဉ်းစားနေတာလဲ"ဟု မေးလိုက်သည်။ စဉ်းစားနေရာမှ ဆတ်ခနဲ တွန့်သွားကာ စကားလုံးအချို့ ထွက်ကျပါသည်။

"ဦးလေး သာဖန့် အကြောင်း"

ကျွန်တော်က ပြုံးလိုက်သည်။ ဆရာရဲသန်းက တိုးမြင့်ကို ကြည့်နေရာမှ ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်က ခေါင်းညိတ်ပြပြီး-

"အေး. . . ငါလိုချင်တာ အဲဒီစကားပဲ တိုးမြင့်။ ငါကတော့ မင်းကို ကယ်နိုင်လိမ့်မယ် ထင်တယ်။ မင်း မှန်တာပြောရင်ပေါ့"

တိုးမြင့်က ကျွန်တော့်ကို ညှိုးငယ်သော မျက်နှာဖြင့် ကြည့်ကာ ဆိုလာသည်။

"ကျွန်တော် ပြောပါတော့မယ် ဆရာ။ ဒီကိစ္စမှာ ကျွန်တော် မပါပါဘူး ဆရာ။ ဦးလေးသာဖန်နဲ့ ကံမြင့်ပါ။ ဒီလို လုပ်လိမ့်မယ်လိုလည်း မထင်ဘူး။ အဲဒီ ည ၁၂ နာရီလောက်မှာ ကျွန်တော့် အိမ်ရောက်လာတယ်။ အိမ်ပေါ် မတက်ပါဘူး။ ကျွန်တော့်ကို နိုးပြီး အိမ်အောက်မှာ စကားပြောတယ်။ ပြီးတော့ သူတို့

ကျွန်တော့် အိမ်နောက်ဘေးဘက် ထွက်သွားတယ်။ နောက်တော့ ပြန်မလာတော့ဘူး ဆရာ။ မနက်ကျတော့ ဦးပြန့်တို့ အိမ်က ပစ္စည်းပျောက်တယ် ပြောသံ ကြားရတယ် ဆရာ။ ကျွန်တော်မပါဘူး။ ဆရာပြောတဲ့ ခြေရာတူတယ် ဆိုတာတော့ ကျွန်တော်လည်း မထင်တတ်ဘူး"

တိုးမြင့်က စကားအရှည်ကြီး ပြောလိုက်သည်။ ကျွန်တော် ဝမ်းသာသွားသည်။

"ဒီစကား အမှန်ပဲလား တိုးမြင့်"

"အမှန်ပါဆရာ၊ ကျွန်တော် မလိမ်ပါဘူး။ ဦးပြန့်၊ ဒေါ်ညိုလေးတို့ကိုလည်း ကျွန်တော် သနားလို့ပါ။ ကျွန်တော် ဖွင့်ပြောရ ကောင်းနိုး၊ မပြောဘဲ နေရ ကောင်းနိုးနဲ့ စဉ်းစားခဲ့တာ ကြာပါပြီ။ အခုတော့ ဆရာက ခြေရာနှစ်ခု တူနေတယ်၊ ခြေရာနဲ့



ထောင်ကျမယ်ဆိုတော့ ကျွန်တော်မှ မဟုတ်တာ ကျွန်တော် မခံနိုင်ဘူး။ ဒါကြောင့် ထုတ်ဖော်ပြောရတာ"

"မင်းနဲ့ သာဖန်နဲ့ တွေ့သေးလား။ အခုရက်အတွင်းမှာ"

"တွေ့ပါတယ် ဆရာ"

"အေး. . မင်း မလိမ်ဘူး။ မင်း သမီးလှသွားတာ ငါသိတယ်"

"ဟုတ်ပါတယ်ဆရာ။ နွားသွားယူတာပါ။ ဒါနဲ့ သာဖန်နဲ့ တွေ့တာပါ။ ရွာအခြေအနေမေးလို့ ဖမ်းထားတဲ့ လူတွေအကြောင်း ပြောခဲ့ပါတယ်။ သတင်းထူးရင် သူ့ကို ပြောပါ။ ငွေလေး ဘာလေး ပေးမယ်လို့ ပြောပါတယ်"

"အခု မင်း အဖမ်းခံရတယ် ကြားရင် သာဖန်လစ်တော့မှာပေါ့"

"လစ်မှာပေါ့ဆရာ။ သူက လူလည်ပဲ"

သမီးလှရွာကို ကျွန်တော် မရောက်ဖူး။ မည်မျှ ဝေးမှန်း မသိ၊ သို့အတွက် သမီးလှရွာသား တိုးမြင့်ကို မေးရတော့သည်။

"သမီးလှရွာက ဘယ်လောက် ဝေးလဲ တိုးမြင့်"

"ဒီကနေဆို မိုင် ၂၀လောက်တော့ ရှိမယ်ဆရာ"

ကျွန်တော် လက်မှနာရီကို ကြည့်သည်။ ညနေ ၅-နာရီ ထိုးပေပြီ။ မိုးတွင်းမို့ မိုးမှောင်ကြောင့် အလင်းအားနည်းလာသည်။ ကိုဖြူလည်း ပြန်လာသည်။ သူက ဝင်လာလာချင်း ကျွန်တော့်ကို မြင်၍-

"ဟော.. ကိုယ့်ဆရာ ဘယ်အချိန် ရောက်နေသလဲ။ ကျုပ်လည်း မြို့သွားလိုက်တာ ကြာသွားတယ်ဗျာ"

ကိုဖြူကြီးအား အားလုံး ကြည့်လိုက်သည်။ ကိုဖြူကြီးကလည်း ကျွန်တော်တို့ အားလုံးကို ဖြုံကြည့်သည်။

"ဟ.. တိုးမြင့်လည်း ပါလာပါလား"

"ဟုတ်တယ် ကိုဖြူရေ၊ ခင်ဗျားအိမ် ဝင်ပြီး ဒုက္ခပေးရာများ ရောက်မလားဘဲ။ ဒီမှာ အမှုစစ်နေတာ ပေါ်ပြီ"

ကျွန်တော်က ကိုဖြူကြီးကို ပြောလိုက်သည်။ ကိုဖြူကြီးက ရွှေသွားပေါ်အောင် ပြုံးရင်း-



"ဘယ်ဟုတ်ပါလား ကိုယ့်ဆရာ"

ကိုဖြူက ပြောသည်။

"ဘယ်ဟုတ်ပါလား လုပ်မနေနဲ့၊ အလုပ်က ချက်ချင်းလုပ်မှ ဖြစ်မှာ။ ဒီမှာ တိုးမြင့်၊ မင်း သာဖန့်အိမ်ကို သိလား"

"ဟုတ်ကဲ့ သိပါတယ်"

"ဘယ်သာဖန်လဲ၊ သမီးလှ သာဖန်လား"

ကိုဖြူကြီးအမေးကို ကျွန်တော်က ခေါင်းညိတ်ပြသည်။

"သိရင် သမီးလှကို အခုဘဲ သွားမယ်"

ခဏအကြာတွင်မူကား ကျွန်တော်၊ ကိုဖြူကြီး၊ ဆရာရဲသန်း၊ ဘိုးမြင့်တို့ လယ်ကွက်များကို ဖြတ်၍ ခရီးနှင်နေပြီ ဖြစ်သည်။ ရဲတပ်သား လှမောင်ကတော့ ပေါင်နာနေ၍ ကြက်ချေးချောင်းတွင်ထားခဲ့ရသည်။

(၁၈)

ရွာက ထွက်လာကတည်းက အလင်းအား အနည်းငယ်သာ ရှိခဲ့သည်။ စပယ်မြောင်ရွာကို ကျော်တော့ ည ၈-နာရီခန့် ရှိပေပြီ။ မိုးကလည်း ရွာလာသည်။ လေကလည်း ထန်လာသည်။ ဘယ်လိုကြည့်ကြည့် မြေပြင်ကျယ်ကြီးသာ မြင်နေရသည်။ လမ်းခရီး ကျွမ်းသော ကိုဖြူကြီး၏ ဦးဆောင်မှုနောက် လိုက်ခဲ့ရသည်။

လမရှိ ကြယ်မရှိ မြေပြင်တွင် ရေးရေးမျှ ပေါ်နေသော လယ်ကန်သင်း မည်းမည်းတန်းကလေးများကို အားပြုနင်းရင်း လျှောက်ရသည်။

ချောင်းအတက် နွံဟူသော အသံကြောင့် ဓာတ်မီး ထိုးလိုက်မိသည်။ ဓာတ်မီးရောင် အောက်တွင် ပါးပြင်းခွက်ကြီး ထောင်၍ ခေါင်းရမ်းနေသော မြွေဟောက်ကြီး။ ဒီတော့ ကျွန်တော်က လက်ထဲမှ တုတ်နှင့် အစွမ်းပြသည်။

ကျွန်တော့် အကျင့်ရှိသည်။ ခရီးသွားလျှင် မြွေတွေ့က မရိုက်သော်လည်း တရားခံဖမ်းသွားစဉ် မြွေတွေ့လို့ကတော့ အရရိုက်သည်။

အယူအဆက ၊အဟန့်အတား မှန်သမျှ ကျော်လွှားမည်ဟူသော အယူအဆပင်။

ကျွန်တော်တို့သည် မြေညီလမ်းမကို လျှောက်ရသည်မဟုတ်။ ရွှံ့ထဲ၊ ဗွက်ထဲတွင် လမ်းလျှောက်ရခြင်း ဖြစ်သဖြင့် အလဲလဲ အကွဲကွဲဖြင့် ည ၁-နာရီခန့်တွင် သမီးလှရွာသို့ ရောက်ခဲ့သည်။ ရွာနောက်မှ အသာအယာ လျှောက်နေစဉ်-

"ဒီအိမ်ပဲ ဆရာ"

ဘိုးမြင့်က လေသံကလေးဖြင့် ပြောလာသည်။ ကျွန်တော်က သူ့အား သတိပေးလိုက်သည်။

"အမှန်ပဲလား။ ဒီလိုဆို ငါပြော သလို ပြောနော်။ မင်းကို ငါ သင်ပေး ထားသလို ပြော၊ ဆရာရဲသင်းနဲ့ ကို မြကြီးက အိမ်နောက်ဖေးဘက်က အသံမကြားရအောင် ဝင်ကပ်၊ ကျွန် တော်က အိမ်ရှေ့က ဝင်မယ်"

သာဖန့်အိမ်သည် အနောက် ဘေးဘက်တွင် သာလာ ရှိပြီး တစ်ထပ် အမြင့်အိမ် ဖြစ်သည်။ လှေကားဖက်တွင် အမိချ၍ အဆင့် တစ်ခုနှင့် အိမ်ထောင်သည် တစ်ဦး နေသည်ဟု တိုးမြင့်က ပြောသည်။

ကျွန်တော်နှင့် တိုးမြင့်က ခြေသံ မကြားအောင် အိမ်ရှေ့နားသို့ တိုး ကပ်သွားသည်။ ကျွန်တော်တို့အိမ် ရှေ့ ခြေရင်းဘက် ကပ်မိသည်နှင့် ခွေး တစ်ကောင် စူးစူးဝါးဝါး ထိုး ဟောင်လိုက်သည်။ ကျွန်တော်က ရောက်သည့်နေရာမှာပင် ထရဲကွယ် ၍ ရပ်လိုက်သည်။ တိုးမြင့်က အိမ် ပေါ်တက် လှေကားဆီသို့ ရှေ့ရှုသွား သည်။ ကျွန်တော် စိတ်တွေ လှုပ်ရှား နေသည်။ ခွေးဟောင်သည်မှာလည်း စူးစူးဝါးဝါးနှင့် ညံလှသည်။

သာဖန်မှ ရှိပါ့မလား. . .။

မရှိရင် ဘယ်လိုလုပ်မလဲ။

"အစ်ကိုသာဖန်၊ အစ်ကို သာ ဖန်"

တိုးမြင့်အသံ ပေါ်လာသည်။ သာဖန်ကို တိုးမြင့်က ဦးလေးတော် သော်လည်း အစ်ကိုဟု ခေါ်သည်။ ထူးသံ ထွက်မလာ။

"အစ်ကိုသာဖန်၊ အစ်ကို"

"ဘယ်သူလဲကွ"

အိမ်ပေါ်ထပ်မှ ယောကျ်ားသံ တစ်သံ ထွက်လာသည်။

"ကျွန်တော်ပါ၊ တိုးမြင့်ပါ။ တံခါး ဖွင့်စမ်းပါဦး"

တံခါး ပွင့်လာသည်။ အကျီ ပလာဖြင့်ဟု ထင်ရသည်။ လူတစ် ယောက် လှေကားတွင် ထိုင်သည်။

"ဘာဖြစ်လာတာလဲ"

တိုးမြင့်က နေရာမှ မရွေ့။

"ကျွန်တော် ရွာကပြေးလာတာ၊ ရဲက ကျွန်တော့်ကို ဖမ်းတော့မယ် ဆိုတာ သေချာသွားပြီ။ ဒါကြောင့် ပြေးလာတာ"

"မင်းနောက်က ရဲတွေ ပါလာ သလား"


"ဟင့်အင်း၊ မပါဘူး"

တိုးမြင့်က အိမ်ပေါ်တက်ရန်
င်သည်။ သာဖန်က အောက်သို့
င်းလာသည်။

"လာ.. အောက်ကထွန်းလျှား
 စကားပြောမယ်။ အိမ်ပေါ်မှာ
ည့်သည်တွေ ရောက်နေတယ်"

'သာဖန်နှင့် တိုးမြင့်တို့ လှုပ်ရှား
ကို ကျွန်တော် အနီးကပ် မြင်နေရ
သည်။ သာဖန်နှင့် တိုးမြင့်တို့ စားပွဲ
တွင် ထိုင်ပြီး သာဖန်က မီးခြစ် ခြစ်
ကာ မီးတိုင် ထွန်းလိုက်သည်။

သည်တော့မှ သာဖန်မှာ ခွပ်
ကျယ်လက်စက ဝတ်ထားကြောင်း
သိလိုက်ရသည်။ ကျွန်တော် အချိန်
လင့်မကြာတော့။ နောက်တစ်မိနစ်သူ
ဆင်းလာရင် ခက်ပေမည်။ ကျွန်
တော် ရိုင်ဖယ်သေနတ်ကို သာဖန်
ရင်ဝသို့ချိန်ကာ ပြောဝင်လိုက်သည်။
သာဖန် ကြောင်ကြည့်နေသည်။
ကျွန်တော် သာဖန်နှင့် လက်တစ်



ကမ်း အကွာသို့ အရောက်တွင်-

"မင်း သာဖန်မဟုတ်လား"

"မဟုတ်ဘူးကွ၊ ငါနာမည်
တင်ရွှေ"

ထိုလူက ပြန်ပြောလာသည်။
ကျွန်တော် တစ်ချက်မျှ တွေသွား
သည်။ သို့သော် မဖြစ်၊ သူ့လက်
တစ်ဘက်ကို ကျွန်တော် ဘယ်လက်
ဖြင့် ပြုတ်တူသဖွယ် နိုင်မြဲစွာ ကိုင်
လိုက်သည်။ သူက မလှုပ်။

"ကဲ ဆရာရဲသန်းရေ၊ ဒီမှာ
တရားခံ မိထားပြီ။ ခင်ဗျား လာခဲ့။
ကျန်တဲ့ရဲဘော်တွေ အိမ်ကို ဝိုင်း
ထား။ လှုပ်လှုပ်ရှားရှား ရှိရင် ပစ်"

ကျွန်တော်က ခပ်ကျယ်ကျယ်
အော်ကာ ဆရာရဲသန်းကို ခေါ်ယူ
လိုက်သည်။ ဆရာရဲသန်း ကျွန်တော့်
ထံ ပြေးလာကာ သာဖန်၏ ကျန်
လက်တစ်ဖက်ကိုကိုင်ချုပ်လိုက်သည်။

"ကဲ.. ဆရာရဲသန်း၊ ကြိုးချည်
ရအောင် ကြိုးရှာဗျာ"

"ဟုတ်ကဲ့" ဆိုကာ ဆရာရဲသန်း
လက်ကိုလွှတ်ကာ ကြိုးရှာတော့
သည်။ ဤသည်မှာပင် ကျွန်တော်တို့
အမှားဖြစ်သည့် တရားခံ ဖမ်းသွား

သည့် နေရာတွင် လက်ထိပ်မရှိ ကြိုးနှောင်ဖြင့် သွားကာ တွေ့မှ ကြိုးရှာပြီး တရားခံ ချည်ကာ ဖမ်းဆီးတတ်သော ကျွန်တော့် အလေ့ဆိုးကြောင့် ကျွန်တော်က သေတွင်းသို့ ကျတော့မည့် ဆဲဆဲ ရောက်ခဲ့ရသည်။

ဆရာရဲသန်း လက်လွှတ်ပြီး ကြိုးရှာသည်နှင့် လွှတ်နေသော လက်ဖြင့် သာဖန်က ကျွန်တော့်ကို ထိုးတော့သည်။ ကျွန်တော်က လက်ဖြင့် ကာကွယ်လိုက်ရာ သာဖန်ကို ကိုင်ထားသော လက် လွှတ်သွားသည်။ သာဖန်က အဆင့်အောက် ကုပ်တိုး ထွက်ပြေးရန် ကြံသည်နှင့် ကျွန်တော်က ပြေး၍ သာဖန်ကျောကို ဒူးနှင့် တိုက်လှဲလိုက်သည်။

သာဖန် လဲကျသွားသည်။ သူလဲကျရာမှ ကုန်းထရင်း သူ့လက်ထဲမှ သုံးနှစ် အပိုင်းဖြင့် ကျွန်တော့်အား လှည့်ရိုက်သည်။ ကျွန်တော်က နောက်ဖက်သို့ ဆုတ်၍ ရှောင်လိုက်သည်။ သူ့အားနှင့်သူ လွန်ကာ သုံးနှစ်အပိုင်း လွှတ်သွားသည်။ ကျွန်တော် သူ့ကို ဝင်လုံးသည်။ သူက ရုန်းသည်။



"ငြိ" ဟူသော စွပ်ကျယ်ပြသံနှင့် အတူ ကျွန်တော့်လက်ထဲသို့ စွပ်ကျယ် အင်္ကျီအပြဲ ပါလာကာ သာဖန် လွှတ်ထွက်ပြေးသည်။ သာဖန်အိမ်ရှေ့ဘက်သို့ ပြေးသည်။ ဆရာရဲသန်း ဆီးဖမ်းသည်။ ကျန် စွပ်ကျယ် တစ်ခြမ်း ဆရာရဲသန်းလက်ထဲ ကျန်ခဲ့သည်။ ကျွန်တော် ထပ်ချပ်မကွာ ပြေးလိုက်သည်။

သာဖန် နောက်ပြန်လှည့်၍ လက်ဖျံဖြင့် ကျွန်တော့်နံဘေးကို ဖြတ်ရိုက်သည်။ ကျွန်တော် အောင့်သွားအောင် ခံလိုက်ရသည်။ သာဖန့် လည်စေ့ကို ကျွန်တော် ဘယ်လက်ဖြင့် မြဲမြဲအောင် ကိုင်ကာ သူ့ရင်ဝကို ဒူးဖြင့် တအား ဖိတိုက်ချလိုက်သည်။ သာဖန်နှင့် ကျွန်တော် မြေပေါ် လဲကျသွားသည်။ တစ်ဆက်တည်း ကျွန်တော့် ညာလက်ထဲမှ နိုင်ဖယ်သေနတ်ဒင်ဖြင့် သူ့ရင်ဝကို ထုပစ်သည်။

သူ မရုန်းတော့။ ဆရာရဲသန်းက ရလာသော ရေပုန်းကြီးဖြင့် သာဖန့်လက်ကို ချည်သည်။ နှစ်ဖက်လုံး ချည်ပြီးသည်နှင့် သာဖန်ကို ကျွန်တော်က ဆရာရဲသန်းလက် အပ်သည်။ ထိုအချိန်တွင် သာဖန့်အိမ်ပေါ် ဆီမှ-

"လာကြပါဦးရှင်၊ ဓားပြတိုက်လို့ပါ။ ဓားပြ.. ဓားပြ"

မိန်းမတစ်ယောက် အော်သံ ထွက်လာသည်။ ရွာသားများ ဓာတ်မီးကိုယ်စီ၊ ဓားကိုယ်စီဖြင့် ပြေးထွက်လာသည်။

"ဟေ့.. မဆိုင်သူတွေ မကပ်နဲ့ကွ။ တို့.. ပြည်သူ့ရဲတွေကွ။ တရားခံ ဖမ်းနေတာကွ.. အနားမကပ်နဲ့ဟေ့"

ကျွန်တော်၊ ဆရာရဲသန်း၊ ကိုဖြူကြီးတို့က အော်ဟစ် ပြောကြားလိုက်သည်။ ရွာသားများက မရပ်၊ ရှေ့တိုးလာသည်။

"ဟေ့.. ငါ ဖြူကြီးကွ၊ တစ်ယောက်မှ ရှေ့မတိုးနဲ့၊ ငါ့အကြောင်း မကြားဖူးဘူးလား။ ဖြူကြီးတဲ့ဟေ့"

ကိုဖြူကြီးက အသံပြာကြီးဖြင့် အော်လိုက်သည်။ ရွာသားများ တုံ့သွားကြသည်။

ကိုဖြူကြီးကို လူတိုင်း သိကြသည်။ အနောက်ဖက် ဧရာဝတီမြစ် ဖီးတစ်လွှား မသိသူ မရှိ။ သူ့ အစွမ်း



အစကိုလည်း သိသည်။ သိတော့လည်း ကိုဖြူကြီးကို ရှုံကြောက်ကြောက်ကြသည်။

အခု ကြည့်. .၊ ဖြူကြီး အသံကြားရုံနှင့် ရွာသားတို့ ရောက်တဲ့နေရာမှာ ရပ်ကြသည်။

ဤပွဲတွင် ကိုဖြူကြီးသာ မပါခဲ့ပါက ကျွန်တော်တို့ နှစ်ယောက် ပွဲပြတ်သည်။ ဧရာဝတီ မြစ်တွင်း ကျွန်တော်တို့ ခန္ဓာကိုယ်များ တစ်ပိုင်းတစ်စစီဖြင့် မျောပေတော့မည်။ ယခုတော့ ကိုဖြူကြီးကိုပင် ကျေးဇူးတင်ရတော့မည်။ ထိုညတွင်းပင် သာဖန်ကို ဖမ်း၍ ဖုန်းဆိုးစုသို့ ပြန်ခဲ့သည်။

တရားခံ ဖမ်းမိ၍လားမသိ။ အပြန်ခရီးသည် မောရမှန်းမသိ။ မနက် ၇-နာရီခန့်တွင် ဖုန်းဆိုးစုသို့ ရောက်သည်။

တစ်ညလုံး မအိပ်ရသေးဘဲ ၄၄-မိုင် ခရီးကို တစ်ညတည်းသွား တရားခံ ဖမ်းခဲ့ရသည်ဖြစ်၍ ကျွန်တော်တို့ စိတ်ဆောင်သော်လည်း လူကတော့ ပန်းပေပြီ။

ကိုသန်းမောင်တို့အိမ် ဝင်သည်နှင့် အောင်ပွဲခံ ပြန်လာသည့် ကျွန်တော်တို့အား ရွာသားများက အပြုံးဖြင့် ဆီးကြိုကြသည်။ သာဖန်ကလည်း သူ့ နိုးမိပါ သည်။ ပစ္စည်းပြန်ပေးပါမည်ဟု ညကတည်းက ဝန်ခံပြီးသား။

ကျွန်တော်တို့ သာဖန့်ကို ချည်ထားသော ကြိုးများ ပြန်ပြင်ချည်ပြီး မနားနိုင်သေး။ နတ်တလင်း ရဲစခန်းသို့ ဆက်လက် ချီတက်ခဲ့ရပါသည်။

နေ့လည် ၁၂-နာရီခန့်တွင် နတ်တလင်း စခန်းသို့ ပြန်လည် ရောက်ခဲ့ကြပါသည်။

"တကယ်တော့ဆရာ ကျွန်တော်ဟာ သူခိုးသက်သက်ပါ။ အဲဒီအိမ်ကို ခိုးတုန်းကလည်း နောက်ဖေးတပ်စည်းရိုးသာ ဖောက်ရတာပါ။ ကျန်တာကတော့ အိမ်ရှင် အဘွားကြီး တံခါးချက်ထိုးထား မကျတာကြောင့် အလွယ်တကူ ဝင်ရပြီး ဓိရိုသော့ကလည်း မပိတ်ဘဲ တန်းလန်း

ထားတာပါ။ ဒီတော့ အလွယ်တကူ တွေ့တဲ့ အိတ်ကို ဆွဲပြီး ပြန်ခဲ့ကြတာပါ။ ဘာရှိတယ်တော့ မသိဘူး ဆရာ။ လမ်းကျမှ ဖွင့်ပြီး ကြည့်တော့ အံ့ဩဖွယ် ကောင်းလောက်အောင် ပစ္စည်းတွေ တွေ့ရတာ။ ဒီတော့



သာဖန်တို့ စားရက်ကြံ့လို့ မုတ်ဆိတ် ပျားစွဲတာပေါ့ဆရာ။ ဒါပေမယ့် . . "

"ဒါပေမယ့် ဘာဖြစ်လဲ ကိုသာဖန်"

"ဘာဖြစ်ရမလဲ ဆရာ၊ ခုတော့ မုတ်ဆိတ်မှာ စွဲတဲ့ ပျားကို ဆရာက ဖွပ်လိုက်တော့ ကျွန်တော် ဝတ်ပြီး ထောင်နန်းစံရတော့မှာပေါ့။ ညက သာဖန် ပြောခဲ့သော စကားများကို သတိရရင်း မေးကာနဲ့ အိပ်ပျော်သွားတော့သည်။

ထို အိပ်ပျော်သွားချိန်တွင် ထိုခိုးမှုဖြင့် ကိုသာဖန်အား ထောင် ၄-နှစ် ကျ၍ ကံမြင့်ကို တရားခံပြေး ကြေညာပြီး တိုးမြင့်ကို စွဲချက်မတင်မီ တရားရှင် လွှတ်ကြောင်း ကျွန်တော် အိပ်မက်မြင်မက်ပါသည်။ ထို့နောက် ကျွန်တော် လန့်နိုးခဲ့ရသည်။ ထိုအချိန်မှာ ညနေ ၄-နာရီ ရှိပေပြီ။

ကျွန်တော် ပြုံးရင်း နှုတ်မှ တိုးတိုး ရေရွတ်လိုက်သည်။

"အင်း . . အိပ်မက်ဆိုတာ အပြင်မှာလည်း တိုက်ဆိုင်ပါက တစ်ကယ် ဖြစ်တတ်ပါသည်" ဟု။

(အမှားမြင်စေလိုသော ငံစေတနာဖြင့်)

ဧအောင်သီဟ

(ခ) သက်သေခံ အထောက်အထားအရ မသက်သာသူ တစ်ယောက်တွင် နှာခေါင်းကျိုးနေသည်ဟု ပါရှိရာ အဆိုပါ မှတ်တမ်းကာ များတွင် နှာခေါင်းကျိုးနေသူများကို ရှာဖွေကြည့်ရာ လူပေါင်း ၁၀-ယောက် တွေ့ရှိသော်လည်း ၃-ယောက်သာလျှင် ဖောက်ထွင်းမှု ကျူးလွန်သူများ ဖြစ်သည့်အတွက် ထို ၃-ဦးတို့၏ ရာဇဝင် စာချုပ်တွင် လိုက်လံ ရှာဖွေသည့်အခါ ဤအမှုတွင် လက်ပုံစံအရ စွဲဆိုနိုင်သူ သာဒွန်း ခေါ် အောင်ထွန်းနှင့် ဆက်သွယ်သူမှာ မြသာဆိုသူ ဖြစ်ကြောင်း တွေ့ရှိရပြန်သည်။

**မှတ်ပုံစာအုပ် ဌာနစိတ်**

လူဆိုးတို့၏ မှတ်ပုံများကို ဖြစ်မှုအလိုက်၊ လူမျိုးအလိုက်၊ အသက်အရွယ်အလိုက်-ခွဲခြားပြီး မှတ်ပုံစာအုပ်များ သီးခြားထားရှိသည်။

ဤအမှုအတွက် မသက်သာဖွယ် လူများကို လူများကို ပုံပန်းသဏ္ဍာန်ပေးပြီး မြင်လျှင် မှတ်မိသည် ဆိုသူ သက်သေခံ ၂-ဦး အား ခေါ်ယူပြီးလျှင် ညအခါ အိမ် ဖောက်ထွင်းခိုးသည့် မြန်မာလူမျိုး ၂၀-၂၅ အတွင်းရှိ လူဆိုးများ၏ မှတ်ပုံ ကပ်ထားပြီး မှတ်ပုံစာအုပ်ကို ထုတ်ပြရသည်။ သက်သေများသည် မှတ်ပုံများကို စိတ်အေးလက်အေးနှင့် အားနာမှု ကြောက်ရွံ့မှု မရှိဘဲ တည်ငြိမ်စွာ ရွေးချယ်ခြင်းဖြင့် ၎င်းတို့က သာဒွန်းခေါ် အောင်ထွန်းဆိုသူနှင့် ၎င်း၏ ယောက်ဖ မြသာတို့ကို ရွေးထုတ်စွဲဆိုလေသည်။ (ဤစနစ်ကို ရန်ကုန်ကဲ့သို့သော မြို့ကြီးများတွင် အထူး အကျိုး သက်ရောက်စွာ အသုံးပြုနိုင်သည်)

## ရာဇဝင် တချုပ်ဌာနစိတ်

လူဆိုးမြသာအား အမည်မာတိကာ၊ တချုပ်တွင် ဖော်ပြထား သည်နှင့် ရာဇဝင် တချုပ်ကို ရှာဖွေရာ ယခင်က မြေတလုပ် သမား လုပ်ခဲ့ဖူး၍ အလားတူ အမှုမျိုးဖြင့် အပြစ် ၃-ကြိမ် ကျဖူး ကြောင်း တွေ့ရှိရသည်။ ၎င်း၏ ပုံသဏ္ဌာန်တွင် ရှေ့သွားတစ် ချောင်း ကျိုးနေကြောင်းလည်း ပါရှိသည်။

ဤအမှုတွင် (က) လက်ပုံစံ ဌာနက လိမ္မော်ရည် ပုလင်း ပေါ်မှ လက်ပုံစံသည် ဦးမြ၏ သား သာဒွန်းခေါ် အောင်ထွန်း ၏ လက်ပုံစံနှင့် တူသည်ဟု ဖော်ထုတ်နိုင်သည်။

(ခ) ပြစ်မှု မာတိကာ ဌာနသည် ဤအမှုကို ကျူးလွန်ပုံ ကျူးလွန်နည်း အယောက်အထားများအရ အနီးစပ်ဆုံး တချုပ် ကို ရှာထားရာ လူ ၂၀-၏ တချုပ်များ ရထားသည်။ လက်ပုံစံ ဌာနမှ တွေ့ရှိချက်နှင့် စပ်ဟပ်ပြီး ထို ၂၀-အနက် သာဒွန်းခေါ် အောင်ထွန်း၏ တချုပ် ရှိ မရှိ ထပ်မံရှာရာ ၎င်း၏ တချုပ်ကို တွေ့ရှိပြန်သည်။

(ဂ) အမည် မာတိကာ တချုပ်များတွင် သာဒွန်းခေါ် အောင်ထွန်း အမည်နှင့် ရှာဖွေရာ တစ်ဖန် ထိုတချုပ်များ တွေ့ ရှိရသည်။ အမည်မာတိကာ တချုပ်၌ ၎င်း၏ ဓာတ်ပုံအမှတ် ရာဇဝင် တချုပ်အမှတ်တို့ကို ဖော်ပြထားသည်။

(ဃ) ရာဇဝင်တချုပ် မာတိကာများတွင် လိုအပ်သည့် မာတိကာကို အလွယ်နှင့် တွေ့ရှိပြီး ထိုရာဇဝင် တချုပ်တွင် သာဒွန်း၏ ယာခြေသန်း မရှိကြောင်းနှင့် ၎င်းနှင့် အထက်က အမှုများတွင် မြသာဆိုသူ ၎င်း၏ ယောက်ဖလည်း ၎င်းနှင့် ကြံ ရာပါ ပြစ်မှုအတူ ကျူးလွန်ခဲ့ဖူးကြောင်း တွေ့ရှိပြန်သည်။

(င) အမည်မာတိကာ ဌာနအား တစ်ဖန် မြသာအမည်ကို ရှာပြန်ရာ ထိုအမည်နှင့် ၎င်း မာတိကာ စာချပ်ကို တွေ့ရှိသည့်အတွက် ၎င်း၏ ရာဇဝင် စာချပ်ကို ဆက်လက် ရှာဖွေသည်တွင် ၎င်းသည် ယခင်က အလားတူ ပြစ်ချက် သုံးကြိမ် ရှိကြောင်း၊ ရှေ့သွားတစ်ချောင်း ကျိုးနေကြောင်းတို့ကို တွေ့ရှိရပြန်သည်။

(စ) ဓာတ်ပုံစာအုပ်များကို သက်သေ နှစ်ဦးအား ပြရာ ၎င်းတို့ နှစ်ယောက်သာ စွဲဆိုကြသည်။ သို့ဖြစ်၍ ဖောက်ထွင်းခိုးယူသူ လူဆိုးများသည် မည်သူမည်ဝါများ ဖြစ်ကြောင်း အတတ်သိပြီး ဖြစ်၍ မှတ်တမ်းရုံးက သက်ဆိုင်ရာ အမှုစစ် ရဲအရာရှိအား ဤအမှုကို သာဓွန်းခေါ် အောင်ထွန်း၊ ၎င်း၏ ယောက်ဖ မြသာတို့ ကျူးလွန်၍ ၎င်းတို့တွင် ပြစ်ချက်ဟောင်း မည်မျှ ရှိသည် ၎င်းတို့နှင့် အပေါင်းအသင်းများမှာ မည်သူ မည်ဝါဖြစ်၍ ပစ္စည်းများကို မည်သူမှ တစ်ဆင့် မည်ကဲ့သို့ ယခင်က ထုခွဲဖူးသည် စသည့် သဲလွန်စများကို ထိုင်ရာမထ ပေးစွမ်းနိုင်ခဲ့ပေသည်။

(ရဲမှူး ဦးကိုကို)

ဤဆောင်းပါးရှင် ရဲမှူး ဦးကိုကိုမှာ ၁၉၅၈-ခုနှစ်က မလေးရှား နိုင်ငံသို့ မှုခင်းမှတ်တမ်းရုံး လုပ်ငန်းများ လေ့လာခဲ့သလို ရန်ကုန် ရဲမင်းကြီးရုံး မှုခင်းမှတ်တမ်း ဌာနနှင့် အင်းစိန် စုံထောက်ဌာန တို့ မှတ်တမ်းရုံး တာဝန်ခံ အရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဤစာဆောင်းပါးမှာ ပြည်ထောင်စု ၃၉-ခုနှစ် ရဲကြေးမုံ မဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်းကို မှုခင်းဆိုင်ရာ လေ့လာစရာအဖြစ် ပြန်လည် ဖော်ပြခြင်း ဖြစ်ပါသည်။

(စီစဉ်သူ)

■ ကြီးသမားတစ်ဦး၏ ဝေဒနာ ခံစားမှုနှင့် 'စကျော်ပြည်သူ'၏ သံဝေဂ အမြင်
■ ဥပဒေကို သိချက်နှင့် ထမ်းကျင်ကျူးလွန်မိတဲ့ တက္ကသိုလ် မိန်းကလေးရဲ့ ဖွင့်ဟဝန်ခံချက်.
■ မန်းရှိဆရာစေသရုပ် နတ်ပြည်ရောက်တယ်ဆိုတဲ့ စကားကို ယုံတဲ့ 'မောင်ဒီ' ရဲ့ အတွေး
■ ရဲအယ်ဒီတာကြီးတွေနားမှာ တဲထွေးထွေးမှုတ်ခဲ့တဲ့ စာသူနိုးရဲ့ ကျွဲရှေ့ပေသာ ရက်လဲမှန်း.
■ မြစ်ရိုးမှန်ဝတ္ထုတစေမောင်းလို့ 'ထောင် ဆု' ရခဲ့တဲ့ စာရေးဆရာရဲ့ ကိုယ်ဘာတက် ကိုယ်ရှုံး.. ■ ချစ်သူကို မြှေမြင့် တိုက်သတ်သည့် အလွမ်ဆရာရဲ့ ဆရာမနိုင် နှစ်မောင်ပြိုင် တာလသိမ်း... ■ အစီမံမနှင့် မဟုရာသရစကြာင့် ပြည်သူရဲဝှ အလုပ်များခဲ့တဲ့ လောက အစွန်တော်မုံ.... ■ လွတ်မြောက်နေတဲ့လူသတ်ကောင်ကို အသတ်ခံရသူ ဝိညာဉ်က မှုလက်တပ်တဲ့ မြစ်ရုပ်ဆန်း... ■ ဟချစ်ခံးတောက်လောင် ခံရသမြှင့် ထိတ်လန့်ရော မှုခင်းကြီး ဖြစ်ပေါ်စေသည့် မိန်းမသား တမှုန်း... ■ တဲဒီလို တဲဒီလို မြှင့်ဆိုင်ဝေဆော စိတ်ဝင်စားစရာတွေနဲ့ အတူ....

နိုလေးမောင် စိစဉ်တည်းဖြတ်သည့်၊
မဂ္ဂဇင်း
ဓ အ ါ က် တို ဘ ါ လ ထု တ်

မိဘဝေဘာ

၈၁၈၂

**လူသေအလောင်းကို လက်ဖြင့် ပုတ်ကာ အမိန့်ပြန်ခဲ့သည့် ရဲကြပ်ကြီး တစ်ဦးကြောင့် ကြားရသူတိုင်း စိတ်ဝင်စားနေသည့် လျှို့ဝှက်သော မှုခင်းကြီးတစ်ခု အဆုံးသတ်ခဲ့ရသည် ဆိုလျှင် ယုံနိုင်ပါမည်လား။**

တကယ့်ဖြစ်ရပ်မှန်များသည် တစ်ခါတစ်ရံတွင် စိတ်ကူးယဉ် ဝတ္ထုထက် ဆန်းကြယ်တတ်ပုံကို ဖော်ညွှန်း၍ ယနေ့ စိတ်ယူးယဉ် ဝတ္ထုများဖြင့် ရိုးအီ ငြီးငွေ့နေပြီ ဖြစ်သော စာဖတ်သူတို့အတွက် သီးသန့် ရေးဖွဲ့ တင်ဆက်လိုက်သည့်.....



# နီလေးမောင်

တကယ့်ဖြစ်ရပ်မှန် လုံးချင်းဝတ္ထု



တစ်ချိန်သော ကာလက အင်းယားကန်၏ ရေပြင်အလယ်တွင် ချစ်သူမောင်နှံတို့ နားခိုရာ အေးချမ်း ဆိတ်ငြိမ်သည့် ကျွန်းကလေး တစ်ကျွန်း လူသိရှင်ကြား ရှိခဲ့ဖူးပါသည်။ ဤဝတ္ထုသည် စာဖတ်သူအား ထိုကျွန်းကလေးပေါ်သို့ ခေါ်ဆောင်သွားပါမည်။ ထိုကျွန်းကလေးပေါ်မှ ပဲ့တင်ထပ်ဟမည့် တီးတိုးသံ၊ ရင်ခုန်သံ၊ ပင့်သက်ချသံ၊ ရှိုက်ငင်ငိုကြွေးသံ၊ ပျော်ရွှင်ရယ်မောသံများနှင့်အတူ တစ်ခါက သတင်းစာ အစောင်စောင်တွင် ဖော်ပြခဲ့ရသည့် ရင်နင့် ကြေကွဲဖွယ်ကောင်းသလောက် ထိတ်လန့်ချောက်ချားဖွယ်ရာ ရှိသည့် ဖြစ်ရပ်ကြီး တစ်ခုသည် နိုးထလာပါလိမ့်ဦးမည်။

## “ချစ်သူကျွန်း”

သည် ယနေ့ လူငယ်များ၊ မိဘအုပ်ထိန်းသူများ၊ ဆရာသမားများကိုသာ ရည်ညွှန်းသည် မဟုတ်သေး။ ခေတ်တစ်ခေတ်၏ သရုပ်ကို ဖော်ထုတ်ရန် ကြိုးပမ်းချက်လည်း ဖြစ်သည်ဟု စာရေးသူက ဆိုထားသည်။ စာဖတ်သူ၏ အဆုံးအဖြတ်ကိုခံယူဖို့ ထွက်လာပါတော့မည်။

(နယ်ကိုယ်စားလှယ်ကြီးများ လိုအပ်သော ခေါင်းရေ ကြိုတင် မှာကြားနိုင်ပါပြီ။)

ဖြန့်ချိရေး

ကောင်းကင်ပြာစာပေ

၂၂၇/၉၊ ရန်ကင်း၊ ရန်ကုန်မြို့။




ဟောက်ဆိုင်ခံ့ပါကိုကျွန်မလျှင်(၁၇)ဦးတင်မိုး ဦးပါသွားသည်
အကြွေးဆေးကျွန်မ မင်းရှိ (ကာတွန်း)